# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၃)


# မြန်မာ အမျိုးသား ရေဥပဒေကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေးဆွဲလျက်ရှိ

## မြန်မာနိုင်ငံ၏ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia – Pacific Water Summit – 3rd APWS) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

တတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အာရှ -ပစိဖိတ် ဒေသတွင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရေနှင့်ဆက်နွှယ်သော ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အချိန်အခါသင့်**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် မကြာသေးမီက (၇၂) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❄

❒ ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် အခြေခံ တစ်ကိုယ်ရေသန့်ရှင်းမှု ရရှိနိုင်ခြင်းမရှိ၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာစိုးရိမ်ဖွယ်ရာဖြစ်၊ ၂၀၅၀ ပြည့်နှစ်တွင် အာရှလူဦးရေ၏ ၃ ဒသမ ၄ ဘီလီယံခန့်သည် ရေနှင့် စပ်လျဉ်း၍ အခက်အခဲရှိသည့် နေရာများ၌ နေထိုင်ရလိမ့်မည်ဟု ခန့်မှန်းရ

**ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

စာ » ၃

**ဓာတုမြေသြဇာ အသုံးပြုမှုများနှင့် ကျန်းမာရေးပြဿနာများ**

စာ » ၆

**မောင်တောမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ**

စာ » ၁၀


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# မြန်မာ-ဒိန်းမတ် နားလည်မှုစာချွန်လွှာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ပထမခြောက်လကာလအတွင်း အထည်ချုပ်လုပ်ငန်းကဏ္ဍမှ ပြည်ပသို့ တင်ပို့ခဲ့သည့် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိကြောင်း သိရှိရပါသည်။ ဤကိန်းဂဏန်းအချက်အလက်ကို ကြည့်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၌ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အရေးပါပုံကို မှန်းဆနိုင်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပို့ကုန် မဟာဗျူဟာတိုးတက်ရေးစီမံချက်၌ အထည်ချုပ်လုပ်ငန်းကို ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ တခြားအရေးပါသောအချက်မှာ အမျိုးသမီးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးနိုင်ခြင်း ဖြစ်ပါသည်။ ဤအချက်က တိုင်းပြည်၏ လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတစ်ရပ်ကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

ဤမျှ အရေးကြီးသော အထည်ချုပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဒိန်းမတ်နိုင်ငံက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းသည် ကြိုဆိုရမည့် မင်္ဂလာရှိသော ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ပိုမိုခိုင်မာကောင်းမွန်သော အလုပ်အကိုင်များ ဖန်တီးရေးကို ဆောင်ရွက်မည် ဖြစ်သကဲ့သို့ တန်ဖိုးမြင့် ထုတ်ကုန်များ စဉ်ဆက်မပြတ်တိုးတက်ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤကဲ့သို့ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရမည်သာမက အထည်ချုပ်လုပ်သားတို့၏ လူမှုဘဝ မြင့်မားရေးကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့မှသာ လူမှုရေးတရားမျှတမှုနှင့် တည်ငြိမ်မှုကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒိန်းမတ်နိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာ၌ လုပ်ငန်းခွင်အခြေအနေ ပိုမိုတိုးတက်ရေးနှင့် အထည်ချုပ်လုပ်သားတို့၏ လူမှုဘဝတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းမှုတို့ ပိုမိုပြုလုပ်ရေးတို့ကို ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

ဒိန်းမတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းအား ချုပ်ခစားစနစ် (CMP)မှ အစအဆုံး အလုံးစုံကိုယ်တိုင်စီမံခန့်ခွဲထုတ်လုပ်သည့် စနစ်သို့ ကူးပြောင်းနိုင်ရေးကို ပံ့ပိုးကူညီပေးနိုင်မည်ဟု ယူဆပါသည်။ အထည်ချုပ်လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းအရပ်ရပ် စုစည်းဝယ်ယူခြင်းမှသည် အသင့်ဝတ်အထည်တို့ တင်ပို့နိုင်သည်အထိ မြန်မာ့အထည်ချုပ်လုပ်ငန်းတို့က စွမ်းဆောင်နိုင်ပါက အထည်ချုပ်လုပ်ငန်း၏ ပို့ကုန်တန်ဖိုးကို သိသိသာသာမြင့်မားစေမည် ဖြစ်ပါသည်။ ဤကဲ့သို့ ပို့ကုန်တန်ဖိုးမြင့်မားလာပါက တိုင်းပြည်၏ ကုန်သွယ်ရေး လိုငွေ ကျဆင်းရေးကို ပံ့ပိုးဖြစ်ပေါ်စေပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားကောင်းတစ်ရပ်ကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထည်ချုပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိန်းမတ်နိုင်ငံနှင့် ချုပ်ဆိုသော နားလည်မှုစာချွန်လွှာကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ပန်းကလေးများလှုပ်ရှားမှု ကလေးအားကစားပြိုင်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

**ရှားတော ဒီဇင်ဘာ ၁၁**

ကလေးများ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာစေရန် ရည်ရွယ်ချက်ဖြင့် ကလျာဏမိတ္တဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော သံလွင်၏ ပန်းကလေးများလှုပ်ရှားမှု ကလေးအားကစားပြိုင်ပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက်က ရှားတောမြို့နယ် စလောင်းကျေးရွာတွင် ကျင်းပသည်။

ကလေးအားကစားပြိုင်ပွဲကို စလောင်းအခြေခံပညာမူလ တန်းကျောင်း၌ ကျင်းပရာ အဆိုပါ စလောင်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းမှ ကျောင်းသားကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းနောက် စလောင်း ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စာပေဟောပြောပွဲကို ဆက်လက် ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်မြို့မှ ကာတွန်းဆရာ အော်ပီကျယ်နှင့် ဒေသခံစာရေးဆရာ စိုးညွန့်ဝေ (လှိုင်ကော်) တို့က သဘာဝပတ်ဝန်းကျင်နှင့် စာပေဆိုင်ရာ အကြောင်းအရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။

ကြီးမြင့်နိုင် (လှိုင်ကော်)

## အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ် (၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်) အင်္ဂါနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ လည်းကောင်း၊ သဘောရေးဖြေပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များ၊ စာပြန်၊ စာဖြေ သံဃာတော်များ စုစုပေါင်း ၃၅၆ ပါးခန့် ကြွရောက်မည် ဖြစ်သဖြင့် သံဃာတော်များ ဝေယျာဝစ္စအတွက် အလှူငွေများ လှူဒါန်းလိုပါက ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်တွင် အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သာယာဓမ္မာရုံ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် စာရေးတံမဲ ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက်လုံးဆိုင်ရာ ပြည်သာယာဓမ္မာရုံ နှစ် ၅၀ ပြည့် ရွှေရတု အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နဝကမ္မစာရေးတံမဲကပ်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင်လမ်းနှင့် ပြည်တော်အေးလမ်းကြားရှိ ပြည်သာယာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သံဃနာယကဆရာတော်များထံ ဓမ္မာရုံအမှုဆောင်များနှင့် တက်ရောက်လာကြသူများက သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာ ၂၁၃ ပါးတို့အား ရပ်ကွက်အတွင်းနေ ပြည်သူများက ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။



လှူဒါန်းမှု အစုစုတို့အတွက် သံဃာတော်အပါး ၅၀ တို့အား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုနှင့် နေ့ဆွမ်းဆက်ကပ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အောင်ပွဲအထိမ်းအမှတ် စတုဒိသာကျွေးခြင်းနှင့် မြန်မာ့ရိုးရာခြင်းအလုခတ် ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ကာ ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီတွင် အောင်ပွဲအထိမ်းအမှတ်အဖြစ် ဘောက်ထော်ဈေးရှေ့၌ သီးလေးသီးအငြိမ့်ဖြင့် ပြည်သူများအား ညှော်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

## ဂန့်ဂေါ - အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူးတံတား ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၁**

ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၁၃၉/၁ နှင့် ၁၃၉/၂ ကြား ဂန့်ဂေါမြို့မြို့မရပ်ကွက်မှ အနောက်ဂန့်ဂေါကျေးရွာသို့ ဖြတ်ကူးမည့် မြစ်သာမြစ်ကူး သံကူကွန်ကရစ်တံတား ဆောက်လုပ်ရန် တွင်းတော်သွင်းမင်္ဂလာပန္နက်တင် အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က မြစ်သာမြစ် အနောက်ဘက်ကမ်း၌ ပြုလုပ်ခဲ့သည်။

မင်္ဂလာပန္နက်တင်အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ဂန့်ဂေါမြို့ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းအောင်တို့နှင့် ရပ်မိရပ်ဖများက မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးခဲ့ကြပြီး ဆက်လက်၍ Bored Pile စတင် ရိုက်သွင်းခဲ့သည်။

တံတားကို တံတားခန်းဖွင့် ပေ ၁၀၀ (မီတာ ၃၀) × ၈ ခန်းဖြင့် တံတားအရှည် ပေ ၈၀၀၊ ရေလမ်းကင်းလွတ်အရှည် ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ အမြင့်ကိုးပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင်သုံးပေ၊ Plate Girter သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းပါ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့-၃ က ဆောက်လုပ်ခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းတန်ဖိုး တံတား ငွေကျပ်သန်း ၃၀၀၈၊ လမ်း ငွေကျပ်သန်း ၅၀၀ ဖြစ်ပြီး ရန်ပုံငွေရရှိမှု ငွေကျပ်သန်း ၂၂၆၃ ဖြင့် စတင်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီး ပြီးစီးသွားပါက မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ချင်းပြည်နယ် မတူပီမြို့နယ်ဒေသသို့ ဆက်သွယ်သွားလာမှု လွယ်ကူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၁-၁၂-၂၀၁၇

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၅၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၈ ·၇ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၈ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ ·၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံသို့ တက်ရောက်လာသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ( The 3rd Asia –Pacific Water Summit – 3rd APWS) သို့ တက်ရောက်လာသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ သီးခြားစီတွေ့ဆုံသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံမှ **Minister of Land, Infrastructure, Transport and Tourism H.E. Mr. Keiichi Ishii** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံမှ **Minister of state and Housing and Urban Affairs H.E. Hardeep Singh Puri** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Senior Minister and National Security Advisor , Former President H.E. Mr. Jose Ramos – Horta အား နံနက် ၁၀ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံမှ Minister of Land , Infrastructure , Transport and Tourism H.E.Mr.Keiichi Ishii နှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံမှ Minister of state and Housing and Urban Affairs H.E.Hardeep Singh Puri နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာ ဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သက်ဆိုင်ရာနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ( The 3rd Asia –Pacific Water Summit – 3rd APWS) သို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံမှ H.E. Mr. Keiichi Ishii၊ Minister of Land, Infrastructure, Transport and Tourism နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဂျပန်နိုင်ငံမှ **H.E. Mr. Keiichi Ishii၊ Minister of Land, Infrastructure , Transport and Tourism** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စု အစိုးရအဖွဲ့သည် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်ကျော်ဟန် ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် သုတေသန၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာများဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ခ) | ဒေါ်သန်းသန်းဆွေ ညွှန်ကြားရေးမှူးချုပ် စာရင်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) | ဒေါ်မြင့်မြင့်ကြည် ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် စာရင်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဃ) | ဦးဝင်းသော် ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|---|
| (က) | ဦးနီအောင် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခ ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ် အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးနိုင်ဆွေဦး ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ခ) | ဦးခင်မောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ဂ) | ဦးမောင်မောင်အုန်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် အိမ်တော်များဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ဃ) | ဦးဝင်းနိုင်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် လုံခြုံရေးအရာရှိချုပ်ဌာနကြီး နိုင်ငံတော်သမ္မတရုံး |

✻ ရှေ့ဖုံးမှ

၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ် ၁၀ နှစ်တာ ကာလအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေခေါင်းစဉ်ဖြင့် အကောင်အထည်ဖော်ရေး ကာလအဖြစ် သတ်မှတ်ခဲ့ရာ ယခုညီလာခံ ကျင်းပသည့် ကာလသည် အလွန်ပင် အချိန်အခါသင့် ပါကြောင်း။

**မိတ်ဖက်ဆက်ဆံမှု တိုးမြှင့်**

အဆိုပါဆယ်စုနှစ်၏ ရည်မှန်းချက်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ ရေအရင်းအမြစ်များအပေါ် ဘက်စုံစီမံခန့်ခွဲမှု၊ နိုင်ငံတကာမှ သဘောတူချမှတ်ထားသော ရေနှင့်သက်ဆိုင်သည့် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် အဆင့်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်သွားရန် ဖြစ်ပါကြောင်း။

ယခုညီလာခံသည် ရေနှင့် ဆက်နွယ်သည့် လုပ်ငန်းများမှ ရရှိခဲ့သော ကောင်းမွန်သည့် အတွေ့အကြုံများ ဖလှယ်ခြင်း၊ ဘက်စုံရေစီမံခန့်ခွဲမှုအတွက် အကြံဉာဏ်ကောင်းများ ဖော်ထုတ်ခြင်းတို့အတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါကြောင်း။

**များစွာစိုးရိမ်ဖွယ်ရာဖြစ်**

ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် အခြေခံ တစ်ကိုယ်ရေသန့်ရှင်းမှုရရှိနိုင်ခြင်း မရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာစိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် အာရှလူဦးရေ၏ ၃ ဒသမ ၄ ဘီလီယံခန့်သည် ရေနှင့် စပ်လျဉ်း၍ အခက်အခဲရှိသည့် နေရာများ၌ နေထိုင်ရလိမ့်မည်ဟု ခန့်မှန်းရပါကြောင်း၊

အာရှ-ပစိဖိတ်ဒေသမှ လူဦးရေသန်း ၃၃၀ ခန့်သည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ အောက်သာ ရရှိသော အလုပ်များကို လုပ်ကိုင်နေရပြီး လူဦးရေသန်း ၃၀၀ ခန့်မှာ သန့်ရှင်းသော သောက်ရေရရှိခြင်း မရှိပါကြောင်း၊ ထို့အပြင် ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသော ဓာတ်ငွေ့ထုတ်လွှတ်မှုသည် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားလာကြောင်း၊ အဆိုပါအချက်များသည် ဒေသတစ်ခုလုံးအတွက် ပြုပြင်ရမည့် အချက်များ ဖြစ်ပါကြောင်း။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ထိထိရောက်ရောက် တုံ့ပြန်**

အာရှ- ပစိဖိတ်ဒေသသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ် အထူးပြောဆုံး ဒေသဖြစ်ရာ ညီညွတ်မှုဖြင့် ကြံ့ကြံ့ခံ တုံ့ပြန်ကြရန် တွန်းအားပေးသကဲ့သို့ ရှိပါကြောင်း၊ သို့ရာတွင် နိုင်ငံအသီးသီးမှ ကွဲပြားခြားနားသော အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းနိုင်ငံများက စုစည်းညီညွတ်သော အစီအစဉ်များ ချမှတ်နိုင်မှသာလျှင် ရေနှင့်စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း။

**ထိခိုက်ပျက်စီးမှုများ လျှော့ချ**

လူတိုင်းအတွက် ရေသည် မရှိမဖြစ်လိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ရေကြောင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချပြီး ရေကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် အချက်နှစ်ချက်ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပထမအချက်မှာ ရေကို အခြေခံသည့် စီးပွားရေးကို ဖန်တီးသွားရန် ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ရေနှင့် ဆက်နွယ်သော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှု၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များစွာရှိသည့်အပြင် ရေအားမှလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုလည်း များပြားပါကြောင်း၊ သို့ရာတွင် ရေအရင်းအမြစ်များပြားခြင်းသည် ရေသယံဇာတ ရှားပါးမှုမရှိဟု ဆိုလိုခြင်း မဟုတ်ပါကြောင်း၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့် နေရာတွင် လုံလောက်သောရေ မရရှိခြင်းဖြစ်ပါကြောင်း၊ အဓိကမှာ မိုးရွာသွန်းမှုမညီမျှခြင်း၊ ပြောင်းလဲလာသည့် ရေသယံဇာတ အခြေအနေများနှင့် ရာသီဥတု ပြောင်းလဲမှုတို့ကြောင့် ဖြစ်ပါကြောင်း။

**ရေလိုအပ်ချက် မြင့်မားလာ**

လူဦးရေများပြားလာမှုနှင့် မြို့ပြဖွံ့ဖြိုးလာမှုတို့ကြောင့်လည်း မြန်မာနိုင်ငံ၏ မြို့များတွင် ရေလိုအပ်ချက် မြင့်မားလာပါကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့်လည်း ကျေးလက်ဒေသများတွင် ရေလိုအပ်ချက် မြင့်တက်လာပါကြောင်း၊ အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များကြောင့်လည်း မြန်မာနိုင်ငံ၏ ရေသယံဇာတအရင်းအမြစ်များအပေါ် ဖိအားများ ဖြစ်ပေါ်လာပါကြောင်း၊ ရေရရှိရန်အတွက် စွမ်းအင်လိုအပ်သကဲ့သို့ စွမ်းအင်ထုတ်ယူရန် အတွက်လည်း ရေလိုအပ်ပါကြောင်း၊ အစားအစာ ဖူလုံရေးသည်လည်း ရေနှင့်စွမ်းအင်ရရှိနိုင်မှုအပေါ် မူတည်လျက်ရှိပါကြောင်း၊ ရေသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်မှာ ထင်ရှားလာပါကြောင်း။

**အရေးကြီးသည့် တာဝန်ကြီးနှစ်ရပ်**

မြန်မာနိုင်ငံသည် Myanmar National Water Law ကို ကမ္ဘာ့ဘဏ် အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားရေအရင်းအမြစ်ကော်မတီသည် ရေအခြေခံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များ လျော့ပါးရေးဟူသည့် အရေးကြီးသည့် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်လျက်ရှိပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်**

အစိုးရအနေဖြင့် ရေနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် လုံခြုံရေးကောင်းမွန်မှုရှိစေရန်နှင့် လိုအပ်သည့် မူဝါဒ၊ ဥပဒေမူဘောင်များ ဖွံ့ဖြိုးစေရန်တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း။

ယခုရေညီလာခံမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်အနာဂတ် မူဝါဒလမ်းပြမြေပုံအတွက် ရေသယံဇာတဖူလုံမှုဆိုင်ရာ အရေးကြီးသည့် ဆွေးနွေးညှိနှိုင်းချက်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပါဝင်ပတ်သက်သူအားလုံး၏ နိုင်ငံရေးဆန္ဒ၊ အားပေးကူညီမှုတို့ကြောင့် အာရှနှင့်ပစိဖိတ်ဒေသတွင်း ရေသယံဇာတဖူလုံမှုကို အောင်မြင်စွာရရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုရူးသမ္မတနိုင်ငံသမ္မတ (President of the Republic of Nauru) H.E.Mr. Baron Waqa နှင့် President of the APWF Mr.Yoshiro Mori ကိုယ်စား Vice President of Japan Water Forum Mr. Yoshinori Imai တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညီလာခံသို့ တက်ရောက်လာကြသည့် အာရှ- ပစိဖိတ်ဒေသတွင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည်။

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ကြသည်။

ပထမအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ထိုင်းနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်မြောက် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

**သတင်းစဉ်**


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်များအရ အနောက်ဘင်္ဂလားကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားဒေ့ရှ်ကမ်းခြေအနီးမှ ရွေ့လျားဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ရေစနစ်များအား ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းသည် နိုင်ငံတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် အရေးကြီး

## တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ



တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပစဉ်။ သတင်းစဉ်

ရန်ကုန် ဒီဇင်ဘာ ၁၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ (The 3rd Asia – Pacific Water Summit – 3rd APWS) ကို ယနေ့နံနက် ၁၁ နာရီ က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် ရေသည် အသက်ရှင်သန်မှုနှင့် ဂုဏ်သိက္ခာအပြင် အစားအစာထုတ်လုပ်ရေး၊ ရေကြောင်းဆက်သွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စက်ရုံသုံး၊ အိမ်သုံးများအတွက်လည်းကောင်း၊ ငါးဖမ်းလုပ်ငန်းများအတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းများအစရှိသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးအတွက် အသွင်အမျိုးမျိုးဖြင့် ဝင်ငွေရနိုင်စေသည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့၏ အသက်ရှင်ဖြစ်တည်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်၏ အခြေခံကျသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များသည် မိမိတို့၏ အသက်များ၊ ချမ်းသာကြွယ်ဝမှုများနှင့် ပိုင်ဆိုင်မှုများကို ခြိမ်းခြောက်လျက်ရှိ



တီမောလက်စ်တေနိုင်ငံမှ
**Mr. Jose Ramos – Horta**



ဂျပန်နိုင်ငံမှ
**Mr.Keiichi Ishii**



လာအိုနိုင်ငံမှ
**Mr. Sommad Pholsena**

ပြီး GDP ၏ နိုင်ငံအစိတ်အပိုင်းတစ်ခုတို့တွင် စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါကြောင်း။

**ဆက်နွှယ်နေ**

ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်မာပြည်သူလူထုတို့၏ လူနေမှုဘဝ ဆက်လက်ကောင်းမွန်စေရေးတို့သည် မိမိတို့၏ ရေအရင်းအမြစ်ဖွံ့ဖြိုးစေမှု၊ ရေအသုံးချမှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှု၊ ရေနှင့် ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်မှုတို့အပေါ်တွင် များစွာ မှီတည်လျက်ရှိပါကြောင်း၊ ရေကဏ္ဍသည် ၎င်း၏ကဏ္ဍအတွက် အရေးပါသကဲ့သို့ အခြားသောကဏ္ဍများနှင့်လည်း နီးကပ်စွာ ဆက်နွှယ်နေပါကြောင်း။

မြန်မာနိုင်ငံသည် ယေဘုယျအားဖြင့် လူဦးရေအရ လည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရန်အတွက် လည်းကောင်း၊ လုံလောက်သော ရေအရင်းအမြစ်ရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ လက်တွေ့၌မူ အာရှ-ပစိဖိတ်ဒေသရှိ မိတ်ဆွေနိုင်ငံများကဲ့သို့ ရေနှင့်ဆက်နွှယ်သည့် ပြဿနာများကို ခံစားနေရပါကြောင်း၊ ရေအများအပြားရှိခြင်း၊ ရေရရှိနိုင်မှုနည်းပါးခြင်း၊ မသန့်ရှင်းသော ရေများရှိနေခြင်း စသည့်ပြဿနာများ ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် လိုအပ်သကဲ့သို့ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများမှ စုပေါင်းဆုံးဖြတ်သည့် မူဘောင်တစ်ခုဖြင့် ထိရောက်ကောင်းမွန်သော ရေသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေသိုလှောင်မှု၊ ဝန်ကြီးဌာနအလိုက် မျှတစွာ ရေခွဲဝေသုံးစွဲမှု၊ ဖွံ့ဖြိုးပြီး တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဖွံ့ဖြိုးဆဲ တိုင်းဒေသကြီး၊ ပြည်နယ်များ မျှတမှန်ကန်သော ရေနှင့်ဘတ်ဂျက် ခွဲဝေသုံးစွဲမှုတို့ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း။

**ပြင်ဆင်ထားရှိ**

မြန်မာနိုင်ငံသည် လျှော့ဒဏ်များ မကြာခဏခံစားရလေ့ရှိပြီး ရေနှင့် ဆက်နွှယ်သော ပြင်းထန်သော ရာသီဥတုများဖြစ်သည့် ဆိုင်ကလုံးမုန်တိုင်းများ၊ ကာလရှည်ကြာ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်းတို့သည် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့်အပြင် မြေပြိုခြင်းကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ရေအရည်အသွေးထိန်းသိမ်းမှုနှင့် ရေဆိုး ရေညစ် စီမံခန့်ခွဲမှုတို့ကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ရေနှင့်သက်ဆိုင်သော ပြဿနာအများအပြားရှိပြီး စိန်ခေါ်မှုများကိုလည်း အခြားသော အာရှ-ပစိဖိတ် ဒေသရှိနိုင်ငံများကဲ့သို့ ရင်ဆိုင်နေရပါကြောင်း၊ ညီလာခံတွင် ဆွေးနွေးမည့်ခေါင်းစဉ် ၁၀ ခုသည် မြန်မာနိုင်ငံနှင့်တကွ မိတ်ဖက်နိုင်ငံများကိုပါ များစွာအကျိုးဖြစ်ထွန်းစေလိမ့်မည်ဖြစ်ပါကြောင်း၊ ယင်းတို့မှ ရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့ ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်စေရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုကဏ္ဍခေါင်းစဉ်ဖြင့် ကူညီအကျိုးပြုနိုင်ရန် ပြင်ဆင်ထားရှိပါကြောင်း။

နောက်ဆုံးအကြိမ် ကမ္ဘာ့စီးပွားရေး Forum အရ ရေနှင့်ပတ်သက်သည့် အန္တရာယ်သည် တတိယမြောက် ကမ္ဘာ့အန္တရာယ်တွင် တည်ရှိနေပြီး ယင်းတွင် နိုင်ငံအများအပြား ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည်လည်း ၎င်းအန္တရာယ်ထဲတွင် ပါဝင်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာသည် လက်ရှိထောက်ပံ့သော ရေပမာဏ၏ ၄၀ ရာခိုင်နှုန်းနှင့်အထက် ပိုမိုလိုအပ်မည် ဖြစ်ပါကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်း ပိုမိုလိုအပ်လိမ့်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရေပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို လိုအပ်ပါကြောင်း၊ ရေလုံခြုံရေးခေါင်းစဉ်၏ ရှုထောင့်မှနေ၍ ရေထိရောက်စွာ သုံးစွဲမှုအတွက် မဟာဗျူဟာကျသည့် ကဏ္ဍမှာ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာသည်နှင့်အမျှ မြစ်ရေလျှံမှုအန္တရာယ် တိုးပွားလာခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ၏ လမ်းကြောင်းပြောင်းခြင်း၊ ပမာဏပိုမိုကြီးလာခြင်းနှင့် ကာလကြာရှည် မိုးခေါင်ရေရှားဖြစ်ခြင်းတို့သည် ရေအရင်းအမြစ်စီမံခန့်ခွဲရေးအရင်းအမြစ်အတွက် စီမံကိန်းများ ချမှတ်ခြင်းနှင့် ယင်းစီမံကိန်းတို့ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းတို့အတွက် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်လာစေပါကြောင်း၊ သို့သော်လည်း နိုင်ငံ GDP တိုးရန်အတွက် စိုက်ပျိုးရေးကဏ္ဍ တစ်ခုတည်းဖြင့်လည်း မဖြစ်နိုင်သောကြောင့် အရေးကြီးသော ဒေသများကို သာ နိုင်ငံဖွံ့ဖြိုးမှုအစီအစဉ်ထဲတွင် ခွဲတမ်းချဆောင်ရွက်နေပါကြောင်း။

**အဓိကနည်းလမ်း**

နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍသို့ ရုတ်တရက်ကူးပြောင်းရာတွင် လက်ရှိရေဆိုင်ရာ စက်မှုလုပ်ငန်းများ ယှဉ်ပြိုင်မှုတိုးတက်လာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုများအား ပြန်လည်ပြုပြင်ခြင်းများ ပိုမိုဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက ငွေကြေးမြှုပ်နှံမှုသည် ရေအခန်းကဏ္ဍတစ်ခုလုံးအား အုပ်ချုပ်မှုနှင့် ထိရောက်မှု တိုးတက်စေရန်အတွက် အဓိကနည်းလမ်းတစ်ခု ဖြစ်ပါကြောင်း။



မလေးရှားနိုင်ငံမှ
**Dr. Maximus Johnity Ongkili**



အိန္ဒိယသမ္မတနိုင်ငံမှ
**H.E Hardeep Singh Puri**



ထိုင်းနိုင်ငံမှ
**General Surasak Karnjanarat**



ဘရူနိုင်းနိုင်ငံမှ
**Mr. Suhaimi Gafar**

ရေစနစ်များအား ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းသည် နိုင်ငံတိုင်းအတွက် အခြေခံအကျဆုံး ရည်မှန်းချက်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောအချက်ပင် ဖြစ်ပါကြောင်း၊ ပြည့်စုံကောင်းမွန်သော ရေအရင်းအမြစ် စနစ်ဆီသို့ ရောက်ရှိနိုင်ရန်အတွက် မျိုးဆက်သစ် ရေဘက်ဆိုင်ရာ ခေါင်းဆောင်မှုများနှင့် အတူတကွ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building) သည် မရှိမဖြစ်အရေးပါပြီးစိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန်နှင့် နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးမဟာမိတ်များဖွဲ့စည်းရန် လိုအပ်ပါကြောင်း။

ယခု တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံမှ ထွက်ပေါ်လာသော အကျိုးရလဒ်များသည် ဒေသတွင်း ရေလုံခြုံရေးအတွက် အမျိုးသားရည်မှန်းချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်အား အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဓိပ္ပာယ်ပြည့်ဝသော "ရန်ကုန်ကြေညာချက်စာတမ်း"ကို ကျွန်ုပ်တို့၏ ယေဘုယျအမြင်များနှင့် အခြေအနေများအတိုင်း ထုတ်ဝေနိုင်ရန်အတွက် အကျိုးဖြစ်ထွန်းသော ဆွေးနွေးချက်များ ပေါ်ထွန်းလာစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Senior Minister and National Security Advisor , Former President H.E. Mr. Jose Ramos – Horta၊ ကမ္ဘောဒီးယားနိုင်ငံမှ Minister of Water Resources and Meteorology H.E. Mr. Lim Kean Hor၊ ဂျပန်နိုင်ငံမှ Minister of Land , Infrastructure , Transport and Tourism H.E.Mr.Keiichi Ishii၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Minister of Natural Resources and Environment H.E.Mr. Sommad Pholsena၊ အိန္ဒိယသမ္မတနိုင်ငံမှ Minister of state and Housing and Urban Affairs H.E.Hardeep Singh Puri၊ မလေးရှားနိုင်ငံမှ Minister of Energy Green Technology and Water , H.E. Dr. Maximus Johnity Ongkili၊ ထိုင်းနိုင်ငံမှ Minister of Natural Resources and Environment H.E. General Surasak Karnjanarat နှင့် ဘရူနိုင်းဒါရုစလမ်နိုင်ငံမှ Acting Minister of Development H.E. Mr. Suhaimi Gafar တို့က အမှာစကား ပြောကြားကြသည်။

**ဆွေးနွေး**

မွန်းလွဲပိုင်းတွင် အာရှ-ပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ရေသံသရာလည်ပုံကို ပြန်လည်ရှင်သန်စေရန် မိုးရေစုဆောင်းခြင်းနှင့် မြေအောက်ရေစီမံခန့်ခွဲခြင်း၊ ရေရှည်တည်တံ့နိုင်မည့် မြို့ပြရေပေးဝေရေးစနစ် စီမံအုပ်ချုပ်မှု၊ ပိုမိုကောင်းမွန်သော ရေစီမံအုပ်ချုပ်မှု သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သော ရေဘက်စုံစီမံခန့်ခွဲမှုနှင့် ရေစီမံအုပ်ချုပ်မှု လက်တွေ့အကောင်အထည်ဖော်ဆောင်ရာမှ ကောင်းမွန်သော ဥပမာများကို တင်ပြခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရေဘေးအန္တရာယ်များကို တောင်ပေါ်မြေမြင့်အရပ်မှ ပင်လယ်ထဲရှိ ကျွန်းများဆီအထိ ခြုံငုံလေ့လာခြင်း၊ ရေ၊ စွမ်းအင်၊ အစားအစာ၊ ဂေဟစနစ်တို့၏ပတ်သက်ဆက်နွှယ်မှုကိုလေ့လာခြင်း၊ သန့်ရှင်းရေးနှင့် ရေဆိုးများကို စနစ်တကျ စီမံခန့်ခွဲခြင်းကို ပိုမိုတိုးတက်အောင် ပြုလုပ်ခြင်း၊ ရေဖူလုံမှုရရှိရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် လူငယ်တို့၏ အခန်းကဏ္ဍ စသည့် ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

**ဂုဏ်ပြုညစာ တည်ခင်း**

ညပိုင်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia – Pacific Water Summit – 3rd APWS) သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲကို တက်ရောက်သည်။

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဓာတုမြေဩဇာအသုံးပြုမှုများနှင့် ကျန်းမာရေးပြဿနာများ

ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)

လေထုလွှာကိုညစ်ညမ်းစေမှုများတွင် ရုပ်ကြွင်းလောင်စာများဖြစ်သော ရေနံနှင့် ဆက်စပ်သော လောင်စာများသုံးစွဲမှုများကြောင့် သာမက လယ်ယာလုပ်ငန်းများကြောင့်လည်းဖြစ်စေနိုင်ကြောင်း သိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများမှထုတ်လွှတ်သောအမှုန်အမွှားများကလည်း လေထုညစ်ညမ်းစေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း Max Planck Institute for Chemistry in Mainz, Germany ဂျာမနီနိုင်ငံ မိမ်းဇ်မြို့ရှိ မက်စ် ဓာတုအင်စတီကျုမှ သိပ္ပံပညာရှင်တို့၏ လေ့လာမှုများအရသိရပါသည်။ အထူးသဖြင့် ဥရောပနှင့် မြောက်အမေရိကတို့ရှိ လေထုထဲမှ fine particle concentration သေးငယ်သောအမှုန်များ သိပ်သည်းစွာပါဝင်နေမှုကို၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးသောမြေဩဇာနှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများမှထွက်လာသည့် အမိုးနီးယား($NH_3$)ဓာတ်ငွေ့ ထုတ်လွှတ်မှုကို တဖြည်းဖြည်းလျှော့ချလိုက်သည်နှင့် လျော့ကျသွားကြောင်း သိရပါသည်။

လေထုညစ်ညမ်းနေရသည်က ပိုဆိုးနေသည်ဟု Max Planck သုတေသီများက ဆိုသည်။ ၂၀၁၀ခုနှစ်က လေထုညစ်ညမ်းမှုများကြောင့် လူပေါင်း ၃ ဒသမ ၃ သန်းခန့် သေဆုံးခဲ့သည်။ ယင်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်သော အမှုန်များ၊ အိမ်ရှင်မများ၏ မီးဖိုချောင်မှထွက်သော မီးခိုးငွေ့များကြောင့် ဖြစ်ရသည်ကို နောက်ပိုင်းလေ့လာမှုများအရ သိလာရသည်ဟုဆိုပါသည်။ ဥရောပတိုက်တွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှထွက်သောအမှုန်များနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး မြေဩဇာများမှထွက်သော အမှုန်များက အဓိကဖြစ်သည်။ အမိုးနီးယားဓာတ်ငွေ့တွင် နိုက်ထရိုဂျင်ဓာတ် အဓိကပါဝင်ပြီး ယင်းသည် အပင်များအတွက် အရေးကြီးသော အာဟာရဖြစ်သည်။ သို့သော် ယင်းသည် လေထုထဲသို့ သဘာဝမြေဩဇာများ၊ ဓာတုမြေဩဇာများမှတစ်ဆင့် ရောက်ရှိသွားလေ့ရှိသည်။ နိုက်ထရိုဂျင်သည် လေထုထဲတွင် ဆာလ်ဖြူရစ်အက်စစ်၊ နိုက်ထရစ်အက်စစ် စသည်တို့နှင့် ဓာတ်ပြုကာ အမိုနီယမ်ဆာလ်ဖိတ်၊ နိုက်ထရိတ်ဓာတ်ဆားများအဖြစ် ပြောင်း

### အဓိကစိန်ခေါ်မှုတစ်ခု

အကယ်၍ စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်လွှတ်နေမှုကို ၅၀ ရာခိုင်နှုန်းမျှ လျှော့ချလိုက်သည်နှင့် နှစ်စဉ်လူ ပေါင်း ၂၅၀၀၀၀ ကျော်မျှသေဆုံးနေရမှုကို တားဆီးနိုင်လိမ့်မည်ဟု ဆိုပါသည်။ လေထုညစ်ညမ်းမှုကို ကျယ်ပြန့်စွာ ဖြစ်ပေါ်နေစေခြင်းများတွင် ယခုဖော်ပြပါအချက်သည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီး ကျန်းမာရေး အန္တရာယ်တစ်ခုဖြစ်နေပြီဟု သိရပါသည်။ Atmospheric Chemistry and Physics, European Geoscience Union Journal ဥရောပဘူမိသိပ္ပံအဖွဲ့ ဂျာနယ်တွင် ဖော်ပြထားခြင်းလည်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)၏အဆိုအရလေထုထဲရှိအမှုန်ကလေးများသည် အချင်း 2.5 micrometers ထက်သေးငယ်ပါက အဆုတ်များအတွင်းသို့ ဝင်ရောက်သွားနိုင်ပြီး အဆုတ်နှင့် နှလုံး၊ သွေးကြောဆိုင်ရာရောဂါများကို ဖြစ်နိုင်သည်ဟု သိရပါသည်။ ထိုအကြောင်းကြောင့် ကမ္ဘာတစ်ဝန်း လူအများ၏ သက်တမ်းတိုစေမှုကို ဖြစ်စေကြောင်း တွေ့ရသည်။

ကမ္ဘာ့ ဝန်ထုပ်ဝန်ပိုးရောဂါများဖြစ်သော ရောဂါဘယများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ အခြားထိရှလွယ်သော အခြေအနေများ စသည်တို့တွင် ပြင်ပလေထုညစ်ညမ်းမှုသည် နံပါတ်ငါးနေရာမြောက်မှာရှိနေသည်။ ထို့ပြင်ယာဉ်မတော်တဆဖြစ်မှုများကို အထူးအာရုံစိုက်နေကြသော်လည်း လေထုညစ်ညမ်းမှုအကြောင်းကို ပြောဆိုဆွေးနွေးမှု၊ အရေးယူဆောင်ရွက်မှု အားနည်းနေသေးသည်ကို တွေ့နိုင်သည်ဟု Department at the Institute in Mainz မှ ဒါရိုက်တာ Jos Lelieveld ကပြောပါသည်။ မြို့ပြများတွင် ယာဉ်များအသုံးပြုမှုကြောင့် လေထုများ ပြင်းစွာညစ်ညမ်းလျက်ရှိသည်။ မြို့ကြီးများအနီးရှိ ဒေသများမှာလည်း ညစ်ညမ်းလျက်ရှိသည်။

### အလျင်အမြန်ပျံ့နှံ့

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများမှထွက်သော အလွန်သေးငယ်သောအမှုန်များကလည်း လေထုထဲ အလျင်အမြန် ပျံ့နှံ့ရောက်ရှိသွားနိုင်ပါသည်။ အများယူဆထားသလို လမ်းမကြီးများပေါ်ရှိ ယာဉ်များကြောင့် လေထုညစ်ညမ်းရသည်ထက်၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများမှထွက်သော အမိုးနီးယားအမှုန်များကြောင့်

သွားပြီး အမှုန်ကလေးများ ဖြစ်သွားပါသည်။

သုတေသီတို့သည်မြောက်အမေရိက၊ ဥရောပ၊ တောင်နှင့် အရှေ့အာရှဒေသတို့တွင် အထူးလေ့လာခဲ့ကြသည်။ စိုက်ပျိုး ရေးလုပ်ငန်းများတွင် အသုံးများနေသော ဓာတ်မြေဩဇာပမာဏကို ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ပါက လေထုညစ်ညမ်းမှုကြောင့် လူအများသေဆုံးနေရမှုကို ၈ ရာခိုင် နှုန်းဝန်းကျင်လျှော့ချနိုင်မည်ဟု တွက်ချက်ပြကြပါသည်။ ယင်းသည် နှစ်စဉ် လူပေါင်း ၂၅၀၀၀၀ တို့၏ အသက်ကို ကယ်တင်လိုက်ခြင်းပင်ဖြစ်သည်ဟုလည်း သိရပါသည်။ အမိုးနီးယားဓာတ်ငွေ့အားလုံးကိုသာ ဖယ်ရှားနိုင်ပါက နှစ်စဉ်လူပေါင်း ၈၀၀၀၀၀ တို့ သေဆုံးရမှုမှ တားဆီးနိုင်မည်လည်းဖြစ်သည်။ လေထုထဲရှိ အမိုးနီးယား အမှုန်များ၏ ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးကို အလေးပေးဆောင်ရွက်သင့်ပြီဟု လေ့လာသူအကြီးအကဲဖြစ်သူ Andrea Pozzer ကဆိုပါသည်။

### အမိုးနီးယားအမှုန်များ

လေထုထဲရှိ အမိုးနီးယားအမှုန်များကြောင့် အဆုတ်ကင်ဆာ၊ နှလုံးနှင့် သွေးကြောရောဂါများ၊ အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားပြီး သေဆုံးနေခြင်းဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးစသည်တို့ကို ကျယ်ပြန့်စွာသုံးစွဲနေမှုများကြောင့် ပါဝင်တတ်သော ခဲ၊ ပြဒါး၊ အာဆင်းနစ်၊ ကက်ဒမီယမ် အစရှိသော Heavy metal များကြောင့် စိုက်ပျိုး မြေများ၏ သဘာဝအဆီအနှစ် ဩဇာဓာတ်များ၊ မြေအောက်ရေ၊ စိုက်ပျိုးသီးနှံများနှင့် စားသုံးသူတို့ကိုပါ ထိခိုက်စေနိုင်သည်ကို သတိပြုရပါမည်။ စနစ်တကျ သုံးသင့်သလောက်သာ သုံးသင့်ပါသည်။ Thomas Corriher ဆိုသူ၏ The Health Wyze Report တွင်ရေးသားထားချက်များအရ အဆိုပါ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည်တို့ကို များများသုံးလာကြသည်မှာ နှစ်ပေါင်း ၇၀ ခန့်ရှိပြီဖြစ်သည်။ လူတို့ဖန်တီးသော ဓာတုပစ္စည်းများကြောင့် သဘာဝမြေဆီဩဇာများ ထိခိုက်ပျက်စီးလာရသည်။ မြေအတွက်လိုအပ်သော နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ ဖော့စ်ဖော့ရပ်စ်စသည့် ဓာတ်တို့ကို ဖြည့်ဆည်းပေးသည်မှန်သော်လည်း၊ သဘာဝမြေထဲရှိ သဘာဝမြေဩဇာဓာတ်များ ပြုန်းတီးကုန်ကြရသည်။ ထို့ကြောင့် ခေတ်ပေါ်နည်း အများစုဖြင့် စိုက်ပျိုးထုတ်လုပ်သော စားစရာသီးနှံတို့သည် အာဟာရပြည့်ဝသော အစားအစာများ မဖြစ်လာနိုင်တော့ပါ။ သဘာဝမြေမှာရှိသော anti-oxidants များ၊ ပိုလီဖီနော (polyphenols)၊ အင်ဇိုင်းများ စသည်တို့ လျော့နည်း ဆုံးရှုံးလာပါသည်။

အိုမီဂါ omega 3 ဓာတ်သည် လူသားတို့အတွက် အထူး အထောက် အကူပြုသော သဘာဝဓာတ်တစ်မျိုးဖြစ်သည်။ ယင်းကိုဆုံးရှုံးသဖြင့် နှလုံးရောဂါ၊ ကင်ဆာရောဂါများ၊ စိတ်ပိုင်းဆိုင်ရာရောဂါများ၊ ကလေးများစာသင်ခက်သည့် Attention deficit disorder ရောဂါ၊ အယ်လ်ဇိုင်းမားခေါ် သက်ကြီးသတိမေ့ ရောဂါများအဖြစ်များလာပါသည်။ ရှေးအခါက သက်ကြီးသူတို့တွင်၊ ထိုရောဂါမျိုး အဖြစ်နည်းလှပါသည်။ သစ်သီး၊ ဟင်းသီးဟင်းရွက်များကို အချိန်မတိုင်မီ ခူးဆွတ်မှုကြောင့် အာဟာရ မပြည့်ဝနိုင်တော့သလို နေရောင်ဖြင့် ရင့်မှည့်စေရမည့်အစား chemical ethylene ကဲ့သို့သော ဓာတ်ဆေးများသုံးမှုကြောင့် ခရမ်းချဉ်သီးတို့သည် သဘာဝမဟုတ်သော အနီရောင်မျိုးများ တွေ့လာရပါသည်။ လေ့လာတွေ့ရှိမှု တစ်ခုအရ ပိုးသတ်ဆေးများကို သုံးလေ့ရှိသော စိုက်ခင်း၊ မြက်ခင်းတစ်ခုခုအနီး နေသော ကလေးငယ်တို့သည် leukaemia ခေါ် သွေးကင်ဆာဖြစ်နိုင်ရန် သာမာန်ထက် ခြောက်ဆမျှ ပိုမြင့်မားနိုင်ကြောင်း သိရပါသည်။ (Tuf Pro USA 30006A 9/17/10)။ မြက်ခင်းများတွင် အသုံးများသော ဓာတုပစ္စည်းများကြောင့် ဂေါက်သီးကွင်းတွင် အလုပ်လုပ်သူများ၊ ဂေါက်သီးကစားသူများပင် Non- Hodgkin's Lymphoma အကျိတ်ရောဂါတစ်မျိုး ရလွယ်ကြောင်း သိရသည်။ (Source - American Journal of Industrial Medicine,29(5);501-506, 1996) ဂေါက်ကွင်းကြီးကြပ်သူအသင်း Golf Course Superintendents Association USA ၏ လေ့လာမှုအရ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း သေဆုံးခဲ့ရသော အသင်းဝင် ၆၈၆ ဦးတို့သည် ဦးနှောက်ကင်ဆာ၊ NHL Non-Hodgkin's Lymphoma ကင်ဆာ၊ ဆီးကျိတ်နှင့် အူမကြီးကင်ဆာရောဂါလေးမျိုးကြောင့် သေဆုံးရသည်မှာ အများစုဖြစ်သည်ဟု သိရသည်။

### ဦးနှောက်ကင်ဆာ

ဦးနှောက်ကင်ဆာဖြစ်မှုသည် သာမန်ထက် နှစ်ဆ၊ NHL အကျိတ်ကင်ဆာဖြစ်မှုကလည်း နှစ်ဆ၊ ဆီးကျိတ် ကင်ဆာဖြစ်မှုက သုံးဆ၊ အူမကြီးကင်ဆာဖြစ်မှုက ၁ ဒသမ ၇ ဆမျှရှိကြောင်းလည်း တွေ့ရသည်။ အလားတူပင် ပိုးသတ်ဆေးထုတ်လုပ်သည့် အလုပ်ရုံများတွင်လည်း ထိုကဲ့သို့ ဖြစ်ပွားမှုများကို တွေ့လာရသည်ဟု ဆိုပါသည်။ စိုက်ပျိုးမြေနှင့် ပေ ၂၆၀၀ အတွင်း နေထိုင်ပါက ဦးနှောက်ကင်ဆာရောဂါ ဖြစ်နိုင်ခြေများလာသည်။ ယင်းကို ၁၉၉၆ ခုနှစ်က လူပေါင်း ၆၀၀ ကျော်တွင် လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ Astrocytoma ခေါ်ဦးနှောက်ကင်ဆာမျိုးဖြစ်ပွားနှုန်းသည် အဆိုပါ ပေ ၂၆၀၀ အတွင်းမှာ နေထိုင် လျှင် ၆ ဒသမ ၇ ဆနှုန်း ပိုမိုသည်ဟုလည်း ဆိုပါသည်။ စိတ်ဝင်စားဖွယ်မှာ အဆိုပါဓာတုမြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့ ပါဝင်နေသောအစာကို စားသုံးမိခြင်းကြောင့်သာ မဟုတ်ဘဲ အရေပြားနှင့် ထိတွေ့မိခြင်းမှ ခန္ဓာကိုယ်အတွင်း စုပ်ယူဝင်ရောက်သွားတတ်ခြင်း ဖြစ်သည်။ လောလောလတ်လတ် ဆေးဖျန်းထားသည့် စိုက်ပျိုးမြေအနီးသို့ ကလေးများ၊ အိမ်မွေးတိရစ္ဆာန်များ မသွားစေသင့်ပါ။

### အလွယ်တကူထိတွေ့စေနိုင်

ယင်းသည်ဖော်ပြပါနည်းဖြင့် အလွယ်တကူ ထိတွေ့စေနိုင်၍ဖြစ်သည်။ ဓာတုပစ္စည်းများသုံးခြင်းကြောင့် သီးနှံများအထွက်တိုးခဲ့သည်မှာ မှန်သော်လည်း နောက်ဆက်တွဲပြဿနာများကိုမူ အထူးသတိပြု ဆင်ခြင်သင့်ပြီဖြစ်သည်။ အမေရိကန်နိုင်ငံ၏ National Research Council အမျိုးသားသုတေသနကောင်စီက oncogenic risk ကင်ဆာဖြစ်နိုင်စေတတ်သည့် အစားအစာ ခုနစ်မျိုးမှ ခြောက်ခု၊ ၁၅ မျိုးမှ ကိုးခုတို့ကို တွေ့ရှိခဲ့ပြီး နိုက်ထရိတ်ဓာတ် အများအပြားသုံးထားသော နေရာများမှာ ဖြစ်ပွားကြောင်း အတည်ပြုခဲ့ပါသည်။ ၁၂ နှစ်ကြာလေ့လာမှုများအရ နိုက်ထရိတ်ဓာတ်ကို ၁၆ ဆမျှပိုမိုသုံးစွဲလေ့ရှိကြကြောင်း တွေ့ရသည်။ နိုက်ထရိတ်သည် ကင်ဆာဖြစ်စေနိုင်သော ဓာတ်ပစ္စည်းဖြစ်သည်။ Doctor's Data Analytical Laboratories အဖွဲ့၏ လေ့လာမှုအရ အလူမီနီယမ်၊ ကက်ဒမီယမ်၊ ခဲ၊ ပြဒါးဓာတ်တို့ကိုလည်း ပမာဏများစွာ သုံးနေကြကြောင်း သိရသည်။

သဘာဝမြေဩဇာထက် ဓာတုမြေဩဇာတို့ကြောင့် ဗီတာမင်စီ Vitamin C ဓာတ် အထူးလျော့နည်းကြောင်းလည်း တွေ့ရသည်။ အလားတူ အခြားအာဟာရဓာတ်များလည်း လျော့နည်းကြောင်း တွေ့ရပါသည်။ Heavy metals ခေါ် ပြဒါး mercury၊ ခဲ၊ (cadmium) ကက်ဒမီယမ်၊ ယူရေနီယမ် စသည်တို့သည် ဓာတ်မြေဩဇာတို့တွင် အများစုပါဝင်နေလေ့ရှိပြီး ယင်းတို့ကြောင့် ကျောက်ကပ်၊ အသည်း၊ အဆုတ်တို့ကို ထိခိုက်စေနိုင်သည်။ ကင်ဆာရောဂါများအထိ ဖြစ်စေနိုင်သည်။ ထင်ရှားသော ဓာတ်မြေဩဇာ ၂၉ မျိုးတို့ကို လေ့လာရာတွင် (silver) ငွေဓာတ်၊ နီကယ်၊ ဆယ်လီနီယမ်၊ သာလီယမ်၊ ဗင်နာဒီယမ်စသည့် Heavy metals များကို လည်း တွေ့ရသည်။ ယင်းတို့အားလုံးသည် ကျန်းမာရေးအန္တရာယ်ပေးနိုင်သည်ကို တွေ့ရသည်။ အမိုနီယမ်နိုက်ထရိတ်ဓာတ်သည် မျက်စိ၊ အရေပြားတို့ကို ယားယံ၊ အပူလောင်စေနိုင်သည်။ ရှူရှိုက်မိပါက နှာခေါင်း၊ လည်ချောင်း၊ အဆုတ်တို့ကို ရောင်ရမ်းစေနိုင်သည်။ ပိုတက်စီယမ်ကလိုရိုက်သည် အာရုံကြောစနစ်ကို ထိခိုက်စေနိုင်သည်။ ခြုံကြည့်ပါက ကင်ဆာရောဂါများ၊ methemoglobinemia ခေါ် သွေးနီဥများ ပျက်စီးခြင်း၊ အာရုံကြောများ ထိခိုက်ပျက်စီးခြင်း စသည့် ကျန်းမာရေး ပြဿနာကြီးများ ဖြစ်စေနိုင်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြောင့် ရင်ဆိုင်ရလာနိုင်သော ကျန်းမာရေးပြဿနာများကို အထူးသတိပြု ကာကွယ်သင့်ပြီဖြစ်ပါသည်။ အများပြည်သူတို့ကို စနစ်တကျသုံးစေပြီး ကြိုတင်ကာကွယ်မှုများစီမံ ဆောင်ရွက်သင့်ပေသည်။ ။



**“လောလောလတ်လတ် ဆေးဖျန်းထားသည့် စိုက်ပျိုးမြေအနီးသို့ ကလေးများ၊ အိမ်မွေးတိရစ္ဆာန်များ မသွားစေသင့်ပါ။ ယင်းသည်ဖော်ပြပါနည်းဖြင့် အလွယ်တကူထိတွေ့စေနိုင်၍ဖြစ်သည်။ ဓာတုပစ္စည်းများသုံးခြင်းကြောင့် သီးနှံများ အထွက်တိုးခဲ့သည်မှာမှန်သော်လည်း နောက်ဆက်တွဲပြဿနာများကိုမူ အထူးသတိပြု ဆင်ခြင်သင့်ပြီဖြစ်သည်”**

## ရာဇဝတ်အထူးအယူခံမှု ခြောက်မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ငါးမှု ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

**ပေါင်းတည် ဒီဇင်ဘာ ၁၁**

ပေါင်းတည်မြို့နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးခြင်းကို ဒီဇင်ဘာ ၁၁ ရက်က တစ်မြို့နယ်လုံးရှိ ရပ်ကွက်၊ ကျေးရွာများရှိ ဆေးထိုးစုရပ်များ၌ စတင်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် တစ်မြို့နယ်လုံးရှိ ကိုးလမှ ငါးနှစ်အတွင်း ကလေးဦးရေ ၈၂၇၅ ဦးနှင့် ယခင်အပတ်က ဆေးထိုးရန် ကျန်ရှိသော ကလေး ၈၃၂ ဦးအား စုရပ် ၂၀၄ ခုတွင် ဆေးထိုးအဖွဲ့ ၄၄ ဖွဲ့ဖြင့် ဒီဇင်ဘာ ၂၀ ရက်အထိ ရာနှုန်းပြည့်မီအောင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလ နောက်ဆုံးပတ်က ပေါင်းတည်တစ်မြို့လုံးတွင် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်းကို ကျောင်းပေါင်း ၁၆၆ ကျောင်း၌ ၁၆၁၈၃ ဦးအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါ ကြည်းတပ်မတော်၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလေ့ကျင့်ခန်းများ သရုပ်ပြသမှု ကြည့်ရှုစဉ်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါ ကြည်းတပ်မတော် ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှု သရုပ်ပြသမှု ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နီပေါ ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဟိမဝန္တာတောင်တန်းများအား နီပေါတပ်မတော် အထူးရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခတ္တမန္ဒူမြို့ရှိ Nepal Army Mid Air Base မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဟိမဝန္တာ တောင်တန်းပေါ်ရှိ ကမ္ဘာ့အမြင့်ဆုံးဟိုတယ်အဖြစ် ဂင်းနက်စ်စာရင်းဝင် Hotel Everest View သို့ ရောက်ရှိကြပြီး ဧဝရက်တောင်ထိပ်နှင့် ဟိမဝန္တာတောင်တန်းများကို ကြည့်ရှုလေ့လာကြသည်။

**လက်တွေ့သရုပ်ပြသ**

ဆက်လက်၍ Birendra Peace Operation Training Center သို့ ရောက်ရှိကြရာ နီပေါကြည်းတပ်မတော်၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး Col. Yog Raj Sharma နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သင်တန်းကျောင်း လက်တွေ့လေ့ကျင့်ရေးကွင်း၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှု အခြေအနေများအား လက်တွေ့သရုပ်ပြသကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Ranjendra Chhetri က ကြိုဆို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှုဆောင်သစ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အမှုဆောင်သစ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**အမည်စာရင်း ထုတ်ပြန်**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှုဆောင်သစ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက နိုဝင်ဘာ ၇ ရက်တွင် ဂီတအလွှာ ခြောက်လွှာမှ ကိုယ်စားလှယ် ၁၇ ဦး ပူးပေါင်း၍ အမှုဆောင်သစ် ရွေးကောက်ပွဲ ကော်မရှင် ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်က ဦးဆောင်၍ လာမည့် ဒီဇင်ဘာ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရွေးကောက်ပွဲအတွက် ဂီတအလွှာများမှ အဖွဲ့ဝင်များက ဆန္ဒမဲလာရောက်ပေးနိုင်ကြောင်း၊ ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့် အမှုဆောင်သစ်များ၏ အမည်စာရင်းကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အမှုဆောင်သစ် လွှဲပြောင်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဂီတအစည်းအရုံး ဖွဲ့စည်းပုံ စနစ်တကျဖြစ်ရေး၊ ဝန်ထမ်းအင်အား လုံလောက်မှုရှိရေး၊ ဘဏ္ဍာရေး ကိစ္စများကို မှတ်တမ်းမှတ်ရာများဖြင့် တိတိကျကျ ထားရှိရေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသည့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

## (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား စာကြည့်တိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အမှာစကား ပြောကြားသည်။ ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲ ကျင်းပရေး ဆပ်မကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေး ဆပ်ကော်မတီ၊ ရန်ပုံငွေ ရှာဖွေရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ စေတနာ့ဝန်ထမ်းဆိုင်ရာ ဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးအဖွဲ့တို့မှ တာဝန်ရှိသူများက ၎င်းတို့လုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**



(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

## ထိုင်းနိုင်ငံတွင် နိုင်ငံခြားငွေဖြင့် ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချနိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် DECHA & CO Limited (Myanmar) တို့မှ မြန်မာနိုင်ငံ၏ Foreign Currency Bonds Market ပေါ်ထွန်းလာရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် Policy Maker များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ “Workshop on Issuance of Foreign Currency Bonds” ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ပထမပတ်က ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၌ နိုင်ငံခြားငွေဖြင့် ငွေချေးစာချုပ်များထုတ်ဝေရောင်းချနိုင်မည့် အခွင့်အလမ်းများ၊ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတော်က ရရှိမည့် အကျိုးကျေးဇူးများနှင့် တွေ့ကြုံနိုင်သော စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးတွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

# (၆)ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

(၆) ကြိမ်မြောက် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (6th Education, Technical and Vocational Sector Coordination Group- ETVSCG) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပညာရေးပြုပြင်ပြောင်းလဲမှုများ**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာ ၄ ရက်တွင် (၅)ကြိမ်မြောက် ETVSCG ၏ အစည်းအဝေးကို ကျင်းပခဲ့ပြီး ယခုအခါတွင် ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် အကျိုးရှိထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန် (၆) ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ညှိနှိုင်း အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ETVSCG ၏ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်သာ ပညာရေးဦးစီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်၍ ဒေသအကျိုးပြုသင်တန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။



**ညှိနှိုင်းဆွေးနွေး**

ထို့ပြင် အစည်းအဝေးတွင် ပညာရေးကဏ္ဍ အရည်အသွေး မြင့်မားရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် UNIDO တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကျင်းပစဉ်အတွင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)၏ ဒေသဆိုင်ရာရုံးခွဲမှ ညွှန်ကြားရေးမှူး Mr. Stein R. Hansen အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ Sedona ဟိုတယ်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNIDO တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ UNIDO မှ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ စားနပ်ရိက္ခာဖူလုံရေး စသည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများတွင် အကူအညီများ ထောက်ပံ့သွားရေးဆိုင်ရာ အနာဂတ် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ရုံး ဌာနတွင်း သင်တန်း အမှတ်စဉ်(၂/ ၂၀၁၇) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အမျိုးသားလွှတ်တော်ရုံး ဌာနတွင်းသင်တန်း အမှတ်စဉ်(၂/ ၂၀၁၇)ဖွင့်ပွဲကို နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ J ဆောင်၌ ယနေ့ နံနက် ၉ နာရီခွဲ၌ ကျင်းပသည်။

**ပို့ချပေးသွားမည်**

ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းတွင် ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးအဆင့် ဝန်ထမ်း ၁၆၄ ဦးနှင့် အကြီးတန်းစာရေး၊ အငယ်တန်းစာရေး၊ ရုံးအကူအဆင့် ဝန်ထမ်း ၁၃၉ ဦး စုစုပေါင်း သင်တန်းသား ၃၀၃ ဦးတို့ကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**အလေးထား ပြောကြား**

အမြဲတမ်းအတွင်းဝန်က အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်ပြည့်ဝသည့် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်များ ကတည်းက အာဆီယံဒေသအတွင်း လုပ်သားကျွမ်းကျင်မှုနှင့် အရည်အသွေးများ ဖွံ့ဖြိုးမှုများကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်း သဘောတူညီချက် (ASEAN Tourism Agreement) တွင် ခရီးသွားလုပ်ငန်းပညာရေး သင်ရိုးညွှန်းတမ်းနှင့် ကျွမ်းကျင်မှုစံနှုန်းများ ဖော်ထုတ်ရေး၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေး၊ အာဆီယံဒေသတွင်း ကျွမ်းကျင်မှုနှင့် အရည်အသွေးများကို အပြန်အလှန် အသိအမှတ်ပြုရေးများ ပါဝင်သည်ကို အလေးထား ပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် လုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၂) ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရမည့် အချိန်ကာလများကို ဆွေးနွေးသွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ Tourism Institutional Relation ဌာနမှ Senior Director, Ms. Ani Insa- ni က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်ခိုင်မိမိထွန်းက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ကာ အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

**ဆွေးနွေးသွားမည်**

အစည်းအဝေး၏ ဒုတိယမြောက်နေ့အဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ အထူးအစည်းအဝေးကို ဆက်လက် ကျင်းပမည်ဖြစ်ပြီး အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ရေးအတွက် အတွင်းရေးမှူးရုံးတည်ထောင်ရေးဆိုင်ရာ အိမ်ရှင်နိုင်ငံသဘောတူညီချက် (Host Country Agreement)၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ မှတ်ပုံတင်စနစ် အပါအဝင် အာဆီယံအဆင့်အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက် ရောင်းဝယ်ကြမည့် ကျောက်မျက်ရတနာကုန်သည်များသည် ရတနာကုန်သည်အမျိုးအစားအလိုက် တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ၊ ဝင်ကြေးငွေများ၊ အာမခံစပေါ်ငွေများ၊ ကျောက်တန်ဖိုးငွေ ပေးချေရမည့်ဘဏ်စာရင်းအမှတ်များအား သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် နိုဝင်ဘာ ၂၉ ရက်မှ စတင်၍ မှတ်ပုံတင်ဆောင်ရွက်ပြုလုပ်ပေးနေပြီး ဒီဇင်ဘာ ၁၁ ရက်အထိ ဝင်ခွင့်ကတ်ပြားများ ပြုလုပ်နေကြောင်း သိရသည်။

ယခု ကျင်းပသည့် ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၉၀ တွဲ ၊ ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း Myanmar Gems Enterprise မှ သိရသည့်အပြင် ဝင်ကြေးငွေနှုန်းထားများမှာ ပြည်ပရတနာကုန်သည်တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၀၀ နှင့်ညီမျှသော မြန်မာငွေကျပ်ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်တစ်ဦး၊ ကုမ္ပဏီလုပ်ငန်းဆောင်ရွက်သူ တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းဖြင့်လည်းကောင်း၊ ရတနာဆိုင်ဝန်ထမ်းတစ်ဦး၊ ကျောက်အတွဲထိန်းသူ တစ်ဦးလျှင် ငွေကျပ် သုံးသောင်းဖြင့် လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ငြိမ်းချမ်းရေးဂီတပွဲတော်မှာ ပါဝင်တဲ့ တိုင်းရင်းသားလူမျိုးအားလုံးက ငြိမ်းချမ်းရေးကိုရော၊ ဂီတကိုပါ တန်ဖိုးထားချစ်မြတ်နိုးတယ်ဆိုတာ ပေါ်လွင်တယ်



ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား )



ဦးမြင့်မိုးအောင် (အကဲဖြတ်ဒိုင်)



မမေသူကျော် (ပထမဆုရှင်)



မကြူကြူခိုင် (ဒုတိယဆုရှင်)



မောင်ဖြူလှ (တတိယဆုရှင်)

ရန်ကုန် ဒီဇင်ဘာ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ Forever Group နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ စီစဉ်တင်ဆက်သော မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကို ဒီဇင်ဘာ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံ ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမြို့ကြီး ၁၁ မြို့၌ ဇူလိုင်လဆန်းပိုင်းမှ စတင်ကာကျင်းပခဲ့သော အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးတွင် ပထမဆု မေသူကျော်၊ ဒုတိယဆု ကြူကြူခိုင်၊ တတိယဆု ဖြူလှနှင့် စတုတ္ထဆုကို Sa Paung တို့က ဆွတ်ခူးရရှိခဲ့သည်။ ဆုရရှိသူ အနုပညာရှင်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင် ဂုဏ်ပြုလွှာများချီးမြှင့်ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ယနေ့ ညပိုင်းတွင် ကျင်းပသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပခဲ့သော ငြိမ်းချမ်းရေးဂီတ ပွဲတော်ကြီးမှ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်စေရေးနှင့် ဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေးစသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သော အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီး အောင်မြင်ပြီးမြောက်ခဲ့မှုများနှင့်အတူ ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာသော တာဝန်ရှိသူများ၊ ဂီတပညာရှင်များနှင့် ဆုရရှိသူများအား သတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။**

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး**
**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား )**

ဒီ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကို ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးပြီး နိုင်ငံတော်ကဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ထောက်ခံဂုဏ်ပြုတဲ့အနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကတာဝန်ယူဆောင်ရွက်ခဲ့တာပါ၊ ဇူလိုင် ၉ ရက်မှာ Level 1 ပွဲစဉ်အနေနဲ့ တောင်ကြီးမှာ စတင်ကျင်းပခဲ့ပါတယ်။ အဲဒီကနေ တစ်ပတ်တစ်မြို့နှုန်းနဲ့ မြို့ကြီး ၁၁ မြို့မှာ ပွဲစဉ်ပေါင်း ၁၂ ပွဲ ကျင်းပခဲ့တာပါ၊ Level 2 နဲ့ 3 ပွဲစဉ်တွေကိုတော့ လေးပွဲစီ ကျင်းပခဲ့ပါတယ်၊ နောက်ဆုံးဖိုင်နယ်ပွဲစဉ်အပါအဝင် စုစုပေါင်း ၂၁ ပွဲ ကျင်းပခဲ့တာပါ၊ အခုလို တစ်ပတ် တစ်ပွဲနှုန်းနဲ့ တိုက်ရိုက်ထုတ်လွှင့်နိုင်ဖို့ဆိုတာ တော်ရုံစည်းလုံးညီညွတ်မှုနဲ့ မရပါဘူး၊ ဌာနတစ်ခုတည်း စွမ်းဆောင်မှုနဲ့လည်း မဖြစ်နိုင်ပါဘူး၊ ပါဝင်ကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်အားလုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့လို့ အခုလို အောင်မြင်စွာနဲ့ ပြီးမြောက်ခဲ့တာပါ။ ပြိုင်ပွဲတစ်လျှောက်မှာ နယ်မြို့တွေသွားပြီး ပရဟိတလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်၊ အဲဒီဒေသမှာရှိတဲ့ တိုက်ပွဲရှောင်စခန်းတွေသွားပြီး ပြည်သူတွေကို လိုအပ်တဲ့ အစားအသောက်၊ ဆေးဝါး၊ အဝတ်အထည်ကအစ ပြည့်ပြည့်စုံစုံ သွားရောက်လှူဒါန်းခဲ့တာပါ၊ အဲဒီလှူဒါန်းမှုတွေကို နိုင်ငံတော်ဘတ်ဂျက်ထဲက မသုံးခဲ့သလို ဒီပွဲအတွက် အလှူငွေတွေထဲကလည်း မသုံးခဲ့ပါဘူး၊ ပြိုင်ပွဲတစ်လျှောက် အခက်အခဲတွေကတော့ အများကြီးရှိခဲ့တယ်၊ ပွဲတစ်ပွဲအတွက် လူ ၁၅၀ ကျော်လောက် သွားခဲ့ရတယ်၊ တောင်ကြီး၊ မြစ်ကြီးနား၊ လားရှိုး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ကလေး၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ဘားအံ အဲဒီလိုမြို့တွေမှာ အခက်အခဲအများကြီးရှိပါတယ်၊ အဲဒါတွေကြောင့် ပြိုင်ပွဲက သတ်မှတ်ထားတာထက် နှစ်ပတ်လောက် နောက်ဆုတ်ခဲ့ရတယ်။ ငြိမ်းချမ်းရေးဂီတပွဲတော်မှာ ဆိုခဲ့တဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့သီချင်းတွေ အကုန်ကလေးတွေနဲ့ ပြန်လည်စုစည်းပြီး အခွေလေးပြန်သွင်းမယ်၊ ပြီးရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို အခမဲ့ ဖြန့်မယ်။ ငြိမ်းချမ်းရေးနဲ့ ပွဲတွေရှိရင်၊ အခမ်းအနားတွေရှိရင် ဒီသီချင်းလေးတွေ အသုံးပြုလို့ရအောင်ပါ၊ ကလေးတွေအတွက်လည်း အနုပညာ လမ်းဆက်လျှောက်လှမ်းနိုင်အောင် တတ်နိုင်တဲ့ဘက်က ကူညီဖြစ်အောင် စီစဉ်ထားပါတယ်။

**ဦးမြင့်မိုးအောင်(အကဲဖြတ်ဒိုင်)**

သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်တာကြောင့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အကူအညီတောင်းတဲ့အတွက် ဒီပြိုင်ပွဲမှာ ပါဝင်ကူညီဖြစ်ခဲ့တာပါ၊ အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ခဲ့သလို အစီအစဉ်ထုတ်လုပ်တဲ့အပိုင်းမှာလည်း အကြံဉာဏ်ပေးပါဝင်ခဲ့ပါတယ်၊ နယ်မြို့တွေ အများစုမှာသွားပြီး အခုလို Live ထုတ်လွှင့်တယ်ဆိုတာ ဘယ်သီချင်းဆိုပြိုင်ပွဲမှ မရှိသေးဘူး၊ တချို့နာမည်ကြီးသီချင်းဆိုပြိုင်ပွဲတွေဆို ရန်ကုန်မှာ အဓိကလုပ်တယ်၊ မြို့တွေဆင်းတယ်ဆို နှစ်မြို့ သုံးမြို့လောက်ပဲ ဆင်းကြတယ်၊ ငြိမ်းချမ်းရေး ဂီတပွဲတော်ကတော့ နယ်တွေမှာလည်းဆင်းတယ်၊ တခြားပြိုင်ပွဲတွေက နယ်တွေမှာဆင်းရင် Live မလွှင့်နိုင်ဘူး၊ အခုကတော့ တိုက်ရိုက်ထုတ်လွှင့်တယ်ဆိုတာ တကယ်စိန်ခေါ်မှုကြီးတဲ့ စွန့်စားမှုပါ၊ ဒါကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလုပ်တဲ့အခါမှာ အစောပိုင်းမှာတော့ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်၊ အသံပိုင်းဆိုင်ရာ၊ စက်မှုပိုင်းဆိုင်ရာကအစ အခက်အခဲတွေရှိတယ် ဆိုပေမယ့်လည်း စေတနာနဲ့ ကြိုးစားကြတဲ့သူတွေဖြစ်တော့ ရလဒ်တွေက တဖြည်းဖြည်း ကောင်းလာတယ်၊ နောက်ဆုံးဖိုင်နယ်မှာ အကဲဖြတ်ဒိုင်တွေ အခက်အခဲဖြစ်ပါတယ်၊ ပရိသတ်ကိုယ်တိုင်က နောက်ဆုံး လေးယောက်ကို အားပေးမှုများကြတယ်၊ နောက်ဆုံးဖိုင်နယ်ရောက်တာက မြန်မာသံ နှစ်ဦး၊ ခေတ်ပေါ် နှစ်ဦး၊ တိုင်းရင်းသားလူမျိုးလည်း အစုံနီးပါး ဝင်ပြိုင်ကြတယ်၊ ၁၁ ဦး ရွေးချယ်တဲ့အထိ တိုင်းရင်းသား တော်တော်များများ ပါဝင်လာတယ်၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှာ ပါဝင်တဲ့ တိုင်းရင်းသား လူမျိုးအားလုံးက ငြိမ်းချမ်းရေးကိုရော၊ ဂီတ ကိုပါ တန်ဖိုးထားတယ်၊ ချစ်မြတ်နိုးတယ် ဆိုတာပေါ်လွင်တယ်၊ ရွေးချယ်ရတာလည်း ခက်ခဲပါတယ်၊ ငြိမ်းချမ်းရေးဆိုတာလည်း ဒီအတိုင်းပါပဲ။ မတူကွဲပြားတာတွေအားလုံး ညှိနှိုင်းကြတယ်၊ ပေါင်းစပ်ကြတဲ့ သဘောပဲ။

**မမေသူကျော်(ပထမဆုရှင်)**

နိုင်ငံတော်က ငြိမ်းချမ်းရေးကို ဦးတည်ပြီး ပထမဆုံး သီချင်းဆိုပြိုင်ပွဲဖြစ်လို့ ဝင်ပြိုင်ဖြစ်ခဲ့တာပါ။ ဖိုင်နယ် ၁၁ ဦး ရွေးချယ်ကတည်းက မြန်မာ့အသံကဘယ်ပွဲပဲလုပ်လုပ် ပါဝင်ပူးပေါင်းသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဆက်လက်ပြီး အနုပညာလုပ်ငန်းတွေ ဆက်လုပ်သွားမှာပါ၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကိုလည်း ပါဝင်ဆောင်ရွက်သွားမှာပါ၊ ဖိုင်နယ် ၁၁ ဦးလုံးက ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းစဉ်တွေမှာ ပါဝင်သွားမှာပါ၊ ဒီဆုရတဲ့အတွက် အလွန်ပျော်ပါတယ်၊ ပြိုင်ပွဲတစ်လျှောက် သီချင်းရွေးချယ်မှုအပိုင်းမှာတော့ အခက်အခဲအများကြီး ရှိခဲ့ပါတယ်၊ Level 1 က စိတ်ကြိုက်သီချင်းဆိုပေမယ့် ကျန်တဲ့ Level တွေမှာ ကျော်ဖြတ်ခဲ့ရတာ အမှတ်စဉ်လိုက် သီချင်းရွေးချယ်ခဲ့ရတာဖြစ်လို့ အလွန်ခက်ခဲခဲ့ပါတယ်၊ အခုလို ပထမဆုရခဲ့ပေမယ့်လည်း ကျေနပ်မနေဘဲ ဆက်လက်ပြီး အနုပညာလုပ်ငန်းတွေကို ကြိုးစားလျှောက်လှမ်းသွားဦးမှာပါ၊ ပရိသတ်ကြီးနဲ့လည်း စဉ်ဆက်မပြတ် ထိတွေ့သွားမှာဖြစ်ပါတယ်၊ ပြိုင်ပွဲတစ်လျှောက် ကြိုးစားခဲ့ရတယ်၊ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်၊ ငြိမ်းချမ်းရေးဆိုတာ လူသားအားလုံးအတွက် ပျော်ရွှင်မှုပေးနိုင်မယ်၊ ကြုံတွေ့လာမယ့် အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ့် ဆုလက်ဆောင်တစ်ခုလို့ မြင်ပါတယ်၊ နိုင်ငံတော်က ငြိမ်းချမ်းရေးကို ဦးတည်ပြီး ကျင်းပတဲ့ သီချင်းဆိုပြိုင်ပွဲမှာ တစ်ဖက်တစ်လမ်းကနေ အခုလိုပါဝင် ခွင့်ရရှိပြီး ပထမဆုရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်၊ အလွန်ပဲ ကျေနပ်မိပါတယ်။

(ငြိမ်းချမ်းရေးဂီတပွဲတော်၌ ပထမဆုရရှိခဲ့သော မေသူကျော်သည် ဂီတပိုင်းဆိုင်ရာအနုပညာလောက၌ မျိုးရိုးရှိခဲ့သူဖြစ်ပြီး အဘိုး ဦးသန်းထွန်းလေး၊ အဒေါ် ပိုးအိစံ တို့၏ တူမအရင်းဖြစ်သည်။ နဝမတန်းတွင် ပညာဆည်းပူးတက်ရောက်နေသော ကျောင်းသူတစ်ဦးဖြစ်ပြီး သတ္တမတန်းတက်စဉ်ကလည်း ကြယ်ကလေးများသီချင်းဆိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဂီတတံခါးလေးဖွင့်ပါဦးသီချင်းဆိုပြိုင်ပွဲတွင်လည်း ပထမဆုရရှိခဲ့သော အဘိုးအမွေကိုဆက်ခံမည့် အဆိုရှင် မျိုးဆက်သစ်တစ်ဦးဖြစ်သည်)

**မကြူကြူခိုင်(ဒုတိယဆုရှင်)**

ဒီငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲကို ရေဦးမြို့နယ်ကနေ ကလေးမြို့ထိ သွားရောက် ယှဉ်ပြိုင်ခဲ့ရတာပါ၊ ငြိမ်းချမ်းရေးဂီတပွဲတော်ပြိုင်ပွဲကြီးကျင်းပတဲ့ သတင်းကို မြန်မာ့ရုပ်မြင်သံကြားမှာ နားထောင်လိုက်ရတော့ အစပိုင်းနည်းနည်း အကဲခတ်နေသေးတယ်၊ သုံးမြို့လောက် ပြီးတဲ့အခါမှာ စတီရီယိုဖြစ်မယ်ထင်တယ်ပေါ့၊ မြန်မာသံမပါလောက်ဘူးထင်နေတုန်း ဆရာ အောင်နိုင်စန်းကနေ နောက် Level တွေမှာ မြန်မာအသံတွေကိုလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ပြုတယ်။ မည်သည့်သံစဉ်အမျိုးအစားမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရတယ်ဆိုတာနဲ့ ပြိုင်ဖြစ်သွားတာပါ၊ အစပိုင်းမှာတော့ ဝင်ပြိုင်ဖို့ စိတ်ကူးမရှိပါဘူး၊ နိုင်ငံတော်ကလည်း ဦးစီးကျင်းပတာဖြစ်၊ ငြိမ်းချမ်းရေး အထိမ်းအမှတ်လည်းဖြစ်တော့ ကလေးမြို့ကို သွားရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ၊ ဒီပြိုင်ပွဲမှာ အမှန်တကယ် ကြိုးစားယှဉ်ပြိုင်ခဲ့တာဆိုတော့ ဒုတိယဆုရတော့ ခံစားရတယ်၊ ရင်ထဲမှာရှိတဲ့အတိုင်းပြောတာပါ။ ပရိသတ်ပေးတာကလည်း Winner ဖြစ်တော့ အဲဒီလိုပဲ မှန်းထားခဲ့တာပါ။

(ဒုတိယဆုရှင်ဖြစ်သော မကြူကြူခိုင်သည် နိုင်ငံတော်က ဦးစီးကျင်းပသော ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၊ မြန်မာသံစဉ်ဂန္ထဝင်သီချင်းဆိုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၌ အကောင်းဆုံး ဆုရရှိခဲ့ဖူးသူ တစ်ဦးဖြစ်သည်။ မြို့မငြိမ်း၏ နှစ် ၁၀၀ ပြည့်မှာလည်း အကောင်းဆုံးဆု ရရှိခဲ့သူတစ်ဦးဖြစ်ကာ ရွှေဘိုခရိုင် ရေဦးမြို့နယ် ရေဦးပညာရေးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦးဖြစ်သည်)

**မောင်ဖြူလှ( တတိယဆုရှင်)**

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာနဲ့ ကျင်းပတဲ့ ငြိမ်းချမ်းရေးဂီတပွဲတော်မှာ ရခိုင်တိုင်းရင်းသားဖြစ်တဲ့အတွက် ရခိုင်ဒေသအပါအဝင် မငြိမ်းမချမ်းဖြစ်နေတဲ့ ဒေသတွေမှာ ငြိမ်းချမ်းစေချင်တဲ့ စိတ်ဆန္ဒနဲ့ ဒီငြိမ်းချမ်းရေးဂီတပွဲတော်ကြီးမှာ အခုလို တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရရမယ်ဆိုတဲ့ စိတ်နဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးနဲ့ လုပ်တဲ့ပွဲမှာ ဆုမရရင်လည်း ဒီပြိုင်ပွဲ ပြိုင်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဆုရတဲ့အတွက် ကိုယ့်ဒေသ ဂုဏ်ရှိလို့ ဝမ်းသာမဆုံးလည်းဖြစ်မိပါတယ်၊ ဆက်လက်ပြီးလည်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ဆက်လက် ဆောင်ရွက်သွားမှာပါ၊ ရခိုင်ဒေသမှာ လက်ရှိဖြစ်နေတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခဖြစ်နေတာတွေကို ငြိမ်းချမ်းစေချင်တယ်၊ ငြိမ်းချမ်းစေချင်တဲ့စိတ်ကြောင့်လည်း အခုလို ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်၊ မငြိမ်းမချမ်းဖြစ်နေတဲ့ ရခိုင်ဒေသမှာ ဒုက္ခရောက်နေကြတဲ့ ပြည်သူလူထုတွေ အမြန်ဆုံး အေးအေးချမ်းချမ်းနဲ့ ငြိမ်းချမ်းစေချင်လှပါပြီ၊ အမြဲလည်း ဆုတောင်းနေပါတယ်၊ ငြိမ်းချမ်းရေးအတွက် ပြုလုပ်တဲ့ပွဲမှာ အခုလိုပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဆုမရလည်း ကျွန်တော်ကျေနပ်နေမှာပါ။

(ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးတွင် တတိယဆုရရှိခဲ့သော မောင်ဖြူလှသည် နာမည်နှင့်လိုက်ဖက်အောင်ပင် ဖခင်မရှိတော့သည့်နောက်ပိုင်း မိခင်ကို အနုပညာဖြင့် လုပ်ကျွေးနေသော လူငယ်တစ်ဦးဖြစ်သည်။ ငယ်စဉ်ကတည်းက သီချင်းဝါသနာပါခဲ့ပြီး စတုတ္ထတန်းတွင် ဆို၊ က၊ ရေး တီး ပြိုင်ပွဲ၌ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံတော်အဆင့် ရွှေတံဆိပ်ရရှိခဲ့သည်။ အလားတူ ၂၀၀၉ ခုနှစ်တွင် ရွှေတစ်ခု၊ ၂၀၁၁ ခုနှစ်တွင် ကြေး၊ ၂၀၁၂ ခုနှစ်တွင် ရွှေတစ်ခုနှင့် ငွေတစ်ခု တို့ကိုရရှိထားပြီး အသက်ရှင်နေသမျှ အနုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုသွားမည့် တေးသံရှင် မျိုးဆက်သစ်တစ်ဦးပင် ဖြစ်ကြောင်း သိရသည် )

**“ လက်ရှိဖြစ်နေတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခဖြစ်နေတာတွေကို ငြိမ်းချမ်းစေချင်တယ်၊ ငြိမ်းချမ်းစေချင်တဲ့စိတ်ကြောင့်လည်း အခုလို ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်၊ မငြိမ်းမချမ်း ဖြစ်နေတဲ့ ရခိုင်ဒေသမှာ ဒုက္ခရောက်နေကြတဲ့ ပြည်သူလူထုတွေ အမြန်ဆုံး အေးအေးချမ်းချမ်းနဲ့ ငြိမ်းချမ်းစေချင်လှပါပြီ”**

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ တောင်ကုတ်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်ရေးရာကိစ္စများ ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သတင်းစဉ်**




# စက်မှုလယ်ယာဦးစီးဌာနမှ စက်ကြီးများဖြင့် ရခိုင်ပြည်နယ်အတွင်း မိုးစပါး ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော၊ ကွေ့ကညင်တန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ စုစုပေါင်း ၆၃၆၆ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။



**ရိတ်သိမ်းပြီးဖြစ်**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ စုစုပေါင်း ၄၂၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၅၅၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**မင်းပြားမြို့နယ်**

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇာကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၂၈၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၃၉၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါ လိန်၊ ကိုးတန်းကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၂၈၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

**ဘူးသီးတောင်မြို့နယ်**

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောင်းသီးနှံ မတ်ပဲ၊ မြေပဲ မျိုးသန့်စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်

**ရမ်းဗြဲ ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် သရက်ချိုကျေးရွာ၌ ဒီဇင်ဘာလပထမပတ်က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဆောင်းသီးနှံမတ်ပဲနှင့် မြေပဲမျိုးသန့် စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**နည်းပညာပေးလုပ်ဆောင်**

ကွင်းဆင်းဆောင်ရွက်ရာတွင် မြေပဲစိုက်တောင်သူများအတွက် မြေပဲမျိုးတောင့် ၇၂ တင်း ပေးအပ်ခြင်းနှင့် ဆောင်းသီးနှံ ပဲစိုက်တောင်သူများအတွက် ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေစေမည့် စိုက်ပျိုးရေးနည်းလမ်းကောင်းများ ကျင့်သုံးလာနိုင်ရေး၊ လက်ရှိအသုံးပြုလျက်ရှိသော ဒေသမျိုးများကို မျိုးကောင်းမျိုးသန့်များနှင့် အစားထိုးစိုက်ပျိုးနိုင်ရေး၊ ရေမြေဒေသနှင့် ကိုက်ညီသော၊အရည်အသွေးကောင်း၊ အထွက်ကောင်း ပဲမျိုးသစ်များ ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေးလုပ်ဆောင်ခဲ့သည်။

**သတင်းစဉ်**

# လက်ကမ်းစာစောင်ဖြန့်ဝေ၊ စိုက်ပျိုးနည်းပညာပေး

**မင်းပြား ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ချင်းဆိပ်ကျေးရွာအုပ်စုတွင် ဒီဇင်ဘာလပထမပတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများ ပူးပေါင်း၍ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် တောင်သူပညာပေးဆွေးနွေးခြင်းကို ကျေးရွာစာသင်ကျောင်းတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရခြင်းမှာ ကျေးလက်နေ တောင်သူများ အထွေထွေဗဟုသုတ ရရှိစေရန်၊ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ ရရှိစေရေးတို့အပြင် (GAP) စိုက်ပျိုးနည်းစနစ်များ၊ (SRI) စိုက်ပျိုးနည်းစနစ်များ၊ (Seeder) ဖြင့် စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးတတ်လာစေရန်နှင့် ဆောင်းသီးနှံပဲမျိုးစုံ သီးထပ်သီးညှပ် စိုက်ပျိုးရေးနည်းစနစ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

**မောင်တော ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွက် National Electrification Project (NEP) လုပ်ငန်းများ ဆောင်ရွက်မှုသည် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၆ ခုနှစ်က မောင်တောခရိုင်ရှိ ငွေတောင်၊ သာယာကုန်း၊ အောင်မင်္ဂလာ စသည့် ကျေးရွာသုံးရွာ၌ စတင်ခဲ့ပြီး ကျေးရွာနေပြည်သူများက ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်းကို ကျခံရပြီး ကျန်သည့်အပိုင်းကို နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများ ညပိုင်းအလင်းရောင်ရရှိပြီး လျှပ်စစ်ပစ္စည်းများ သုံးစွဲနိုင်ရန် ပံ့ပိုးပေးသည့် ဆိုလာမှာ Watt 30, 45, 60 တို့ ဖြစ်ကြောင်း သိရသည်။ ဆိုလာမီးဖြင့် လျှပ်စစ်မီးသုံးစွဲရမှု အခြေအနေကို ငွေတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေမောင်က "ကျွန်တော်တို့ရွာ ဆိုလာမီးရတာ ၂၀၁၆ ခုနှစ် ခုနစ်လပိုင်းကပါ၊ လျှပ်စစ်မီးရရှိဖို့ ကျွန်တော်တို့ ထည့်ဝင်ငွေကျပ်တစ်သောင်းကျော်ပေးရပါတယ်၊ ကုန်ကျစရိတ်ရဲ့ ၁၀ ရာခိုင်နှုန်းပါပဲ၊ ကျွန်တော့်မှာ သားသမီး ရှစ်ယောက်ရှိပါတယ်၊ ဆိုလာမီးမရခင်တုန်းက ညဘက်မှာ



ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေမောင်

ကလေးတွေ စာဖတ်ရတာ အဆင်မပြေပါဘူး၊ ဖယောင်းတိုင်ဖိုး လေးငါးရာလောက် ကုန်ကျပါတယ်၊ အခု ဆိုလာမီးရလာတော့ ကလေးတွေ စာကျက်ရတာလည်း အဆင်ပြေသွားပါပြီ"ဟု ပြောသည်။

မောင်တောဒေသ ကျေးရွာများအတွက် ဆိုလာဖြင့် လျှပ်စစ်မီးပေးနိုင်ရေး လုပ်ဆောင်နေသည့်အပြင် ရေပေးဝေရေး လုပ်ငန်းများကိုပါ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆိုပါဦးစီးဌာန၏ကြီးကြပ်မှုနှင့်အတူ ဒေသခံကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပေ ၁၀၀ ပတ်လည် ရေကန်လေးကန်ကို ရန်အောင်ပြင်၊ ဝက်ကျိန်း(မြို့)၊ အောင်ဇေယျ၊ ပြူးမ (ကညင်တန်း)ကျေးရွာများတွင် တူးဖော်လျက်ရှိပြီး အနက် ၂၅ ပေရှိ ရေတွင်းလေးတွင်းကို သရက်အုပ်၊ အထက်ပြူးမ၊ မင်္ဂလာညွန့်၊ ကာလာဒေးဘက်တို့တွင် တူးဖော်နေပြီး အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ၃၀ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရေကန်များ ခြံစည်းရိုးကာရံခြင်းနှင့် ရေတံကင်တပ်ဆင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နေဝင်းထွန်း၊ ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



မောင်တောမြို့ရေပေးဝေရေးအတွက် တူးဖော်နေသည့် ရေကန်ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်သတင်းများ

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာ၊ ခရေမြိုင် (တိုင်းရင်းသား) ကျေးရွာနှင့် ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတို့တွင် နွား သုံးကောင်၊ ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာ၊ မင်္ဂလာညွန့်(တိုင်းရင်းသား)ကျေးရွာနှင့် ကြိမ်ချောင်း (ရောနှော)ကျေးရွာတို့တွင် နွား နှစ်ကောင်၊ ဆိတ် တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာ၊ ရွက်ညိုတောင်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်လေးကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၂၉ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ်အကောင် ၆၉၀ တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က နွားများ ကာကွယ်ဆေးထိုးနေမှုကို တွေ့ရစဉ်။




## ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာ ဝတ္ထု(ပုံပြော)ပြိုင်ပွဲကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၁**
ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၄၃ နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရခိုင်ရိုးရာ ဝတ္ထု(ပုံပြော) ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူလတန်း(လွန်) ပြည်တော်သာကျောင်းမှ ကျောင်းသား ကျောင်းသူများက "ငရိုရခိုင်သား"တေးသီချင်းဖြင့် လည်းကောင်း၊ ရွှေပင်ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက "လေးဝတီယိမ်း" အကဖြင့် လည်းကောင်း၊ အမကကျောင်းကြီး လမ်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "သျှင်ဒိုင်ယိမ်း" အကဖြင့် လည်းကောင်း သရုပ်ဖော်အကဖြင့် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာဦးထွန်းအောင်ရွှေ (စစ်တွေညိုသန့်)က ရခိုင်ရိုးရာ ဝတ္ထု (ပုံပြော)ပြိုင်ပွဲ အမှတ်ပေး စည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ မိတ်ဆက်၊ ဟန်အမူအရာ၊ အသံကြည်လင်ပြတ်သားမှု၊ တင်ပြပုံ ကောင်းမွန်မှု၊ ပရိသတ်ဆွဲဆောင်မှုနှင့် နိဂုံးကောင်းမှု စသည့်အကြောင်းအရာများကို ပြောကြားသည်။

ရခိုင်ရိုးရာ ဝတ္ထု(ပုံပြော)ကို စစ်တွေမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီး ပညာသင်ကျောင်း စုစုပေါင်း ကျောင်း ၂၀ ကျော်မှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း၊ ရခိုင်ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် ဝတ္ထု (ပုံပြော)ပြိုင်ပွဲကို ပြန်လည်ဖော်ထုတ်ရခြင်းလည်း ဖြစ်ကြောင်း၊ ဆုများကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား၌ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှက ပြောသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ဖောင်းလောင်းရေလှောင်တမံမှ ဥတ္တရသီရိမြို့နယ်အတွင်းရှိ စိစစ်ရေသောက်အားလုံးကို နွေစပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေ ပေးဝေသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ စိစစ်ရေသောက်အားလုံးကို နွေစပါးစိုက်ပျိုးရန်အတွက် ဖောင်းလောင်းရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖောင်းလောင်းရေလှောင်တမံ၌ ယခုနှစ်အတွင်း ရေဝင်ရောက်မှုကောင်းမွန်သည့်အတွက် ရေဧက ၉၀၀၀ ကျော် သိုလှောင်ထားနိုင်လျက်ရှိကြောင်း၊ ဖောင်းလောင်းဆည်ရေသောက်စနစ်တစ်ခုလုံး၏ စိစစ်ရေသောက်ဧရိယာမှာ ဧက ၄၀၀ ဖြစ်ပြီး လက်ရှိသိုလှောင်ရေဖြင့် အဆိုပါ စိစစ်ဧကအားလုံးကို စိုက်ပျိုးရေ အပြည့်အဝပေးနိုင်မည် ဖြစ်သည့်အပြင် ပိုလျှံသည့်သိုလှောင်ရေများကို ငလိုက်ရေ လွှဲဆည်အတွင်းသို့ ထုတ်လွှတ်ပေးသွားမည်ဖြစ်သည်။

ဖောင်းလောင်းဆည်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ကွင်းဆင်းဆွေးနွေး၊ ဆောင်ရွက်ခြင်းများကို ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာတွင် ပြုလုပ်ခဲ့ပြီး တည်ဆောက်ရေး(၅) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများတက်ရောက်ကြပြီး ဆွေးနွေးညှိနှိုင်းမှုများအရ စိစစ်ဧကအပြင် တိုးချဲ့ဧက ၉၀ စုစုပေါင်း ဧက ၄၉၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်သည်။

အဆိုပါ ဖောင်းလောင်းရေလှောင်တမံမှ နွေစပါး လျာထားဧကပေါင်း ၄၉၀ ခန့်ကို ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ မည်သည့်နေ့တွင် ရေစတင်ပေးဝေမည်၊ မည်သည့်နေ့ရာအထိ စိုက်ပျိုးရေရောက်ရှိမည်၊ လိုက်နာရမည့် ဆည်မြောင်းဥပဒေ၊ စိုက်ပျိုးရေ လိုအပ်ပါက ဆက်သွယ်ရမည့် ပြည်သူ့ဝန်ထမ်းနှင့် တောင်သူမိတ်ဆွေတို့၏ အမည်နှင့် ဖုန်းနံပါတ် စသည်တို့ကို ဖော်ပြထားသော ဆိုင်းဘုတ်စိုက်ထူးခြင်း၊ တောင်သူနှင့် တွေ့ဆုံရှင်းလင်းပြောကြားခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅) ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုး( နေပြည်တော်)**




## အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)တွင် (ကာလတို) အသက်မွေးဝမ်းကျောင်းသင်တန်းများ အခမဲ့ သင်ကြားပေးမည်

**မကွေး ဒီဇင်ဘာ ၁၁**
မကွေးတိုင်းဒေသကြီး မကွေးမြို့ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (မကွေး) တွင် ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍(ကာလတို) အသက်မွေးဝမ်းကျောင်း သင်တန်းများကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### သင်တန်းများပါဝင်မည်

အဆိုပါ သင်တန်းများတွင် ပညာအရည်အချင်း လေးတန်းအောင်မြင်သူများအတွက် ဆိုင်ကယ်ပြင် သင်တန်း အပတ်စဉ် (၃)၊ ပန်းရန် သင်တန်းအပတ်စဉ်(၁)၊ Basic electronics သင်တန်း အပတ်စဉ် (၁)၊ ဂဟေဆက်သင်တန်း အပတ်စဉ် (၃)၊ ပညာအရည်အချင်း ရှစ်တန်း အောင်မြင်သူများအတွက် အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း အပတ်စဉ် (၃)၊ Computer Basic သင်တန်း အပတ်စဉ်(၅)၊ ပညာအရည်အချင်း ၁၀ တန်းအောင်မြင်သူများအတွက် English Speaking သင်တန်း အပတ်စဉ် (၁)အစရှိသည့် သင်တန်းများပါဝင်မည်ဖြစ်သည်။

### လေ့ကျင့် သင်ကြားပေး

"အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေကို အထောက်အပံ့ဖြစ်စေဖို့ ၂၀၁၅ ခုနှစ် ဇွန်လ ၂၇ ရက်က စပြီး သင်တန်းအားလုံး ဖွင့်လှစ်သင်ကြားပေးခဲ့တာပါ၊ ဒီတစ်ခါဖွင့်မယ့် ကာလတိုသင်တန်းတွေက အရင်တုန်းကဖွင့်ခဲ့တဲ့ ကာလတိုသင်တန်းတွေနဲ့ မတူဘဲ ထူးခြားမှုရှိပါတယ်၊ အဲဒါကတော့ ခုကျောင်းကပေးတဲ့ Certificate အပြင် သင်တန်းသား သင်တန်းသူတွေထဲက National Skill Standards Authority (NSSA) အမျိုးသား အဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပါရရှိအောင် ဖြေဆိုမယ့်သူတွေကို ဖြေဆိုနိုင်အောင် ကြိုတင်လေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ပါတယ်၊ အင်္ဂလိပ်စကားပြောတတ်ရင် အလုပ်အကိုင်ရဖို့ လွယ်ကူလို့ English Speaking သင်တန်းကို ဒီနှစ်မှာ သင်တန်းအသစ်အနေနဲ့ ဖွင့်ပေးထားပါတယ်၊ သင်တန်းလျှောက်ထားနိုင်ဖို့ အသက်အရွယ် ကန့်သတ်ချက် မရှိပါဘူး"ဟု အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)ကျောင်းအုပ်ကြီး ဦးသက်နိုင်က ပြောသည်။

### သုံးလကြာမြင့်မည်

ဆိုင်ကယ်ပြင် သင်တန်းတွင် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် HELVETAS Myanmar NGO အဖွဲ့အစည်း(မင်းလှ)၏ ထောက်ပံ့ကူညီမှုဖြင့် ဦးမြင့်အောင် ရန်ကုန်ဆိုင်ကယ်ပြင်ဆိုင် (မင်းလှ)တို့ပူးပေါင်းပါဝင်ပြီး သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်၍ နေထိုင်ရန် အဆောင်အခမဲ့ စီစဉ်ပေးထားကြောင်း၊ အခြားသင်တန်းများမှာ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ ဆိုင်ကယ်ပြင်သင်တန်းမှ သင်တန်းသား ၁၂ ဦး၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းမှ သင်တန်းသား ၂၀ ဦး၊ Computer Basic သင်တန်းမှ သင်တန်းသား ၄၈ ဦး၊ ဂဟေဆက်သင်တန်းမှ သင်တန်းသား ၂၄ ဦး မွေးထုတ်ပေးထားခဲ့ပြီး ယခုလက်ရှိ ဆိုင်ကယ်ပြင် သင်တန်းအပတ်စဉ် (၂)တွင် သင်တန်းသား ၁၈ ဦး ပညာသင်ကြားနေဆဲဖြစ်ကြောင်း သိရသည်။

### ကြိုတင်စာရင်းပေးသွင်း

အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက် လိုသူများအနေဖြင့် ဒီဇင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ အစိုးရနည်းပညာ အထက်တန်းကျောင်း (မကွေး) ကျောင်းသားရေးရာဌာနသို့ စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်း၊ ရပ်ဝေးမှ သင်တန်းတက်ချင်သူများ ဖောင်ထုတ်ယူရန် အခက်အခဲရှိပါက ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားပြီး သင်တန်းတက်သည့်အခါမှ သင်တန်းသား ဖောင်ဖြည့်၍လည်း ရကြောင်း သိရသည်။ **ဇော်ဇော် (မြို့သစ်)**

## မြေယာလျော်ကြေးငွေများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ဒီဇင်ဘာ ၈ ရက်က သာကေတတံတားသစ် ချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းမှ (မင်္ဂလာတောင်ညွန့်ဘက်ခြမ်း) လုပ်ငန်းခွင်နှင့် မလွတ်ကင်းသည့် မြေကွက်များအတွက် မြေယာလျော်ကြေးငွေများ ပေးအပ်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက အမှာစကားပြောကြားပြီး မြေယာလျော်ကြေး ရရှိသူများထံသို့ ချက်လက်မှတ်များ ပေးအပ်ခဲ့ရာ မြေယာလျော်ကြေး ရရှိသူများကိုယ်စား ဦးကောင်းညွန့်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့တွင် လူငယ်များ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တောင်ကြီးမြို့တွင် လူငယ်များ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၀ ရက် ည ၁၀ နာရီခွဲခန့်က ရှမ်းပြည်နယ် တောင်ကြီးမြို့ စိန်ပန်း ရပ်ကွက်နေ နေဇင်ထက်နိုင်(ခ)သားအို (၁၉ နှစ်)၊ လင်းလင်း(၂၆ နှစ်)၊ ကျော်လင်းထွေး (ခ)အီကို(၂၂ နှစ်)၊ ဖြိုးဝေဝင်း(၂၃ နှစ်)နှင့် လင်းလင်း(ခ)မာလစ် (၂၂ နှစ်)တို့သည် သစ်တောရပ်ကွက် ဇောတိကလမ်း ဗိုလ်ချုပ်ပန်းခြံ မြောက်ဘက် ဝင်ပေါက် အရှေ့ဘက် ပလက်ဖောင်း၌ ထိုင်နေစဉ် နေဇင်ထက်နိုင်(ခ)သားအို၏ နောက်ကျောအား အနောက်မှ အရှေ့သို့ လမ်းလျှောက်လာသူ လူတစ်ဦးက ခလုတ်တိုက်ပြီး ထိုသို့ ခလုတ်တိုက်မိသည်ကို မကျေနပ်သဖြင့် လင်းလင်း(ခ)မာလစ်နှင့် ကျော်လင်းထွေး(ခ)အီကိုက နောက်မှ လိုက်သွားကာ အဆိုပါလူအား လက်သီးဖြင့် ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နေဇင်ထက်နိုင်(ခ)သားအိုတို့ ထိုင်နေသည့် နေရာအနောက်ဘက်မှ အမျိုးသား ခုနစ်ဦး၊ ရှစ်ဦးခန့် (စိစစ်ဆဲ)သည် ဓားများကိုင်ဆောင် ရောက်ရှိလာကာ ထိုအထဲမှ အမျိုးသားတစ်ဦးက ဂီတာဖြင့် ရိုက်နှက်ခြင်း၊ ဓားဖြင့် ခုတ်ခြင်းတို့ပြုလုပ်ခဲ့သောကြောင့် နေဇင်ထက်နိုင်(ခ)သားအိုနှင့် ကျော်လင်းထွေး(ခ) အီကိုတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး လင်းလင်းတွင် ဒဏ်ရာများရရှိကာ သေဆုံး သွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းဖမ်းဆီးရာ ချမ်းသာရပ်ကွက်နေ စည်သူမောင် (ခ)အီးတီ (၂၃ နှစ်)၊ ကျောင်းကြီးစုရပ်ကွက်နေ စိုင်းနောင်နောင်မြတ်ထွန်း(ခ)အရှည်ကြီး (ခ)သားငယ်(၂၇ နှစ်)၊ ဒီရဲအောင်(၁၇ နှစ်)၊ စိုင်းဘိုဘို(၁၆ နှစ်)၊ ရေအေးကွင်း ရပ်ကွက်နေ ဖိုးသကြ်န်(ခ)ဝင်းသီဟ(၁၆ နှစ်)၊ ငြိမ်းချမ်းအောင်(ခ)ချက်ဖောင်း(၁၇ နှစ်)၊ သစ်တောရပ်ကွက်နေ ဟိန်းထက်အောင်(၁၇ နှစ်)တို့အား ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဂီတာ၊ အရိုး၊ အသွား ၁၂ လက်မခန့်ရှိ ဓားမြှောင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်တွင် အမှတ် ၆ အစုန် အမြန်ရထား ခဲဖြင့် ပစ်ပေါက်မှုဖြစ်ပွား

**ရေတာရှည် ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် သုံးမိုင်ခန့်အကွာ မြောက်နန်ချွန်ကျေးရွာအနီး၌ မန္တလေးမှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော အမှတ်-၆ အစုန် အမြန်ရထားအား ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် နေ့စွဲပါစာဖြင့် ရေတာရှည်မြို့မရဲစခန်းသို့ လာရောက်အမှုဖွင့် တိုင်တန်းခဲ့သည်။

ဒီဇင်ဘာ ၉ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်က တောင်ငူဘူတာသို့ ဆိုက်ရောက်လာသည့် အမှတ်(၆)အစုန်အမြန်ရထားမှ ရထားထိန်း ဦးအံ့ဇော်ဝင်း၏ တင်ပြချက်အရ ရေတာရှည်မြို့တောင်ဘက် သုံးမိုင်ခန့်အကွာ မြောက်နန်ချွန်ကျေးရွာအနီး ကြေးနန်းမိုင်တိုင်အမှတ် ၁၈၁/၁၁ နှင့် ၁၂ အကြားအရောက် ရထား၏ နောက်ဆုံးတွဲ BBTDEZ-14118 (ရထားထိန်းတွဲ)အား လမ်းအရှေ့ဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သည်ကို သိရှိသော်လည်း ညအချိန်ဖြစ်ခြင်းကြောင့် မည်သူမည်ဝါမှန်းသိရှိရခြင်းမရှိကြောင်း၊ ထို့နောက် ခဲဖြင့်ပစ်ပေါက်သည့် တွဲအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ အိမ်သာအပြင်ဘက်မှန်ချပ်ကွဲသွားခဲ့ပြီး ကာလတန်ဖိုး ငွေကျပ်တစ်သိန်း ဆုံးရှုံးခဲ့သည့်အတွက် ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ၌ သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွား

**မြောင်းမြ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ၌ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခန့်က လင်မယား ချင်း စကားများရာမှ သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ် တောင်ကလေး ကျေးရွာနေ ဒေါ်သန်းအေး(၄၃ နှစ်)သည် နေအိမ်၌ ရှိနေစဉ် မျက်နှာချင်းဆိုင် နေအိမ်မှ ညီမဖြစ်သူ မတင်တင်စန်း (ကွမ်းစိုက်သူ)က ခင်ပွန်းဖြစ်သူ သန်းဇော်နှင့် ကွမ်းရွက်စီရင်း စကားများ ရန်ဖြစ်၍ အော်သံကြားသဖြင့် အိမ်ရှေ့သို့ ထွက်ကြည့်ရာ မိခင် ဒေါ်ခင်ရီမှာ မတင်တင်စန်း၏ နေအိမ်သို့ သွားသည်ကို တွေ့ရှိပြီး မတင်တင်စန်း၏ နေအိမ်အနီး ရောက်ရှိစဉ် သန်းဇော်က ဓားမကိုင်၍ အိမ်ပေါ်မှဆင်းလာကာ မိခင်ဒေါ်ခင်ရီအား ဓားဖြင့် ခုတ်သဖြင့် လဲကျစဉ် ယောက်မ ဖြစ်သူ မစန္ဒာဦးက ဝင်ဆွဲရာ သန်းဇော်က ဓားဖြင့် နှစ်ချက်ခုတ်၍ ထွက်ပြေး သွားခဲ့သည်။

ဒေါ်သန်းအေးက မတင်တင်စန်း၏ နေအိမ်ပေါ်သို့ တက်ကြည့်ရာ ဆော့ကစားနေသည့် တူဖြစ်သူ လင်းလင်းထိုက်မှာ ဓားဒဏ်ရာဖြင့် ကြမ်းပြင်၌ သေဆုံးနေပြီး မတင်တင်စန်းမှာလည်း ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သန်းအေးက မိခင် ဒေါ်ခင်ရီ၊ ညီမ မတင်တင်စန်း၊ တူဖြစ်သူ လင်းလင်းထိုက်တို့အား ဓားမဖြင့် သေဆုံးအောင် ခုတ်ခဲ့ပြီး ယောက်မဖြစ်သူ မစန္ဒာဦးအား ပြတ်ရှဒဏ်ရာများရအောင် လုပ်ကာ ထွက်ပြေးသွားသူ သန်းဇော်အား အရေးယူပေးရန် မြောင်းမြ မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# ပြင်ဦးလွင်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ရဲအုပ်မင်းနိုင်ဦးနှင့် အဖွဲ့သည် သတင်းအရ ရပ်ကွက်ကြီး ၁၀ စံပယ်လမ်း အိမ်အမှတ် ၃-၇၂ နေ ဒေါ်ဆိုက်ချင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဒေါ်ဆိုက်ချင်အား နေအိမ်တွင် အသင့်တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဆီခဲဟု ယူဆရသော အမည်းရောင် အစေးခဲအလေးချိန် ၁ ဒသမ ၆၈ ကီလိုဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၇ ပြားနှင့် ငွေကျပ် ၁၀ သိန်းတို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ ဆေးဝါးများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရာ လွန်ခဲ့သည့် ငါးရက်ခန့်က သီပေါမြို့နယ် မန်လီကျေးရွာရှိ ရှမ်းအမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ပြီး ၎င်းကိုယ်တိုင် သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် ဒေါ်ဆိုက်ချင်အား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# စဉ့်ကူးမြို့နယ် စက်သုံးဆီအရောင်းဆိုင်၌ မျက်နှာဖုံးစွပ် လူသုံးဦးက ဓားကိုင်ဝင်ရောက်ကာ ငွေနှင့် ပစ္စည်းများယူဆောင်

**စဉ့်ကူး ဒီဇင်ဘာ ၁၁**

စဉ့်ကူးမြို့နယ် ရွာတော်လေးကျေးရွာ စိန်မြန်မာ စက်ဆုံးဆီ အရောင်းဆိုင်၌ ဆိုင်ဝန်ထမ်းများ အိပ်ပျော်နေစဉ် ဆိုင်အတွင်းသို့ မျက်နှာဖုံးစွပ်ထားသူ သုံးဦးက ဓားကိုင်ခြိမ်းခြောက် ဝင်ရောက်ကာ ငွေနှင့် ပစ္စည်းများ လုယက်ယူဆောင်သွားမှု ဒီဇင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့သည်။



စိန်မြန်မာ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးကျော်လင်းဦးသည် ဆိုင်ရုံးခန်း အနောက်ဘက်ရှိ အိပ်ခန်းအတွင်း အိပ်ပျော်နေစဉ် မျက်နှာဖုံးစွပ် လူ သုံးဦးသည် အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကာ ဓားရှည်များပြပြီး အင်္ကျီအိတ်ကပ်အတွင်း ထည့်ထားသော ငွေကျပ် နှစ်သောင်းကျော်နှင့် ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဖုန်း သုံးလုံးတို့ကို ခြိမ်းခြောက်ယူဆောင်ခဲ့သည်။

ဆက်လက်၍ ဆိုင်ဝန်ထမ်း သူရမောင်အား ဝိုင်ယာကြိုးများဖြင့် တုပ်၍ ရုံးခန်းအတွင်းရှိ သံသေတ္တာနှင့် ကောင်တာအံဆွဲတို့အား သံရိုက်တူဖြင့် ရိုက်ဖျက်ကာ ငွေကျပ် ၈၄၀၀၀၀ ကျော်ကို ယူဆောင်ပြီး လက်ပန်လှ ကျေးရွာဘက်သို့ ၎င်းတို့ စီးနင်းလာသည့် ဆိုင်ကယ်ဖြင့် ထွက်ခွာသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့် ဆောင်ရွက်ထားရှိခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် နံနက် ၃ နာရီ ၂၅ မိနစ်တွင် လက်ပန်လှ ရဲကင်းမှူး ရဲအုပ်ကျော်ခိုင်မိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အမှုမှ ကျူးလွန် ထွက်ပြေးတိမ်းရှောင်သွားသူများအား တိုင်ချက်ပါ ပုံသဏ္ဌာန်များအရ သွားရောက်ရှာဖွေရာ ကျည်တောက်ပေါက် ကျေးရွာ အမှတ် ၈ ရပ်ကွက် လူမနေသော တဲအိမ်အတွင်း မသင်္ကာဖွယ်လူငယ်တစ်ဦးအား တွေ့ရှိ၍ စစ်ဆေးရှာဖွေ ရာ ၎င်းတို့မှာ ထွန်းလင်းအောင်(၂၇ နှစ်) ရုံးပင်ချပ်ရပ် နေသူနှင့် ကျော်ဆန်းဝင်း(၁၈ နှစ်) ရွှေလုပ်သား ကျောက်ချောင်းရပ်နေသူများဖြစ်ကြောင်း သိရကာ ၎င်းတို့ထံမှ ငွေကျပ် ၃၇၀၀၀၀ ခန့်နှင့် ဖုန်းနှစ်လုံး အရိုးအသွား ၁၉ လက်မရှိ ဓားဦးချွန်တစ်ချောင်းတို့နှင့်အတူ တွေ့ရှိရပြီး နောက်တစ်နေ့တွင် ၎င်းတို့အဖွဲ့က ကျန်ရှိသူ လူမုန်းဆိုသူ ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွန်းလင်းအောင်၊ ကျော်ဆန်းဝင်းနှင့် လူမုန်းတို့အား လက်ပန်လှရဲကင်းစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး**

# တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားများ သယ်ဆောင်သည့်ယာဉ်နှစ်စီး ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၈ စီး၊ သွင်းကုန် ၉၁၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး ၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၉၂၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၁၂ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆၃၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၀ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၅ မိုင် ၆ ဖာလုံ ကောင်းဆာ ကျေးရွာအနီးနှင့် မိုင်တိုင်အမှတ် ၁၉၁ မိုင် ၅ ဖာလုံ ပန်ဖတ် ကျေးရွာအနီး၌ Toyota Mark II ယာဉ်တစ်စီးနှင့် ODYSSEY ယာဉ်တစ်စီးတို့ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းတွင် စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ဓားရွှေသစ်နှင့် ပိတောက်ခွဲသား ၂၃၄ တုံး ၀ ဒသမ ၉၇၅၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၂၇ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလောမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ် (၅၉/၁)၌ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် ကလောမြို့ဘက်မှ သာစည်မြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးသည် နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးခဲ့သည်။

အဆိုပါ မော်တော်ယာဉ်သည် ကလောမြို့နယ် ရေယောင်းမကျေးရွာ မိုင်တိုင် အမှတ်(၆၄/၁) အနီး၌ မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်တစ်အိတ်ကို ကားလမ်းဘေး ချုံထဲပစ်ချပြီး ဆက်လက်မောင်းနှင်သွားသဖြင့် ပိတ်ဆို့ဖမ်းဆီးစဉ် ကလောမြို့နယ် ရေယားကျေးရွာအနီး၌ ယာဉ်မောင်း ကျော်ဇေယျလင်း(ခ)ဘာစစ်နှင့် ဇော်မင်းနိုင်(ခ)ကမားတို့အား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိုးနိုင်(ခ)ယူနွတ်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ကားလမ်းဘေး ချုံထဲမှ ဆာလာအိတ်နှင့် မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၊ မော်တော်ယာဉ်၏ ဒက်ဘုတ်အတွင်းမှ ငွေလွှဲပြေစာ တစ်ရွက်၊ ရန်ကုန်မှ တောင်ကုတ်သို့ ပီနံအိတ် ကိုးအိတ် ပို့ဆောင်ထားသည့် ကုန်လက်ခံပြေစာ တစ်ရွက်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကုတ်မြို့နယ် ဝက်ကျိတ်ကျေးရွာ အုပ်စု မှိုဟင်းတောကျေးရွာအနီး သဘော်ဆိပ်ရှိ ငလုံးတောင်၏ ကုန်ဂိုဒေါင်ကို ယင်းနေ့ ည ၉ နာရီ ၄၅ မိနစ်က ရှာဖွေရာ ဇော်မင်းနိုင်(ခ)ကမား ပေးပို့သည့် ပီနံအိတ် ကိုးအိတ်အတွင်းရှိ ကော်ဘူးများနှင့် စတီးပေါင်းအိုးများ အတွင်း ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ကုန်စည်ပို့ဆောင်ရေး တာဝန်ခံ ငလုံးတောင်(ခ)ခင်မောင်ဆင့် (၅၉ နှစ်)၊ စံသိန်း(၅၈ နှစ်)နှင့် မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူ ကျော်ဇေယျလင်း(ခ)ဘာစစ် (၂၂ နှစ်)၊ ဇော်မင်းနိုင်(ခ)ကမား(၂၅ နှစ်)၊ စိုးနိုင်(ခ)ယူနွတ် (ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျော်ဇေယျလင်း(ခ)ဘာစစ် နှင့် ဇော်မင်းနိုင်(ခ)ကမား



ငလုံးတောင်(ခ)ခင်မောင်ဆင့်နှင့် စံသိန်း




# ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယူ-၁၉ ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအုပ်စု ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၂ ရက် (**ယနေ့**)စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၂၁ အသင်းသည် အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပထမနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာယူ-၂၁ အသင်းနှင့် ဗီယက်နမ်ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်ဗီယက်နမ် ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Thanh Nien သတင်းစာ၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ် ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်း၊ မြန်မာယူ-၂၁အသင်း၊ ထိုင်း ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ အဆင့် ၃/၄ နေရာရ အသင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်း ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ယိုကိုဟားမားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ မွန်ဂိုလီးယားလက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး MNL ညွှန့်ပေါင်းအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

**ရဲရင့်ရှိန်း**

❍ *ကျောဖုံးမှ*

ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပွဲပြီးခါနီးတွင် ဥဇဘက်ကစ္စတန် ကွင်းလယ်လူအလီဂျိုနော့ဗ် ကြမ်းတမ်းစွာကစားခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

ဥဇဘက်ကစ္စတန်အသင်းသည် တစ်ယောက်လျော့နေသော်လည်း ချေပဂိုးရရန် ဒုတိယပိုင်းတွင် ဆက်တိုက်ဖိကစားခဲ့ပြီး ဂိုးရလုအခြေအနေများရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ မြန်မာအသင်းသက်သာရာရခဲ့သည်။

၇၄ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် မောင်မောင်လွင်ပေးသောဘောလုံးကို ကွင်းလယ်လူ လွင်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၈ မိနစ်တွင် ဥဇဘက်ကစ္စတန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ဘိုဘီရာက သွင်းယူခဲ့သည်။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဥဇဘက်ကစ္စတန်အသင်း ချေပဂိုးထပ်ရခဲ့ပြီး ပယ်နယ်တီမှ တစ်ဆင့် အသင်းခေါင်းဆောင် အူရာနော့ဗ်က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ဗီယက်နမ်အသင်းက တစ်ပွဲ ကစား၊ တစ်ပွဲနိုင် သုံးမှတ်၊ ဥဇဘက်ကစ္စတန်အသင်းက တစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်ရထားသည်။

**ရဲရင့်ရှိန်း**

❄ *ကျောဖုံးမှ*

နိုင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ MNL ကလပ် မကွေးအသင်းသည် ၂၀၁၈ ရာသီအတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မကွေးအသင်းတွင် လက်ရွေးစင်ဟောင်းများဖြစ်သည့် ကျော်ဇင်ဖြိုး(ဂိုး)၊ နန္ဒကျော်စသည့် ကစားသမားများက ဦးဆောင်ကစားမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်အသင်းနှင့် ကစားမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**

# ချန်ပီယံလိဂ် ၁၆သင်းအဆင့်ပွဲစဉ်နှင့် ယူရိုပါလိဂ် ၃၂သင်းအဆင့်ပွဲစဉ်များ ထွက်ပေါ်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်အသင်းများကို ဒီဇင်ဘာ ၁၁ရက် (တနင်္လာနေ့) ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။

အုပ်စုပထမနှင့် ဒုတိယအသင်းများခွဲ၍ မဲနှိုက်ရွေးချယ်ခဲ့ရာတွင် အီတလီကလပ် ဂျူဗင်တပ်စ်နှင့် အင်္ဂလန်ကလပ် စပါး၊ ဆွစ်ဇာလန်ကလပ် ဘေဆယ်လ်နှင့် အင်္ဂလန် ကလပ် မန်စီးတီး၊ ပေါ်တူဂီကလပ် ပေါ်တိုနှင့် အင်္ဂလန်ကလပ် လီဗာပူး၊ စပိန်ကလပ် ဆီဗီလာနှင့် အင်္ဂလန်ကလပ် မန်ယူ၊ စပိန်ကလပ် ရီးရဲမက်ဒရစ်နှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီ၊ ယူကရိန်းကလပ် ရှက်တာဒိုးနက်ခ်နှင့် အီတလီကလပ်ရိုးမား၊ အင်္ဂလန်ကလပ် ချယ်လ်ဆီးနှင့် စပိန်ကလပ် ဘာစီလိုနာ၊ ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်နှင့် တူရကီကလပ် ဘက်ဆစ်တပ်စ်တို့ တွေ့ဆုံခဲ့သည်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတွင် အပြီးသတ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲကြီးကို ၂၀၁၈ ခုနှစ် မေ ၂၆ ရက် ညပိုင်းတွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့ အိုလံပစ်စကီးကွင်းကြီး၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပွဲစဉ်များ ရွေးချယ်အပြီးတွင် ယူရိုပါလိဂ် ၃၂ သင်းအဆင့်ပွဲစဉ်များကို ဆက်လက်ရွေးချယ်ခဲ့သည်။ ၃၂သင်းအဆင့်တွင် တွေ့ဆုံမည့်အသင်းများမှာ ဒေါ့မွန်နှင့် အတ္တလန္တာ၊ နိုက်စ်နှင့် လိုကိုမိုးတစ်မော်စကို၊ ကိုပင်ဟေဂင်နှင့် အက်သလက်တီကို၊ စပါးတပ်မော်စကိုနှင့် ဘီလ်ဘာအို၊ အေအီးကေအေသင်နှင့် ဒိုင်နမိုကိဗ်၊ ဆဲလ်တစ်နှင့် ဇင်းနစ်၊ နာပိုလီနှင့် လိုက်ပ်ဇစ်၊ ကာဗီနာနှင့်



စီအက်စ်ကေအေမော်စကို၊ လိုင်ယွန်နှင့် ဗီလာရီးရဲလ်၊ ဆိုစီဒက်နှင့် ဆာ့လ်ဘတ်၊ ပါတီဇန်နှင့် ဗစ်တိုးရီးယားပါလ်ဇန်၊ စတူအာဘူခါရက်နှင့် လာဇီယို၊ လူဒိုဂိုရက်စ်နှင့် အေစီမီလန်၊ အက်စ်တာနာနှင့် စပို့တင်းလစ္စဘွန်း၊ အော့စ်တာဆန့်နှင့် အာဆင်နယ်၊ မာဆေးနှင့် ဘရာဂါတို့ တွေ့ဆုံခဲ့သည်။

ယူရိုပါလိဂ် ဗိုလ်လုပွဲကြီးကို ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**

## (၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော် ဖိတ်ကြားလွှာ

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်လူမှုအသင်းအဖွဲ့များ စုပေါင်းပါဝင်လျက် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

| နေ့ရက် | အချိန် | နေရာ | အကြောင်းအရာ |
|---|---|---|---|
| ၁၅-၁၂-၂၀၁၇ရက် (သောကြာနေ့) | နံနက်၈း၃၀နာရီ | ရခိုင်ပြည်နယ်ဓမ္မာရုံ ရွှေတိဂုံဘုရားအရှေ့မုခ် | ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်ရခိုင်တံခွန်ဆုချီးမြှင့်ပွဲ |
| ၁၆-၁၂-၂၀၁၇ရက် (စနေနေ့) | နံနက်၁၀နာရီမှ ညနေ၅နာရီအထိ | တိုင်းရင်းသားကျေးရွာ သာကေတ | ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ ရိုးရာအစားအသောက်၊ အမှတ်တရပစ္စည်းရောင်းချပွဲ |
| ၁၇-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) | နံနက် ၁၀နာရီမှ ညနေ၅နာရီအထိ | တိုင်းရင်းသားကျေးရွာ သာကေတ | ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ ရိုးရာအစားအသောက်၊ အမှတ်တရ ပစ္စည်းရောင်းချပွဲ၊ ရခိုင်ရိုးရာ အကပဒေသာနှင့်တေးဂီတဖျော်ဖြေပွဲ |

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ကျင်းပရေးကော်မတီ(ရန်ကုန်)
ဆက်သွယ်ရန်-ဥက္ကဋ္ဌ ဦးသာ်ကျော်-ဖုန်း-၀၉-၄၂၈၆၆၇၂၈၈၊ ၀၉-၉၇၂၀၁၅၁၆၀
-ဒု-ဥက္ကဋ္ဌ ဦးစံအေး-ဖုန်း-၀၉-၄၂၀၁၅၂၅၈၃
-အတွင်းရေးမှူး(၁)ဗျာလ(ခ)တင်မောင်ဝင်း-ဖုန်း-၀၉-၂၆၂၉၇၃၇၃၃

# ရန်ကုန်တက္ကသိုလ်

## ရာပြည့်အကြို (၉၇) နှစ်မြောက် အထိမ်းအမှတ်

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို **(၁၄-၁၂-၂၀၁၇ မှ ၁၇-၁၂-၂၀၁၇)** အထိ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့တွင် စာအုပ်ဆိုင်ခန်းပေါင်း **(၁၇၀) ခန့်** အထူးနှုန်းဖြင့် ရောင်းချပေးပါမည်။ ၎င်းအပြင် ၄ အုပ် (၁၀၀၀)၊ ၅ အုပ် (၁၀၀၀) ပုံရောင်းမည့်ဆိုင်များ ရွေးဟောင်းရှားပါး စာအုပ်ရောင်းချမည့် အရောင်းဆိုင်များပါဝင်ကြမည် ဖြစ်သောကြောင့် စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက် ဝယ်ယူအားပေးနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ ပူးပေါင်းပါဝင် ကူညီသည်။**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## e-Government ဌာန လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ e-Government ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် Video Conferencing စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ထောက်ပံ့ရေးဌာနစိတ်၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ၁၄-၁၂-၂၀၁၇ရက်မှ စတင်၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၂၂-၁၂-၂၀၁၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၇၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**သတင်းအချက်အလက်နည်းပညာနှင့်**
**ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**
**ရုံးအမှတ်(၂)နေပြည်တော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## မွေးသက္ကရာဇ် အမှန်

ဝ္မမြို့နယ်၊ ဆပ်သွားကျေးရွာနေ ဦးဝင်းမြင့်အောင်၏ သား မောင်ကိုကိုအောင် ၁၁/သတန(နိုင်)၀၉၄၅၃၀ ၏ မွေးသက္ကရာဇ် အမှန်မှာ ၇-၇-၁၉၉၉ ဖြစ်ပါကြောင်း။ **မောင်ကိုကိုအောင်**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၂၂-က)၊ညောင်ပင်သာကွင်း၊ ဦးပိုင်အမှတ်(၈၃/၅)၊ ဧရိယာ ၀ဒသမ၉၂ ဧက၊ အရှေ့လားသော် ဒေါ်ပဲလှော်၏နေအိမ်၊ အနောက်လားသော် ဒေါ်စန်းနှင့် ဒေါ်ကြည်တို့၏ နေအိမ်၊ တောင်လားသော်လမ်း၊ မြောက်လားသော် ဦးငွေဦး၏ နေအိမ်ရှိမြေအား စက်မှုမြေငှားဂရန်ရရှိရန် ဦးအောင်နိုင်စိုးမှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူသို့ စက်မှုမြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ကြီးမြို့**

## ကယားပြည်နယ်အစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကယားပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းရှိ ပို့ကုန်/သွင်းကုန် ကုန်စစ်စင်နှင့် အခြားဆက်စပ်လုပ်ငန်းများတည်ဆောက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၁-၁၂-၂၀၁၇ရက်မှ ၃-၁-၂၀၁၈ ရက်အထိ
(ခ) **တင်ဒါရွေးချယ်မည့်ရက်** - ၅-၁-၂၀၁၈ရက် နံနက် ၉း၃၀ နာရီ
(ဂ) **တင်ဒါစိစစ်မည့်နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီမံ/ဘဏ္ဍာရုံးခန်း၊ လွိုင်ကော်မြို့။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို စားသုံးသူရေးရာ ဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၃-၂၂၂၁၀၀၅၊ ၀၈၃-၂၂၂၁၄၉၇များတွင် ၁၁-၁၂-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့**

# ဂျေရုဆလင်၌ ပါလက်စတိုင်းပြည်သူတစ်ဦးက အစ္စရေးလုံခြုံရေးအစောင့်တစ်ဦးကို ဓားဖြင့် တိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၁**

ဂျေရုဆလင်မြို့လယ်ကောင်ရှိ ဘတ်စ်ကားမှတ်တိုင်အပြင်ဘက်တွင် တနင်္ဂနွေနေ့တွင် ပါလက်စတိုင်း ပြည်သူတစ်ဦးက ဓားဖြင့်ထိုးနှက် တိုက်ခိုက်ခဲ့မှုကြောင့် အစ္စရေးလုံခြုံရေး အစောင့်တစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

အနောက်ဘက် ကမ်းပါးမှ အသက် ၂၄နှစ်အရွယ်ရှိ ပါလက်စတိုင်းဒေသခံတစ်ဦးက လုံခြုံရေးအစောင့်ကို ဓားဖြင့်ထိုးခဲ့ပြီးအခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်ကိုရဲတပ်ဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအနေဖြင့် ဖော်ပြခဲ့သည်။

အခင်းဖြစ်ပွားခဲ့သည့် အနီးအနားရှိ အရပ်သားတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက သံသယရှိသည့် ဓားကိုင်တိုက်ခိုက်သူအားလိုက်လံဖမ်းဆီးနိုင်ခဲ့သည်ဟု သိရသည်။

အစ္စရေးရှိ Magen David Adom အရေးပေါ်ဆေးအဖွဲ့၏ ပြောကြားချက်အရ အသက် ၂၅ နှစ်ရှိ အစ္စရေးအစောင့်သည် ဓားဖြင့် တိုက်ခိုက်ခံရပြီးနောက် ပြင်းထန်သည့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့်အတွက် ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ် ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်သည့်အတွက် တင်းမာမှုများ ပိုမိုကြီးထွားလာခဲ့ချိန်တွင် ယင်းဖြစ်ရပ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ပါလက်စတိုင်းပြည်သူများနှင့် အစ္စလာမ်ဘာသာဝင်များက ယင်းဆုံးဖြတ်ချက်ကို အပြင်းအထန်ကန့်ကွက်ခဲ့ပြီး ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြသည်။

ထရန့်သည် အစ္စရေးနိုင်ငံတဲလ်အဗစ်ရှိ အမေရိကန်သံရုံးကိုလည်း ဂျေရုဆလင်သို့ အမြန်ဆုံးရွှေ့ပြောင်းအခြေစိုက်ရန် ညွှန်ကြားခဲ့သည်။

ထရန့်၏ ကြေညာချက်ကို ကန့်ကွက်သည့်အနေဖြင့် ပါလက်စတိုင်းက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။ ပါလက်စတိုင်းနယ်နိမိတ် အတွင်းပြီးခဲ့သည့်ရက်များအတွင်းက ဆန္ဒဖော်ထုတ်မှုများစွာပေါ်ပေါက်ခဲ့ပြီး ဥရောပမြို့ကြီး



အချို့အပါအဝင် အစ္စလာမ့်နိုင်ငံရှိ မြို့ကြီးအများစုတို့တွင် ဆန္ဒဖော်ထုတ်မှုများပေါ်ပေါက်ခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဆန္ဒထုတ်ဖော်မှုများအတွင်း ဂါဇာဒေသနှင့် အနောက်ဘက်ကမ်းပါးတို့တွင် အစ္စရေးလုံခြုံရေးအင်အားစုများနှင့် ဆန္ဒထုတ်ဖော်သူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် ပါလက်စတိုင်းပြည်သူ လေးဦးသေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ပြီဖြစ်သည်။

**ရိုက်တာ**

# အိန္ဒိယမြောက်ပိုင်း၌ ထရပ်ကားတစ်စီးနှင့် ထွန်စက်တစ်စီးတိုက်မိပြီး ၁၀ ဦး သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ တနင်္လာနေ့က ကုန်တင်ထရပ်ကားတစ်စီးနှင့် ထွန်စက်တစ်စီးတို့ တိုက်မိခဲ့ရာ လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး ခြောက်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုသည် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မြို့တော် လပ်နော်အရှေ့တောင်ဘက်မှ ၂၈၅ ကီလိုမီတာခန့်အကွာရှိ Mirzapur ဒေသတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ လူငါးဦးမှာ အခင်းဖြစ်ပွားရာ၌ပင် သေဆုံးခဲ့ခြင်းဖြစ်ပြီး နောက်ထပ်ငါးဦးမှာ ဆေးရုံသို့ပို့ဆောင်စဉ်လမ်း၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုအတွင်းထိခိုက်ဒဏ်ရာရရှိခဲ့သူခြောက်ဦးမှာ ဆေးကုသမှုခံယူနေဆဲဖြစ်ပြီး အချို့မှာအရေးပေါ်အခြေအနေတွင်ရှိနေကြောင်းသိရသည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ထွန်စက်ဖြင့် လိုက်ပါလာကြသူများမှာ ဒေသဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းမှုပြုလုပ်ပြီး ပြန်လာကြသူများဖြစ်ကြောင်း သိရသည်။

ဒေသခံများ၏ ပြောပြချက်အရ နံနက်ခင်းတွင် မြူများထူထပ်စွာကျရောက်နေမှုက သေစေလောက်သည့် ယာဉ်တိုက်မှုကို ဖြစ်ပွားစေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို သိရှိနိုင်ရန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင် လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် ယာဉ်မတော်တဆမှုများသည် အဖြစ်များပြီး ခံနိုင်ဝန်ထက်ပိုမိုတင်ဆောင်ခြင်း၊ လမ်းအခြေအနေဆိုးရွားခြင်းနှင့် နမော်နမဲ့မောင်းနှင်ခြင်းတို့ကြောင့် မကြာခဏဖြစ်ပွားကြောင်း သိရသည်။

**ဆင်ဟွာ**

# မင်ဒါနာအိုဒေသတွင် စစ်အုပ်ချုပ်ရေးကြေညာမှုကို တစ်နှစ်အထိ အချိန်တိုးမြှင့်ရန် ဖိလစ်ပိုင်သမ္မတ စီစဉ်

**မနီလာ ဒီဇင်ဘာ ၁၁**

ဖိလစ်ပိုင်သမ္မတဒူတာတေးသည် နိုင်ငံတောင်ပိုင်းရှိ မင်ဒါနာအိုကျွန်းတွင် အရေးပေါ်စစ်အုပ်ချုပ်ရေးကြေညာခဲ့မှုကို အချိန်ထပ်တိုးရန် ကွန်ဂရက်လွှတ်တော်၌ တောင်းဆိုတင်ပြသွားမည် ဖြစ်ကြောင်း အစိုးရအဖွဲ့ အာဏာပိုင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အကြီးမားဆုံးလုံခြုံရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည့် ဖိလစ်ပိုင်တောင်ပိုင်းမာရဝီမြို့ရှိ အစိတ်အပိုင်းများကို အိုင်အက်စ်စစ်သွေးကြွများက ကျူးကျော်ခဲ့ပြီးနောက်တွင် ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် လူ၂၂သန်းရှိသည့် ပဋိပက္ခဖြစ်ပွားရာဒေသကိုမေ ၂၃ရက်တွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့သည်။



မင်ဒါနာအိုဒေသတွင် မာရှယ်လော ထုတ်ပြန်ထားမှုကို တစ်နှစ်ထပ်မံတိုးချဲ့ရန် ဖိလစ်ပိုင်ခေါင်းဆောင်က တောင်းဆိုမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

Maoist guerrillas အုပ်စု၊ အိုင်အက်စ်စစ်သွေးကြွ အုပ်စုများနှင့် ခွဲထွက်ရေးအုပ်စုများ၏ ခြိမ်းခြောက်မှုမှကာကွယ်ရန် စစ်အုပ်ချုပ်ရေးကို သက်တမ်းတိုးသင့်ကြောင်း သမ္မတရုံးဆက်သွယ်ရေးအရာရှိ မာတင်အန်ဒါနာက ပြောသည်။

အိုင်အက်စ် စစ်သွေးကြွများနှင့် ဆက်စပ်နေသည့် စစ်သွေးကြွများသည် အရှေ့တောင်အာရှတွင် ခြေကုပ်ရယူနိုင်ရေး မာရဝီမြို့၏ အစိတ်အပိုင်းများကို သိမ်းပိုက်ထားခဲ့ပြီး တပ်သားသစ်စုဆောင်းရေးကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း အန်ဒါနာက ပြောသည်။

ယင်းအဖွဲ့မှာ အခြားသောမြို့များကိုလည်း တိုက်ခိုက်ရန်စီစဉ်နေကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

**ရိုက်တာ**

# အစ္စရေးကို အကြမ်းဖက်နိုင်ငံဟု သမ္မတအာဒိုဂန်ပြောကြား



**အန်ကာရာ ဒီဇင်ဘာ ၁၁**

တူရကီသမ္မတ ယီဆက်တေယစ်အာဒိုဂန်က အစ္စရေးနိုင်ငံကို ပါလက်စတိုင်းပြည်သူများ၏ ပိုင်နက်နယ်မြေများကိုဆက်လက်သိမ်းပိုက်နေသည့် အကြမ်းဖက်နိုင်ငံဟု ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

သမ္မတအာဒိုဂန်သည် တနင်္ဂနွေနေ့ကမိန့်ခွန်းပြောကြားရာတွင် ထိုသို့ခေါ်ဝေါ်သုံးနှုန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မကြာသေးမီက ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ်သတ်မှတ်လိုက်သည့် အမေရိကန်သမ္မတထရန့်၏ ဆုံးဖြတ်ချက်ကိုလည်း အကြီးအကျယ်ဝေဖန်ရှုတ်ချခဲ့သည်။

ထိုသို့သုံးနှုန်းခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ၎င်းအနေဖြင့် ပါလက်စတိုင်းရှိ အစွန်းရောက် အစ္စလာမ့်ဝါဒီများကို အကူအညီပေးခဲ့သည့် ခေါင်းဆောင်တစ်ဦးထံမှ ကိုယ်ကျင့်တရားအကြောင်း သင်ခန်းစာပို့ချမှုများကို နားထောင်လေ့မရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တူရကီက အစ္စရေးသည် ပါလက်စတိုင်းပိုင်နက်မြေများကို ကျူးကျော်သိမ်းပိုက်ခဲ့မှုများအတွက် တာဝန်ယူသင့်သည်ဟု ပြောကြားသည်။ နိုင်ငံရေးလေ့လာသူများက တူရကီသည် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း၏ အရေးပေါ်အစည်းအဝေး၌ ထရန့်၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မည်ကဲ့သို့ကိုင်တွယ်ဆောင်ရွက်သွားကြမည်ကို ဦးဆောင်ဆွေးနွေးသွားဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

## ဂျပန်နှင့် တရုတ်ဆက်ဆံရေး ပုံမှန်အတိုင်းပြန်ဖြစ်ရန် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ မျှော်လင့်

**ပေကျင်း ဒီဇင်ဘာ ၁၁**

ဂျပန်နှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေး အခြေအနေကို ပုံမှန်အခြေသို့ ပြန်လည်ရောက်ရှိလာစေရန် မျှော်လင့်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

ဝမ်သည် ပြီးခဲ့သည့် စနေနေ့က ပေကျင်း၌ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်မှုရရှိစေရေးအတွက် ဂျပန်နိုင်ငံက မကြာသေးမီတွင် ကြိုးပမ်းအားထုတ်ခဲ့မှုများအပေါ် စိတ်ဝင်တစားရှိနေသည်ဟု ဝမ်က ပြောကြားသည်။ တရုတ်နိုင်ငံ၏ One Belt One Road စီးပွားရေးကြိုးပမ်းမှုတွင် ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်နေကြောင်းကိုလည်း ဝမ်က အလေးအနက် ပြောကြားခဲ့သည်။

ဆက်ဆံရေးကို ပုံမှန်အခြေအနေအတိုင်း ပြန်လည်ကောင်းမွန်လာစေရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားရန် မျှော်လင့်လျက်ရှိသည်ဟု ဝမ်က ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ပါလက်စတိုင်းနှင့် အစ္စရေး ပဋိပက္ခများ ဆက်လက်ဖြစ်ပွား

**တဲလ်အဗစ် ဒီဇင်ဘာ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် ပါလက်စတိုင်းပြည်သူများက ဆန္ဒထုတ်ဖော်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပဋိပက္ခများကြောင့် သေဆုံးသူ လေးဦးရှိခဲ့ပြီဖြစ်ပြီး နှစ်ဦးမှာ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။ စနေနေ့က ဆန္ဒထုတ်ဖော်သူများနှင့် အစ္စရေးလုံခြုံရေးအင်အားစုတို့ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုများအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၂၁၅ ဦးရှိခဲ့ကြောင်း ပါလက်စတိုင်း လခြမ်းနီအဖွဲ့က ပြောကြားခဲ့သည်။

ဆန္ဒ ထုတ်ဖော်သူများသည် အနောက်ဘက် ကမ်းပါးမြို့များဖြစ်သည့် Bethlehem နှင့် Hebronတို့ရှိ အစ္စရေးတပ်ဖွဲ့ဝင်များအား ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ အစ္စရေးတပ်ဖွဲ့ဝင်များက ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကို တုံ့ပြန်သည့်အနေဖြင့် မျက်ရည်ယိုဗုံးများဖြင့် လူအုပ်ထဲသို့ ပစ်သွင်းခဲ့ကြသည်။ ဂါဇာကမ်းခြေဒေသတွင် ဆန္ဒထုတ်ဖော်မှုအတွင်း လူပေါင်း ၃၀၀၀ ကျော်ခန့် ပါဝင်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နှစ်ပေါင်း ၆၅ နှစ်အတွင်း တူရကီသမ္မတတစ်ဦး၏ ပထမဦးဆုံး ဂရိခရီးစဉ်

**ခြူးစန္ဒီမွေး**



ဂရိဝန်ကြီးချုပ် Alexis Tsipras နှင့် တူရကီသမ္မတ အာဒိုဂန် တို့ကို အေသင်မြို့သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

တူရကီနဲ့ ဂရိနိုင်ငံတို့ဟာ ဆက်ဆံရေး မပြေပြစ်ခဲ့ကြတာ အချိန်အတော်ကြာပါပြီ။ ဒါပေမယ့် ယခုသီတင်းပတ်အတွင်းမှာတော့ တူရကီသမ္မတ အာဒိုဂန်ဟာ ဂရိနိုင်ငံကို သွားရောက်ခဲ့ပါတယ်။ ဒါဟာ နှစ်ပေါင်း ၆၅ နှစ်အတွင်းမှာ ဂရိနိုင်ငံကို သွားရောက်တဲ့ ပထမဦးဆုံးတူရကီသမ္မတ ဖြစ်လာခဲ့ပါတယ်။ အဲဒီခရီးစဉ်အတွင်းမှာ အာဒိုဂန်ဟာ ဂရိသမ္မတနဲ့ ဝန်ကြီးချုပ်တို့နဲ့ပါ တွေ့ဆုံခဲ့ပါတယ်။

မစ္စတာအာဒိုဂန်ဟာ အိမ်ရှင်နိုင်ငံနဲ့ တွေ့ဆုံစဉ်မှာပဲ နှစ်နိုင်ငံနယ်စပ်ကို သတ်မှတ်ထားတဲ့ စာချုပ်နဲ့ပတ်သက်ပြီး အားမနာတမ်း ပြောခဲ့ပါတယ်။ သူဂရိနိုင်ငံကို ရောက်ပြီး တစ်ရက်အကြာမှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ထပ်မံပြောကြားခဲ့ပါတယ်။ ဂရိနိုင်ငံမှာ အရှေ့မြောက်ပိုင်းမှာရှိတဲ့ တူရကီကနေ ခွဲထွက်ခဲ့တဲ့ Pomark လူနည်းစုတွေနဲ့ ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် ဖျန်ဖြေတဲ့စကား ပြောကြားခဲ့ပါတယ်။ ဆက်လက်ရှင်သန်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့အပေါ် ချီးကျူးပါတယ်လို့ သမ္မတအာဒိုဂန်က ပြောခဲ့ပါတယ်။ ပြီးတော့ ဒီဒေသဟာ ဂရိနဲ့ တူရကီ နှစ်နိုင်ငံကြား တံတားတစ်စင်းသဖွယ် ဖြစ်နေမှာပါလို့လည်း ပြောခဲ့ပါတယ်။

တူရကီနဲ့ ဂရိတို့ကြား နယ်စပ်ပြဿနာနဲ့ အငြင်းပွားနေခဲ့တာလည်း ကာလအတန်ကြာပါပြီ။ နယ်စပ်ကိစ္စ အငြင်းပွားမှုကို တည်ငြိမ်မှု ရရှိစေဖို့ဆိုပြီး ၁၉၅၂ ခုနှစ်က တူရကီသမ္မတ Celal Bayar ဟာ ဂရိကို လာရောက်ခဲ့ပါတယ်။ ဒါဟာ တူရကီသမ္မတတစ်ဦးအနေနဲ့ နောက်ဆုံးလာရောက်ခဲ့မှုပဲဖြစ်တယ်။ လက်ရှိသမ္မတ အာဒိုဂန်ကတော့ ဝန်ကြီးချုပ်အနေနဲ့ နှစ်ကြိမ်တိုင်တိုင် ဂရိကို လာရောက်ခဲ့ပါတယ်။ အခုတစ်ကြိမ်ကတော့ သမ္မတဖြစ်ပြီးမှ လာရောက်ခြင်းပဲဖြစ်တယ်။

သမ္မတ အာဒိုဂန်အနေနဲ့ ဘာကြောင့် ဂရိကို လာရောက်ခဲ့တာပါလဲ။ ၁၉၃၀ ပြည့်နှစ်နဲ့ ၁၉၅၀ ပြည့်နှစ်တို့ကြား တူရကီ-ဂရိ ဆက်ဆံရေးတင်းမာမှုကြောင့် အချင်းချင်း အဆင်မပြေဖြစ်ခဲ့ပြီးနောက် ဒါဟာ ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်ခဲ့မှုလည်းဖြစ်တယ်လို့ ဝါရှင်တန်အင်စတီကျူ့မှ တူရကီသုတေသနဆိုင်ရာ အစီအစဉ်မှ ညွှန်ကြားရေးမှူး ဆိုနာ ကာဂတ်တေးက ပြောပါတယ်။

သမ္မတ အာဒိုဂန်ဟာ သူ့အရင် သမ္မတနဲ့ မတူပါဘူး။ သူဟာ အရင်သမ္မတ မလုပ်နိုင်ခဲ့တာတွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။ သူ့အရင် ဘယ်သမ္မတမှ နိုင်ငံခြားရေးမူဝါဒကို မောင်းနှင်ဖို့ အခွင့်အာဏာ မရှိခဲ့ပါဘူး။ အခုအချိန်မှာ တူရကီနိုင်ငံဟာ နိုင်ငံတကာနဲ့ ဆက်ဆံရေးဟာ အထီးကျန်သဖွယ်ဖြစ်နေတယ်။ အဲဒီအချိန်နဲ့ အချိန်ကိုက်ပါပဲ ။ သူ့နဲ့ နှစ်ပေါင်းများစွာရန်မူခဲ့တဲ့ အိမ်နီးချင်းပြိုင်ဘက်ဆီကို ခရီးထွက်ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်တွေအတွင်း တူရကီရဲ့ နိုင်ငံတကာဆက်ဆံရေးကို ပြန်ကြည့်မယ်ဆိုရင် အဆင်မပြေဖြစ်မှုတွေက များနေပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး အဆင်မပြေတဲ့အတွက် အနောက်အုပ်စုနဲ့ပါ အဆင်မပြေ ဖြစ်လာခဲ့တယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဝင်ရောက်ခွင့်ရရေး အမျိုးမျိုးကြိုးစားခဲ့ပေမယ့် ဝင်ရောက်ခွင့် မရခဲ့တဲ့နောက်မှာတော့ သူဟာ ပေါက်ကွဲတော့တာပါပဲ။ ဥရောပသမဂ္ဂ အဖွဲ့ကြီးအတွင်းကို ဝင်ရောက်ခွင့်မရလည်း တူရကီအနေနဲ့ ဘာမှ ထူးခြားမသွားဘူးလို့ ပြောဆိုတာမျိုးတွေအထိ ရှိလာပါတယ်။

ဒီတော့ ဥရောပသမဂ္ဂအဖွဲ့နဲ့လည်း ဆက်ဆံရေးက မကောင်းပြန်ပါဘူး။ ဂျာမနီ၊ ဩစတြီးယား အစရှိတဲ့ နိုင်ငံတွေနဲ့လည်း ဆက်ဆံရေး မပြေပြစ်ပါဘူး။ ဒီတော့ တူရကီနိုင်ငံရဲ့ သံတမန်ရေးရာအရ အထီးကျန်မှုကို ဖြိုခွင်းနိုင်ဖို့ရာ မစ္စတာ အာဒိုဂန်အနေနဲ့ အောင်မြင်တဲ့ ဆက်ဆံရေးတစ်ခုကို တည်ထောင်ဖို့ လိုအပ်လာပြီပဲဖြစ်တယ်။ ဂရိနိုင်ငံဆိုတာ နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ မစ္စတာအာဒိုဂန် အိပ်မက်မက်ခဲ့ရတဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒီလိုနိုင်ငံမျိုးနဲ့ ဆက်ဆံရေး အဆင်ပြေတာဟာ သမ္မတအာဒိုဂန် အတွက် အရှုံးမရှိပါဘူး။

တခြားသော နိုင်ငံရေးကျွမ်းကျင်သူတွေကတော့ တူရကီဟာ အရှေ့အလယ်ပိုင်းဒေသမှာ အရေးပါတဲ့ နိုင်ငံအနေအထားကတော့ အဆင့်လျော့ကျပြီးတဲ့နောက်မှာ ဘော်ကန်ဒေသနဲ့ ဆက်ဆံဖို့ကြိုးစားနေတာပဲဖြစ်တယ်လို့ ဝေဖန်ကြတယ်။ သူဟာ တူရကီနိုင်ငံအတွက် သေချာတဲ့ အာမခံချက်မျိုး လိုချင်နေတယ်။ တူရကီကို တစ်ဖန်ပြန်ပြီး အောင်မြင်ကျော်ကြားစေလိုပါတယ်။ ဒါဟာ သူဘာကြောင့် ဘော်လ်ကန်ဒေသအပေါ် အာရုံထားနေရတာလဲ ဆိုတာပဲဖြစ်တယ်လို့ အာဒိုဂန်နှင့် ခေတ်သစ်တူရကီအကြောင်း စာအုပ်ရေးသားနေတဲ့ မစ္စတာ ကာဂတ်တေးက ပြောပါတယ်။

ဒါဆိုရင် တူရကီနဲ့ ဂရိနိုင်ငံတို့ရဲ့ ဆက်ဆံရေးမှာ ဘယ်လိုမျိုးအပြောင်းအလဲတွေ ဖြစ်လာတော့မှာလဲ။ လွန်ခဲ့တဲ့ ၆၅ နှစ်က တူရကီရဲ့သမ္မတ ဂရိကို လာရောက်ပြီးတဲ့နောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုဟာ အမြင့်ဆုံးအထိကို အကြိမ်ကြိမ် ကျရောက်ခဲ့ရပါတယ်။

၁၉၉၅ ခုနှစ် စက်တင်ဘာလအတွင်းက တူရကီ အမျိုးသားရေးဝါဒီတွေဟာ အစ္စတန်ဘူလ်မှာရှိတဲ့ လူနည်းစု ဂရိတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပါတယ်။ အကြောင်းကတော့ ဂရိနိုင်ငံမြောက်ပိုင်း မြို့တစ်မြို့ဖြစ်တဲ့ Thessaloniki မှာ တူရကီကောင်စစ်ဝန်ရုံးအနီးမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့တယ်ဆိုတဲ့ သတင်းတွေကြောင့်ပဲဖြစ်တယ်။ နောက်ထပ် ဖြစ်ရပ်တစ်ခုကတော့ ၁၉၇၄ ခုနှစ်မှာ တူရကီဟာ ဆိုက်ပရပ်ဒေသကို ကျူးကျော်ခဲ့တဲ့နောက် နှစ်နိုင်ငံဆက်ဆံရေးဟာ အဆိုးရွားဆုံး ပျက်စီးသွားခဲ့ရတယ်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာလည်း တူရကီနဲ့ ဂရိတို့ဟာ လူသူနေထိုင်မှုမရှိတဲ့ ကျွန်းစုကို သူပိုင်တယ်၊ ငါပိုင်တယ် အချင်းများခဲ့ကြပါတယ်။ နှစ်နိုင်ငံစလုံးက စစ်သင်္ဘောတွေဟာ ကျွန်းစုကို ဝိုင်းထားခဲ့ကြပါတယ်။ နေတိုးတပ်ဖွဲ့ရဲ့ ကြားဝင်ဖြေရှင်းပေးမှုနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ့်ဘေးကနေ ရှောင်ရှားနိုင်ခဲ့တယ်။

၁၉၉၉ ခုနှစ် နွေရာသီတွင် တူရကီနိုင်ငံမှာ ငလျင်အကြီးအကျယ်လှုပ်ခတ်ပြီးနောက်ပိုင်းမှာတော့ နှစ်နိုင်ငံဟာ တစ်ဖန်ပြန်ပြီး သင့်မြတ်သွားခဲ့ကြပြန်ပါတယ်။ ငလျင်ဒဏ်ကို နှစ်နိုင်ငံစလုံးက အကြီးအကျယ်ခံစားခဲ့ရပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လက်ခံခဲ့ရပြီး နှစ်ဖက်စလုံးက အဖွဲ့အစည်းတွေဟာလည်း အတူတကွ အလုပ်လုပ်ခဲ့ကြတယ်။ နှစ်ဖက်စလုံးက နိုင်ငံခြားရေးဝန်ကြီးတွေဟာလည်း ပြန်လည်သင့်မြတ်မယ့်လမ်းစကို တွေ့ရှိခဲ့ကြတယ်။ ဒါကို ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ သံခင်း တမန်ခင်းလို့ ခေါ်ရမလိုပါပဲ။

ဂရိနဲ့ တူရကီ နှစ်နိုင်ငံကြားမှာ ဖြေရှင်းစရာတွေကတော့ အများကြီးကျန်ရှိနေပါသေးတယ်။ အခုမှ လေပြေလေညင်းတိုက်ခတ်ခါစပဲ ရှိပါသေးတယ်။ ဆိုက်ပရပ်အငြင်းပွားမှု၊ ရွှေ့ပြောင်းသွားလာသူများပြဿနာ၊ တူရကီရဲ့ ဥရောပသမဂ္ဂအတွင်း ဝင်ရောက်ဖို့ ကြိုးပမ်းမှုကို ရပ်တန့်ခံထားရမှု အစရှိတာတွေအပြင် ဖြေရှင်းစရာကိစ္စတွေ အများကြီး ရှိနေပါသေးတယ်။ နှစ်နိုင်ငံ အတူတကွ အလုပ်လုပ်ဖို့ဆိုရင် ဖြေရှင်းစရာတွေ အများကြီးရှိပါသေးတယ်။ အခုအချိန်ဟာ ထိလွယ် ရှလွယ်တဲ့ ကာလပါပဲ။ မစ္စတာအာဒိုဂန်ဟာ တူရကီရဲ့ နယ်နိမိတ်နဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ နယ်နိမိတ်ကို သတ်မှတ်ထားတဲ့ ၁၉၂၃ ခုနှစ်က စာချုပ်ကို အသစ်ပြန်လုပ်ချင်တယ်။ ဒီအယူအဆကို ဂရိကတော့ လက်မခံချင်ပါဘူး။

“လွန်ခဲ့တဲ့နှစ်တွေအတွင်း တူရကီရဲ့ နိုင်ငံတကာဆက်ဆံရေးကို ပြန်ကြည့်မယ်ဆိုရင် အဆင်မပြေဖြစ်မှုတွေက များနေပါတယ်၊ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေး အဆင်မပြေတဲ့အတွက် အနောက်အုပ်စုနဲ့ပါ အဆင်မပြေဖြစ်လာခဲ့တယ်၊ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဝင်ရောက်ခွင့်ရရေး အမျိုးမျိုးကြိုးစားခဲ့ပေမယ့် ဝင်ရောက်ခွင့် မရခဲ့တဲ့နောက်မှာတော့ သူဟာ ပေါက်ကွဲတော့တာပါပဲ”

မစ္စတာအာဒိုဂန်ဟာ တူရကီကို ထင်ပေါ်စေချင်တယ်။ တူရကီနိုင်ငံဟာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အမြဲအဓိက အရေးပါတဲ့ နိုင်ငံဖြစ်စေလိုတယ်။ ဒါဟာ မစ္စတာအာဒိုဂန် စိတ်ဝင်စားတဲ့ အရာပါပဲ။ ဂရိနိုင်ငံကတော့ မစ္စတာအာဒိုဂန် မလာခင်ကတည်းက လုံခြုံရေးတင်းကျပ်မှုတွေ ဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ အရင်က ဆက်ဆံရေး မပြေပြစ်ခဲ့တဲ့ နှစ်နိုင်ငံဆက်ဆံရေး အဆင်ပြေလာရင်တော့ နှစ်နိုင်ငံစလုံးအတွက် အရှုံးမရှိပါဘူး။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ဤပုဒ်မနှင့်ဆန့်ကျင်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သော အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်သူအားလုံးသည် အဆိုပါစီးပွားရေးလုပ်ငန်းတွင် ဆောင်ရွက်ရသည့် တာဝန်ရှိမှုများအားလုံးအတွက် တစ်ဦးချင်းအလိုက် တာဝန်ရှိသည်။

၄၁။ ပုဒ်မ၄၀ နှင့် ဆန့်ကျင်ပြီးဖွဲ့စည်းထားသည့်အသင်းအဖွဲ့တစ်ခုခုတွင်ပါဝင်သူတစ်ဦးဦးသည်ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**စီးပွားရေးလုပ်ငန်းနှင့် အလားတူကိစ္စရပ်များအတွက် တည်ထောင်သည့် အသင်းအဖွဲ့များကို မှတ်ပုံတင်ရန် အခွင့်အာဏာ**

၄၂။ (က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်နိုင်သော အသင်းအဖွဲ့တစ်ခုသည် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန် သို့မဟုတ် အခြားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏ အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှရရှိသောအခြားဝင်ငွေများကို အသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကိုတားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှ ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏အမည်တွင် “တရားဝင်တည်ထောင်ထားသော” ဟူသည့်စကားရပ်ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မအရ မှတ်ပုံတင်အရာရှိသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၎င်းက သင့်သည်ထင်မြင်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် လိုင်စင်တစ်ရပ်ကို ပေးအပ်နိုင်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများသည် ဖော်ပြပါ အသင်းအဖွဲ့အပေါ်တွင် စည်းနှောင်မှုရှိပြီး မှတ်ပုံတင်အရာရှိက ညွှန်ကြားလျှင် အသင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထည့်သွင်းဖော်ပြရမည်။

(ဂ) အသင်းအဖွဲ့သည် မှတ်ပုံတင်ပြီးနောက် ယင်း၏အမည်တွင် “လီမိတက်” ဟူသောစကားရပ်အား ထည့်သွင်းအသုံးပြုခြင်းမှအပ တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများမှ ရရှိသောအခွင့်အရေးများအားလုံးကို ရရှိခံစားနိုင်ပြီး ကုမ္ပဏီများ၏ တာဝန်များ အားလုံးကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဤပုဒ်မအရပေးအပ်ထားသည့် လိုင်စင်တစ်ရပ်ကို မည်သည့်အခါတွင်မဆို မှတ်ပုံတင်အရာရှိက ပြန်လည်ရုပ်သိမ်းနိုင်ပြီး ထိုသို့ရုပ်သိမ်းခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အသင်းအဖွဲ့အားမှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည်ဖြစ်ပြီး အသင်းအဖွဲ့သည် ဤပုဒ်မအရပေးအပ်ထားသည့် သက်သာခွင့်များနှင့် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် လိုင်စင်အား ထိုသို့ရုပ်သိမ်းခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် ထိုသို့ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း စာဖြင့်ရေးသားဖော်ပြထားသည့် သင့်လျော်သည့် အကြောင်းကြားစာကို ၂၈ ရက်ထက်နောက်မကျစေဘဲ အသင်းအဖွဲ့ထံသို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားသည့်ကာလအတွင်း အသင်းအဖွဲ့အနေဖြင့် ထိုသို့ရုပ်သိမ်းခြင်းမပြုထိုက်ကြောင်း တင်ပြချက်တစ်ရပ်ကို ပြုလုပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

(င) မှတ်ပုံတင်အရာရှိသည် -

(၁) လိုင်စင်တွင် လိုက်နာဆောင်ရွက်ရန် ဖော်ပြခဲ့သော စည်းမျဉ်းစည်းကမ်းများရှိခဲ့လျှင် ယင်းစည်းမျဉ်းစည်းကမ်းများအစား သို့မဟုတ် ယင်းစည်းမျဉ်းစည်းကမ်းများအပြင် မှတ်ပုံတင်အရာရှိမှ သင့်သည်ထင်မြင်သည့် စည်းမျဉ်း စည်းကမ်းများဖြင့် လိုင်စင်ကို ပြောင်းလဲပြင်ဆင်နိုင်သည် သို့မဟုတ်

(၂) ယခင်ထုတ်ပေးခဲ့သောလိုင်စင်အစား လိုင်စင်အသစ်တစ်ရပ်ကို ထုတ်ပေးနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ(င) အရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် လိုင်စင်တစ်ရပ်ထုတ်ပေးမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ ညွှန်ကြားနိုင်သည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက်စေရမည်။

## ပြည်ပကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်း

**ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း**

၄၃။ (က) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုခုသည် ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုခုသည်နိုင်ငံတော်အတွင်း အောက်ပါတို့ကိုပြုလုပ်ဆောင်ရွက်ခြင်းရှိကာမျှနှင့် နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည်ဟု မှတ်ယူခြင်း မရှိစေရ -

(၁) တရားစွဲဆိုမှုတစ်ရပ်တွင် အမှုသည်တစ်ဦးဖြစ်ခြင်း သို့မဟုတ် ဖြစ်လာခြင်း၊သို့မဟုတ် တရားစွဲဆိုမှုတစ်ရပ် သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် အငြင်းပွားမှု တစ်ရပ်ကို ဖြေရှင်းခြင်း သို့မဟုတ်

(၂) ဒါရိုက်တာများ သို့မဟုတ် အစုရှယ်ယာရှင်များ၏ အစည်းအဝေးများကို ကျင်းပခြင်း သို့မဟုတ် ၎င်းတို့၏အဖွဲ့အစည်းအတွင်းပိုင်း စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးဆောင်ရွက်ခြင်း သို့မဟုတ်

(၃) ဘဏ်ငွေစာရင်းတစ်ခု ဖွင့်လှစ်ထားရှိခြင်း သို့မဟုတ်

(၄) သီးခြားကန်ထရိုက်တာတစ်ဦးမှ တစ်ဆင့်ပစ္စည်းများရောင်းချမှုကို ပြုလုပ်ခြင်း သို့မဟုတ်

(၅) လုပ်ငန်းလက်ခံရရှိခြင်းတစ်ရပ်သည်နိုင်ငံတော်၏ပြင်ပတွင် လက်ခံရရှိခဲ့မှသာလျှင်စည်းနှောင်မှုရှိသော ပဋိညာဉ်စာချုပ်တစ်ရပ်ဖြစ်လာမည့် လက်ခံခြင်း သို့မဟုတ် ရရှိခြင်း သို့မဟုတ်

(၆) ငွေကြေးများ ချေးပေးခြင်း၊ ကြွေးမြီသက်သေခံချက် ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်းများအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိခြင်း သို့မဟုတ်

(၇) ယင်း၏ကြွေးမြီများမှ တစ်ရပ်ရပ်ကို ရရှိခြင်း သို့မဟုတ် တောင်းယူခြင်း သို့မဟုတ် အဆိုပါကြွေးမြီများနှင့်စပ်လျဉ်းသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း သို့မဟုတ်

(၈) အခါအားလျော်စွာအကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည့် အလားတူလုပ်ငန်းဆောင်ရွက်မှုများမဟုတ်သည့် ရက်ပေါင်း၃၀ ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သီးခြားလုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကို ပြုလုပ်ခြင်း သို့မဟုတ်

(၉) ယင်း၏ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပစ္စည်းများကို ထိန်းသိမ်းထားခြင်း။

(ဂ) နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် အခါအားလျော်စွာ လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါလမ်းညွှန်ချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ တွေ့ရှိချက်အရသော်လည်းကောင်း အလားတူ အခြေအနေတွင် ကော်ပိုရေးရှင်းတစ်ခုခုကိုဖြစ်စေ သို့မဟုတ် ကော်ပိုရေးရှင်းအမျိုးအစား တစ်ရပ်ရပ်ဖြစ်စေနိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိမရှိကို သတ်မှတ်ဖော်ပြထားနိုင်သည်။

**ပြည်ပကော်ပိုရေးရှင်း၏အမည်**

၄၄။ (က) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် မှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့်တူညီသော အမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသော အမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံတင်ပြနိုင်သည့်အခါမှတစ်ပါးမှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။ ပြည်ပကော်ပိုရေးရှင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်စေရန်အတွက် ယင်း၏အမည်တွင် ယင်းနိုင်ငံ သို့မဟုတ် အခြားခွဲခြားသိမြင်နိုင်သည့်စာသား သို့မဟုတ် စကားရပ်များကို ထည့်သွင်းဖော်ပြနိုင်သည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲရန် ပြုလုပ်သည့်အခါ အမည်ပြောင်းလဲပြီးနောက် ၂၈ရက်အတွင်းအမည်ပြောင်းရန်တင်ပြရမည့် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်များသည် လိုအပ်သော ပြောင်းလဲချက်များအားလုံးနှင့်အတူ အမည်ပြောင်းလဲမှုတစ်ရပ်အားမှတ်ပုံတင်ရာတွင် သက်ဆိုင်စေရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့်အညီ အမည်ပြောင်းလဲမှုအား မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ မှတ်ပုံတင်ထားသောအမည်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် လိုအပ်ပါက အဆိုပါအမည်အားပြောင်းလဲစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါပြည်ပကော်ပိုရေးရှင်းသည် မှတ်ပုံတင်အရာရှိက ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း ယင်း၏မှတ်ပုံတင်ထားသည့် အမည်ကို ပြောင်းလဲရန် လိုအပ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၄ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် အဆိုပါကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိများသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းစီ ပေးဆောင်ရန် တာဝန်ရှိသည်။

**လုပ်ငန်းဆောင်ရွက်မှုများ တရားဝင်ဖြစ်ခြင်း**

၄၆။ ပြည်ပကော်ပိုရေးရှင်းတစ်ခုကပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ ပါပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အဆိုပါပြည်ပကော်ပိုရေးရှင်းမှ ချုပ်ဆိုဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်၏ တရားဝင်မှု သို့မဟုတ် အတည်ပြုနိုင်မှုကို ထိခိုက်စေခြင်း မရှိစေရ။

**မှတ်ပုံတင်ရန်အတွက် လျှောက်ထားခြင်း**

၄၇။ (က) ဤအပိုင်းအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်ဖြစ်ပြီး ၎င်းသည်-

(၁) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လျှောက်ထားခြင်းဖြစ်ရမည်။ ၎င်းအပြင်

(၂) ပြည်ပကော်ပိုရေးရှင်းကသော်လည်းကောင်း၊ယင်းကိုယ်စားသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်း ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအပြင် လျှောက်လွှာတွင်-

(၁) ပြည်ပကော်ပိုရေးရှင်း၏အမည်ကို ဖော်ပြရမည်။

(၂) လျှောက်လွှာတင်သည့်နေ့တွင် ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်။

(၃) ပြည်ပကော်ပိုရေးရှင်းမှခန့်အပ်ထားသည့် အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိတစ်ဦးကို ခန့်အပ်ထားသည်ဟု ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ အမည် အပြည့်အစုံ၊မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်။ ၎င်းအရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူဖြစ်သည်။

(၄) အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိအဖြစ်အမည်ဖော်ပြထားသောပုဂ္ဂိုလ်သည် ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိအဖြစ် ဆောင်ရွက်ရန်အတွက် စာဖြင့်ရေးသား သဘောတူညီချက် ပြုလုပ်ထားကြောင်း ဖော်ပြရမည်။

(၅) ပြည်ပကော်ပိုရေးရှင်း၏ နိုင်ငံတော်အတွင်း၌ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအပြည့်အစုံကို ဖော်ပြရမည်။

(၆) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ပြည်ပကော်ပိုရေးရှင်းသည်နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာ၏ လိပ်စာအပြည့်အစုံ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာတစ်နေရာထက်ပိုနေပါက အဓိကနေရာ၏ လိပ်စာအပြည့်အစုံအား ဖော်ပြရမည်။

(၇) ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ မူလနိုင်ငံရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော အဓိကနေရာ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်။

(၈) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်းပြည်ပကော်ပိုရေးရှင်းမှ တာဝန်ယူထုတ်ဖော်ကြေညာချက် တစ်ရပ်ပါရှိရမည်။ ၎င်းအပြင်

(၉) ပြည်ပကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည့် သက်သေခံအထောက်အထားအား ပူးတွဲတင်ပြရမည့်အပြင် ကော်ပိုရေးရှင်းဖွဲ့စည်းခြင်းဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်၊ ယင်းအား မြန်မာဘာသာဖြင့် ရေးသားထားခြင်းမရှိလျှင် အဆိုပါ ကော်ပိုရေးရှင်းကိုယ်စား ဒါရိုက်တာတစ်ဦးက တရားဝင် အတည်ပြုထားသည့် အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြချက်နှင့် မြန်မာဘာသာဖြင့်လည်း ပြန်ဆိုထားသည့် စာရွက်စာတမ်းကို တင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသည့်အခါသတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းရမည်။

(ဃ) လျှောက်လွှာ၊ ယင်းနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ၏ မူရင်းကွဲများနှင့်ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)တွင် ဖော်ပြပါရှိသည့် သဘောတူညီချက်၏ မူရင်းကို အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိက သိမ်းဆည်းထားရမည်ဖြစ်ပြီး ပြည်ပကော်ပိုရေးရှင်း၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။

၄၈။ ပုဒ်မ ၄၇ အရ လျှောက်ထားရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မမှန်မကန်တင်ပြခဲ့ပါက ပြည်ပကော်ပိုရေးရှင်းသည် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်ခြင်း**

၄၉။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက် တင်ပြလာသည့် ပြည်ပကော်ပိုရေးရှင်း လျှောက်လွှာတစ်စောင်အား ၎င်းအနေဖြင့် ဤအခန်းအတွက်ထားရှိသောမှတ်ပုံတင်စာအုပ်၏အပိုင်းတစ်ခုတွင်မှတ်ပုံတင်သွင်းရမည်။ ၎င်းအပြင် အောက်ပါအချက်များကို ဖော်ပြလျက် မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -

(၁) ကော်ပိုရေးရှင်း၏အမည်၊

(၂) ကော်ပိုရေးရှင်းအား ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင် ထားကြောင်း၊

(၃) မှတ်ပုံတင်သည့်နေ့၊

(၄) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်ကို ထိန်းသိမ်းထားရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းမှာ ကောင်းမွန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သိရှိနိုင်စေရန်အတွက် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းများ ထပ်မံလိုအပ်သည်ဟုသင့်သည်ထင်မြင်သည်မှအပ ပုဒ်မ ၄၇ တွင် ဖော်ပြထားသော သို့မဟုတ် ယင်းပုဒ်မအရ လိုအပ်သော မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခြားစာရွက်စာတမ်းတစ်စုံတစ်ရာကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အကြောင်းအချက်မှတစ်ပါး တင်ပြရန် လိုအပ်ခြင်းမရှိစေရ။

**ပြည်ပကော်ပိုရေးရှင်းမှ အမည်အား အသုံးပြုခြင်း**

၅၀။ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်ပကော်ပိုရေးရှင်း အားလုံးသည် ၎င်းတို့၏ အမည်အပြည့်အစုံနှင့် ၎င်းတို့အား ဖွဲ့စည်းတည်ထောင်ခဲ့သည့်နိုင်ငံ၏ အမည်တို့ကို အောက်ပါကိစ္စရပ်များတွင် သေချာစေရန်-

(က) ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ကိုယ်စားသော်လည်းကောင်းပေးပို့ဆောင်ရွက်သည့်စာဖြင့် ရေးသားဆက်သွယ်ဆောင်ရွက်မှုများအားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) ကော်ပိုရေးရှင်း၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေမည့် သို့မဟုတ် ဖြစ်တည်စေမည့် ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံးတွင် ရှင်းလင်းစွာဖော်ပြရမည်။ ၎င်းအပြင်

(ဂ) မှတ်ပုံတင်ထားသော ရုံးခန်းနေရာနှင့် နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာတို့၌ ပေါ်လွင်ထင်ရှားစွာ ဖော်ပြထားရမည်။

**အသေးစိတ်အချက်အလက်များကို ပြောင်းလဲပြင်ဆင်ခြင်း**

၅၁။ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်း တစ်ခုသည်အောက်ပါကိစ္စရပ်များအတွက် ပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ရက်ပေါင်း ၂၈ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပေးပို့တင်ပြရမည် -

(က) ပြည်ပကော်ပိုရေးရှင်းအား ဖွဲ့စည်းသည့် စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# အင်းဝ လေးထပ်ကြီးကျောင်းနှင့် ရှေးဟောင်းအဆောက်အအုံများ

**မောင်သာ(ရှေးဟောင်းသုတေသန)**



မြန်မာနိုင်ငံ၏သမိုင်းဝင် ထင်ရှားသော ရှေးဟောင်းနယ်မြေများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အင်းဝသည် ပြည်တွင်းပြည်ပ သုတေသီများနှင့်ခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လည်ပတ် လေ့လာကြသည့် ဒေသတစ်ခုဖြစ်ပေသည်။ အင်းဝ(Ava) ဟူသည့်အမည်ကို အနောက်နိုင်ငံ မှတ်တမ်းများတွင် Kingdom of Ava၊ Court of Ava ဟု ကုန်းဘောင်ခေတ်ကို ရည်ညွှန်းကြပြီး ဘုရင့်နေပြည်တော် အင်းဝနှင့် အမရပူရတို့ကို အင်းဝ(Ava)ဟု မှတ်တမ်းတင်ခဲ့ကြသည်။

မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားချက်များအရ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့မှ မြောက်ဘက်သို့ နှစ်မိုင်ခွဲကွာဝေးသည့် အင်းဝမြို့ဟောင်းကို ရကြောအင်း၊ စနီးအင်း၊ ညောင်စောက်အင်း၊ ဝက်ချေးအင်း၊ ဥန္နဲအင်း၊ လင်စံအင်း၊ အင်းမအင်း၊ ဘေးမဲ့အင်းနှင့်ဝမ်းဘဲအင်းဟူသည့် အင်းကိုးအင်းကို မြေဖို့၍ တည်ခဲ့ပြီး အင်းဝကို ရတနာပူရ၊ သန်လျက်ကျွန်း၊ သန်လျက်ခုံဟုလည်း ခေါ်ဆိုခဲ့သည်။ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့ဆုံသည့် နေရာတွင်တည်ရှိသော အင်းဝသည် အင်းနဝ(အင်းကိုးအင်း)မှ အင်းဝသို့ အမည်ပြောင်းလဲသွားခဲ့သည်ဟု ဆိုထားသည်။

အင်းဝသည် ဧရာဝတီမြစ်ကြောင်း၏ အချက်အချာနေရာတစ်ခုဖြစ်ပြီး အရှေ့ဘက် တရုတ်ပြည်နှင့် အနောက်ဘက် အိန္ဒိယမှလာသော လမ်းကြောင်းများဆုံသည့်နေရာဖြစ်ခဲ့သည်။ ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်ဝတွင် တည်ရှိနေသည့် အင်းဝကို တစ်စီးရှင်သီဟသူမင်းလက်ထက် မတိုင်မီက အဝဟု ခေါ်ဆိုခဲ့ကြ သည်။ မြစ်သာချောင်းသည် ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်နှစ်စင်းကို ဆက်သွယ်နေကာ ယင်းတို့အကြား သုံးမြောင့်ကျွန်းပေါ်တွင် တည်ထားသည့် အင်းဝသည် သန်လျက်တစ်ခုပုံသဏ္ဌာန် ဖြစ်နေကာ မန္တလေးမြို့မှ အနောက်တောင်ဘက်သို့ မိုင် ၂၀ ကွာဝေး၍ ပင်လယ်ရေမျက်နှာပြင် အထက် ၂၈၅ ပေအမြင့်တွင် တည်ရှိသည်။

အင်းဝတွင် ကလေး၊ စံရာ၊ ဝင်းမနား၊ ကျော်ဘုံ၊ သာစည်၊ ဦးတည်၊ အောင်ထွန်း၊ မာန်အောင်၊ ခေါင်းဆေး ဟူသည့် မြို့တံခါး ကိုးခုရှိခဲ့သည်။ မြို့တံခါးပေါက်အသစ်များအဖြစ် အရှေ့ဘက်တွင် ဇင်းမယ်၊ မုတ္တမ၊ မိုးကောင်း၊ စိတ္တကုဋ္ဌဟူသည့် တံခါးလေးပေါက်၊ အနောက်ဘက်တွင် ဂန္ဓလရာဇ်၊ ကျိုင်းရဲ၊ စန္ဒပူရီ၊ ကျိုင်းရုန်းဟူသည့် တံခါးလေးပေါက်၊ တောင်ဘက်တွင် ကိုင်းမား၊ ဟံသာဝတီ၊ မျဉ်းတဲ၊ ကုန်းဘောင်ဟူသည့် တံခါးလေးပေါက်နှင့် မြောက်ဘက်တွင် တနင်္သာရီနှင့် ယိုးဒယား တံခါးနှစ်ပေါက်တို့ကို ထပ်မံဖောက်ခဲ့သဖြင့် အင်းဝမြို့တံခါးပေါက်များသည် ၂၃ ခုရှိခဲ့သည်။

**အင်းဝမှတ်တမ်း**

စစ်ကိုင်းမြို့ကိုတည်ထောင်ခဲ့သူ အသင်္ခယာစောယွန်း၏သမီး စိုးစံကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုး သတိုးတို့၏သား သတိုးမင်းဖျားသည် အင်းဝကိုမတည်ထောင်မီ ဘထွေးတော် မင်းပျောက်နှင့် နောင်တော် ဥဇနာပြောင်ကို လုပ်ကြံပြီး ပင်းယတွင် မင်းပြုခဲ့သည်။ သို့သော် ပင်းယသည် မြို့အနေအထားမကောင်းသဖြင့် ရန်သူကို အလွယ်တကူ မလုပ်ကြံနိုင်သောကြောင့် မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ (ခရစ်နှစ် ၁၃၆၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်)တွင် အင်းဝကို တည်ခဲ့သည်။ အင်းဝသည် မင်းနေပြည်တော် လေးကြိမ်ဖြစ်ခဲ့ပြီး သက်တမ်း နှစ် ၄၀၀ နီးပါး (ခရစ်နှစ် ၁၃၆၄ -၁၇၅၂)ရှည်ကြာခဲ့ရာ အင်းဝမြို့တည် မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်ကို “ထုတ်ခွန်သာ အင်းဝတည်”ဟု မှတ်သားခဲ့ကြသည်။

သမိုင်းပညာရှင်များက အင်းဝကို ခေတ်ငါးခေတ် ပိုင်းခြားထားရာ ပထမ အင်းဝခေတ်(ခရစ်နှစ် ၁၃၆၄-၁၅၅၄)တွင် ဘုရင် ၁၇ ပါး၊ ဒုတိယ အင်းဝခေတ် (ခရစ်နှစ် ၁၅၉၇-၁၇၅၁)တွင် ဘုရင် ၁၀ ပါး၊ တတိယ အင်းဝခေတ်(ခရစ်နှစ် ၁၇၆၃-၁၇၈၂) တွင် ဘုရင်သုံးပါး နှင့် စတုတ္ထ အင်းဝခေတ် (ခရစ်နှစ် ၁၈၁၉-၁၈၄၇)တွင် ဘုရင်တစ်ပါး စိုးစံခဲ့သည်။

သတိုးမင်းဖျားသည် အင်းဝတွင်နန်းစံပြီး သုံးနှစ်အကြာတွင် နတ်ရွာစံခဲ့ရာ မင်းကြီးစွာစော်ကဲ၊ တရဖျား၊ ပထမမင်းခေါင်၊ သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညို၊ မိုးညှင်း၊ မင်းရဲကျော်စွာ၊ နရပတိကြီး၊ မဟာသီဟသူရ၊ ဒုတိယမင်းခေါင်၊ ရွှေနန်းကျော့ရှင်၊ သိုဟန်ဘွား၊ အုန်းဘောင်ခုံမှိုင်း၊ မိုးဗြဲနရပတိ၊ စည်သူကျော်ထင်စသည့် ဘုရင်များက အဆက်ဆက် နန်းစံခဲ့ကြသည်။ တောင်ငူဘုရင် ဘုရင့်နောင်မင်းတရားသည် ၁၅၅၄ ခုနှစ်တွင် အင်းဝကို အောင်နိုင်ခဲ့ကာ အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိကို ဟံသာဝတီသို့ ခေါ်ဆောင်သွားခဲ့ပြီးနောက် အင်းဝမင်းဆက် အဆုံးသတ်ခဲ့သည်။

ထိုအချိန်တွင် မြန်မာမင်းနေပြည်တော်သည် အင်းဝမှ ဟံသာဝတီသို့ ရောက်ရှိသွားခဲ့ပြီး ၄၃ နှစ်အကြာ ၁၅၉၇ ခုနှစ်တွင် ဒုတိယအင်းဝ(ညောင်ရမ်း)ခေတ်၌ အင်းဝသည် မင်းနေပြည်တော် ပြန်လည်ဖြစ်လာခဲ့သော်လည်း ၁၇၅၂ ခုနှစ်တွင် အင်းဝမင်းဆက် ပြတ်ခဲ့သည်။ ကုန်းဘောင်ဆက် တတိယမြောက်ဘုရင် မြေဒူးမင်းသည် ၁၇၆၅ ခုနှစ်တွင် အင်းဝသို့ ပြောင်းရွှေ့နန်းစံခဲ့ရာ ၁၇၆၅ ခုနှစ်မှ ၁၇၈၃ ခုနှစ်အထိကို တတိယ အင်းဝခေတ်ဟု သတ်မှတ်ကြသည်။ ဗဒုံမင်းလက်ထက်တွင် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ် အတွင်း နေပြည်တော်သည် အမရပူရဖြစ်ခဲ့ပြီး ဘကြီးတော် စစ်ကိုင်းမင်းသည် ၁၈၂၃ ခုနှစ် မှ ၁၈၃၇ ခုနှစ် အထိ အင်းဝနေပြည်တော်တွင် နန်းစိုက်ခဲ့ပေသည်။

ကုန်းဘောင်ခေတ်တွင် ဘုရင်များနန်းစိုက်ခဲ့သည့် နေပြည်တော်ခြောက်ခု ရှိသည့်အနက် အင်းဝသည် မြို့တော်တည်နေရာ အကောင်းဆုံးဖြစ်ကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက သုံးသပ်ခဲ့သည်။ ကုန်းဘောင်နှောင်းပိုင်း ရတနာပုံခေတ်တွင် မင်းတုန်းမင်းသည် ပထဝီအနေအထား အချက်အချာကျသည့် အင်းဝတွင် ဆင်ကျုံးခံတပ်ကို တည်ဆောက်ခဲ့ရာ စစ်ကိုင်းရှိ အစေခံ ခံတပ်၊ မန္တလေးအနီး ဧရာဝတီမြစ်ကမ်းပေါ်ရှိ သပြေတန်းခံတပ်တို့နှင့် ထောင့်ကျယ်တြိဂံပုံစံ တည်ရှိနေစေခဲ့သည်။ ယင်းခံတပ်များကို ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာမည့် အင်္ဂလိပ်စစ်သင်္ဘောများကို ဟန့်တားနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့သည်။

အင်းဝကိုတည်ခဲ့စဉ်က အတွင်းအပြင် ကျုံးနှစ်ထပ်ရှိခဲ့ပြီး မြောက်ဘက်တွင် ဧရာဝတီမြစ်ကို သဘာဝကျုံးအဖြစ် ထားရှိ၍ မြို့ရိုးတစ်ခုသာ တည်ဆောက်ခဲ့သည်။ ဆင်ဖြူရှင် မြေဒူးမင်းသည် ခရစ်နှစ် ၁၇၆၅ ခုနှစ်တွင် အင်းဝမြို့ဟောင်းကို တိုးချဲ့၍ မြို့ရိုး တစ်ခု ထပ်မံတည်ဆောက်ခဲ့သဖြင့် အင်းဝသည် မြို့ရိုးနှစ်ထပ်ရှိလာခဲ့ကာ အတွင်းမြို့ရိုးသည် အပြင်မြို့ရိုးထက် ပိုမိုခိုင်ခံ့ကြီးမားခဲ့သည်။ အပြင်မြို့ရိုးသည် လေးမိုင်အဝန်းရှိ၍ အတွင်းမြို့ရိုးသည် အဝန်းတစ်မိုင်ရှိသဖြင့် အင်းဝသည် တာဝန်း ၂၇၅၀ ကျယ်ဝန်းခဲ့သည်။

မူလတည်ခဲ့သည့် အတွင်းမြို့ရိုးသည် ဖြောင့်တန်းနေခဲ့ပြီး နောက်မှတည်သည့် အပြင် မြို့ရိုးတွင် အချိုးအကွေ့များ ရှိခဲ့သည်။ အင်းဝအပြင်မြို့ရိုးတွင် မော်ယွန်းဟု ခေါ်သည့် အချိုးအကွေ့များသည် အရှေ့ဘက်တွင် ငါးခု၊ အနောက်ဘက်တွင် ၁၁ ခု၊ တောင်ဘက်တွင် ကိုးခုနှင့် မြောက်ဘက်တွင် ငါးခုရှိခဲ့ရာ စုစုပေါင်းမော်ယွန်း ၃၀ ရှိခဲ့သည်။ စဉ့်ကူးမင်းလက်ထက်တွင် မြောက်ဘက်မြို့ရိုး မော်ယွန်းနှစ်ခုကို လျှော့ခဲ့သဖြင့် ယခုအချိန်တွင် ၂၈ ချိုးကိုသာ မြင်ကြရပေသည်။

အင်းဝသည် မြေနိမ့်ပိုင်းတွင်တည်ထားသဖြင့် မြစ်ရေလျှံတက်ချိန်များတွင် မြို့တွင်းသို့ ရေများလျှံတက်လေ့ရှိသည့်တိုင် အင်းဝကို မင်းနေပြည်တော်အဖြစ် လေးကြိမ်တိုင် တည်ထောင်ခဲ့ခြင်းသည် မြစ်သုံးတန် ဝိုင်းပတ်နေသဖြင့် ရန်သူအန္တရာယ်မှ ကင်းဝေးနိုင်သည်ဟု အင်းဝနန်းစံဘုရင်များက ယူဆခဲ့ကြဟန်ရှိပေသည်။

**နန်းမြင့်မျှော်စင်**

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တိုင်းထွာမှတ်တမ်းတင်ခဲ့သော စာရင်းများအရ အင်းဝမြို့ဟောင်းတွင် ရှေးဟောင်းအဆောက်အအုံ ဘုရား၊ စေတီ၊ ပုထိုး ၃၀၀ ရှိသည်။ ယင်းတို့အနက် သစ်တပ်မြို့ရိုး၊ ကျော်ဘုံတံခါး၊ မဟာဇေယျပထတံတား၊ နန်းမြင့်မျှော်စင်၊ ဆင်ကျုံးခံတပ်၊ မယ်နုအုတ်ကျောင်း(အောင်မြေဘုံစံအုတ်ကျောင်း)၊ ဗားကရာ သစ်သားကျောင်းတိုက်နှင့် လေးထပ်ကြီးကျောင်း၊ လောကသရဖူစေတီတော် စသည်တို့သည် ထင်ရှားသည့် သမိုင်းဝင်အဆောက်အအုံများ ဖြစ်ကြသည်။

အင်းဝမြို့ဟောင်း၏ စည်တိုပုံမြို့ရိုးအတွင်း၌ မြန်မာဘုရင်များ၏ နန်းတော်ရာများတွင် တွေ့ရလေ့ရှိသည့် နန်းမြင့်မျှော်စင်ဟောင်းကြီးကို ယနေ့တိုင် တွေ့မြင်နိုင်သည်။ အောက်ခြေ ၃၂ ပေ ပတ်လည်၊ ပေ ၈၀ မြင့်သည့် ယင်းမျှော်စင်ကို မြေနန်းပြာသာဒ်၏ အရှေ့တောင်ဘက်၌ ဘကြီးတော် စစ်ကိုင်းမင်းက ခရစ်နှစ် ၁၈၂၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ နန်းမြင့်မျှော်စင်သည် ခရစ်နှစ် ၁၈၃၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် အပေါ်ပိုင်းအဆောက်အအုံ ပြိုကျ၍ မူလအဆောက်အအုံ၏ အလယ်ဗဟို အစိတ်အပိုင်းသည် အနောက်မြောက်ဘက်သို့ အနည်းငယ်တိမ်းစောင်းလျက် ကျန်ရှိနေခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ယင်းမျှော်စင်ကို ကုလားကျောင်းခံ ကွမ်းတောင်ပေါက် မဟာဗောဓိစေတီ ဂူဘုရားဟု အမျိုးအစား သတ်မှတ်ခဲ့သည်။ ၁၉ ရာစုအစောပိုင်း မြန်မာ့ဗိသုကာလက်ရာ အင်းဝနန်းမြင့်မျှော်စင်အနီးတွင် ပြိုကျခဲ့သည့် မူလမျှော်စင်၏ အုတ်တိုင်ကြီးများကို မြင်တွေ့ကြရသည်။ ရှေးဟောင်းသုတေသန ဦးစီးဌာနက အင်းဝနန်းမြင့်မျှော်စင်ကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ပြီး ပင်မမျှော်စင်ဘေးတွင် အပေါ်သို့တက်ရန် သစ်သားလှေကားများ တပ်ဆင်ခဲ့သည်။ ယခုအခါတွင် မျှော်စင်ကြံ့ခိုင်မှုအတွက် နန်းမြင့်မျှော်စင်ပေါ်သို့ တက်ခွင့်မပြုတော့ပါ။

**မဟာဇေယပထ တံတား**

တံတားဦးမြို့နှင့် အင်းဝကို ဆက်သွယ်ထားသည့် မဟာဇေယပထ တံတားကို ဦးအိုအုတ်လမ်းဟုလည်း ခေါ်ကြသည်။ ၂၂ ပေ ကျယ်၍ တစ်မိုင်ကျော်ရှည်လျားသည့် မဟာဇေယျပထ တံတား၏ တစ်ဖက်တစ်ချက်တွင် ၂၂ ပေစီရှည်သည့် အုတ်ရင်တားများကို ငါးပေစီခြားလျက် ကာရံထားသည်။ လမ်း၏ ထိပ်နှစ်ဖက်တွင် အုတ်ပြာသာဒ်တစ်ခုစီကို ဆောက်လုပ်ထားသည်။

မဟာဇေယပထ အုတ်တံတားပေါ်တွင် ဖောက်လုပ်ထားသည့် ကားလမ်းသည် အင်းဝမြို့ဟောင်း၏ တောင်ဘက်ရှိ ဟံသာဝတီတံခါးပေါက်မှ တံတားဦးမြို့အထိ ရှည်လျားသည်။ တံတားတစ်လျှောက်တွင် ရေသွားပေါင်းကူး ၄၇ ခုနှင့် ချောင်းကူး တံတားကြီးနှစ်စင်း အပါအဝင် တံတားလေးစင်းရှိသည်။

မဟာဇေယပထ တံတားကို ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် စလင်းမြို့စား မင်းသားကြီးဦးအိုက ဖောက်လုပ်ခဲ့သည်။ ကုန်းဘောင်ဆက် မြန်မာရက်စွဲသမိုင်းတွင် “စလင်းမင်းသားက ရတနာပူရမြို့တော်တောင် ဟံသာဝတီတံခါးအထွက်ကသည် တံတားဦး မင်္ဂလာဘုရားရောက် တာ ၅၀၀ အုတ်တံတား တည်လုပ်ပြီးပြေရှိသည်ကို မဟာဇေယပထ ကမ္ပည်းတပ်”ဟု မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ် တပေါင်းလဆန်း ၂ ရက် (ခရစ်နှစ် ၁၆၊ ၂၊ ၁၈၂၈)စနေနေ့ ခေါင်းစဉ်အောက်တွင် မှတ်တမ်းပြု ရေးသားထားသည်။ စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီး မယ်နု၏ မောင်ဖြစ်သူ ဦးအိုက သူ၏အလှူတော်တံတားကို မဟာဇေယပထဟု အမည်ပေးခဲ့သော်လည်း အလှူရှင်၏အမည်ကို အစွဲပြုလျက် ဦးအိုတံတား၊ ဦးအိုအုတ်လမ်းဟု ပိုမိုထင်ရှားခဲ့ပေသည်။

**လေးထပ်ကြီးကျောင်း**

အင်းဝမြို့ဟောင်းတွင် အထင်ရှားဆုံး မြင်တွေ့ရသည့် ရှေးဟောင်း အဆောက်အအုံများအနက် လေးထပ်ကြီးကျောင်းသည် အင်းဝမြို့တွင်း၌ ညောင်ရမ်းမင်း တည်ထားခဲ့သည့် မဟာမြတ်မုနိစေတီတော်နှင့် ကားလမ်းတစ်ဖက်စီခြားကာ ၁၀ ဧက နီးပါးကျယ်ဝန်းသည့် အဝန်းအဝိုင်းအတွင်း ကြီးမားထင်ရှားစွာ တည်ရှိနေ ပေသည်။ လက်ရှိမြင်တွေ့နေကြရသည့် အုတ်ဂန္ဓကုဋိတိုက်အမျိုးအစား လေးထပ်ကြီးကျောင်းသည် ညောင်ရမ်းမင်း မူလတည်ထားခဲ့သည့်နေရာတွင် ဘကြီးတော် စစ်ကိုင်းမင်း ပြန်လည်တည်ဆောက်ခဲ့သည့် ရှေးဟောင်းကျောင်းကြီးဖြစ်ပြီး ပေ ၂၀၀ ပတ်လည် စတုရန်းပုံပန္နက်ပေါ်တွင် တည်ဆောက်ထားသည့် ပေ ၉၀ မြင့်သော အုတ်တိုက်ကြီးဖြစ်သည်။

အုတ်ကျောင်းကြီးကို စိန်တောင်သုံးဆင့် ကာရံထားပြီး စိန်တောင်ပတ်လည်တွင် တင်းပုတ်ကိုင်ထားသည့် အစောင့် ဘီလူးရုပ်ကြွများနှင့် အင်္ဂတေပန်းနွယ်များဖြင့် အလှဆင်ထားသည်။ စိန်တောင်များအကြားတွင် လျှောက်လမ်းများရှိကာ အရပ်လေးမျက်နှာရှိ မုခ်ပေါက်များတွင် မုခ်တံကဲပန်းများနှင့် အင်္ဂတေရုပ်ကြွများကို မြင်တွေ့နိုင်ကြသည်။ အုတ်ကျောင်းကြီး၏ အထက်အမိုးစွန်း ပတ်လည်ကို ကြာဖတ်ပုံအင်္ဂတေလက်ရာများဖြင့် ပတ်ထားကာ ထောင့်များတွင် အရံစေတီများတည်ထား၍ အလယ်ဘုံအဆင့်ဆင့်ကို မုခ်ပန်း၊ ထောင့်ပန်းများဖြင့် တန်ဆာဆင်ထားသည်။

အုတ်ကျောင်းတော်ကြီး၏ အပြင်ဘက်နှင့် အပေါ်အောက်တွင် မုခ်ကပ်ငယ်လေးခုနှင့် မုခ်ပေါက်လေးခုရှိသည်။ မုခ်ပေါက်အဝင် စိန်တောင်ဆင့်များတွင် သရက်ကင်းလှေကား လေးစင်းရှိပြီး ဝင်ပေါက်အတွင်းပိုင်း ဝဲယာနှစ်ဖက်တွင် အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားသည့် ဘုံငါးဆင့် အုတ်ပြာသာဒ်သုံးခုတွဲများကို ထည့်သွင်းထားသည်။ အင်းဝ လေးထပ်ကြီးကျောင်းကို ဒုတိယ အင်းဝခေတ်(ခရစ်နှစ် ၁၅၉၇-၁၇၅၁)အတွင်း ညောင်ရမ်းမင်းတရား(ခရစ်နှစ် ၁၆၀၀-၁၆၀၆)လက်ထက်တွင် စတင်တည်ဆောက်၍ သားတော် အနောက်ဘက်လွန်မင်း(ခရစ်နှစ် ၁၆၀၆-၁၆၂၈) လက်ထက်တွင် ပြီးစီးခဲ့သည်။

သာလွန်မင်း(ခရစ်နှစ် ၁၆၂၉-၁၆၄၈)သည် နောင်တော် အနောက်ဘက်လွန်မင်း အပြီးသတ်ခဲ့သည့် ခမည်းတော် ညောင်ရမ်းမင်းတရား၏ အလှူတော် လေးထပ်ကြီးကျောင်းတွင် အရံကျောင်း ၄၀ လှူဒါန်းခဲ့ကာ မီးတားတံတိုင်းများကို မြို့ရိုးများသဖွယ် အခိုင်အခံ့ ပြုပြင်တည်ဆောက်ခဲ့သည်။ ပင်းတလဲမင်း(ခရစ်နှစ် ၁၆၄၈-၁၆၆၁) လက်ထက်တွင် လေးထပ်ကြီးကျောင်းသည် မီးလောင်ပျက်စီးခဲ့ပြီး ကုန်းဘောင်ခေတ် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် မူလ အင်းဝလေးထပ်ကြီးကျောင်း နေရာကို မီးတား အရံတံတိုင်းနှစ်ထပ် ကာရံ၍ လေးမျက်နှာမုခ်ပေါင်းကူး ဘုံခုနစ်ဆင့်ရှိသည့် အုတ်ပြာသာဒ်ကို တည်ဆောက်ခဲ့သည်။ စစ်ကိုင်းမင်းသည် အလေးချိန် ပိဿာ ၁၆၁၁၀ ရှိသည့် ပဉ္စလောဟာ ဆင်းတုတော်ကြီးကို အုတ်ပြာသာဒ်အတွင်း ကိန်းဝပ်ပူဇော်ခဲ့ပြီး ခရစ်နှစ် ၁၈၃၅ ခုနှစ်တွင် ရေစက်သွန်းချ လှူဒါန်းခဲ့သည်။

ယင်း အုတ်ဂန္ဓကုဋိတိုက်သည် မူလ လေးထပ်ကြီးကျောင်းနေရာတွင် တည်ရှိသဖြင့် လေးထပ်ကြီးကျောင်းဟု အမည်တွင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် အုတ်ပြာသာဒ်ကြီး ပြိုကျပျက်စီးခဲ့ရာ ဆင်းတုတော်ကြီးကို အမရပူရသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ပေသည်။

လက်ရှိအနေအထားတွင် အင်းဝ လေးထပ်ကြီးကျောင်း၏ အပေါ်ပိုင်း အုတ်ပြာသာဒ် များသည် ပြိုကျပျက်စီးနေကာ မြောက်ဘက်အုတ်နံရံလည်း ပြိုကျခဲ့ပြီဖြစ်သည်။ အုတ်နံရံများသည် ကွဲကြောင်းများဖြစ်ပေါ်နေကာ အတွင်းသို့ဝင်ရောက်ရန် ခက်ခဲနေပေသည်။

အင်းဝသည် ခရစ်နှစ် ၁၃၆၄ ခုနှစ်မှ ၁၇၅၁ ခုနှစ်အထိ နှစ် ၄၀၀ နီးပါး သက်တမ်းရှည်ကြာခဲ့သဖြင့် အင်းဝမြို့ဟောင်းတွင် ခေတ်အဆက်ဆက်တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများသည် ယနေ့တိုင် ကျန်ရှိနေပေသည်။ အင်းဝမြို့ဟောင်းအတွင်းမှ နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာများရှိသော ဘုရားခုနှစ်ဆူနှင့် ကြေးခေါင်းလောင်းစာများရှိသော ဘုရားသုံးဆူ အပါအဝင် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို ထိန်းသိမ်းထားနိုင်ခဲ့ခြင်းကြောင့် အင်းဝသည် မြန်မာ့သမိုင်းစဉ် အင်းဝခေတ်ကို အထင်အရှား သက်သေပြလျက်ရှိနေပေသည်။

**ကိုးကား**


(၁) **အင်းဝဒေသ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်း(၁)(၂)(ယဉ်ကျေးမှုဝန်ကြီးဌာန)**
(၂) **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)**
(၃) **တွင်းသင်းရာဇဝင်(တတိယတွဲ)**
(၄) **အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ(ဗိုလ်ရှိတ်-အမရပူရ)**

# ကြံဈေးကောင်း၍ တောင်သူများအဆင်ပြေသော်လည်း တန်ပိုကန့်သတ်ချက်ကြောင့် နစ်နာမှုများရှိနေ



**ရေတာရှည် ဒီဇင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စပါးနှင့်ပဲမျိုးစုံပြီးလျှင် အများဆုံးစိုက်ပျိုးသည့် ကြံသီးနှံမှာ အမှတ်(၆)သကြားစက်ရုံမှ တစ်တန်လျှင် စက်ရုံအရောက်ဈေးနှုန်း ကျပ်ငါးသောင်းဖြင့် ဝယ်ယူလျက်ရှိရာ တောင်သူများအတွက် များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြံဈေးနှုန်းကောင်းမွန်သဖြင့် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိသော်လည်း ကုန်တင်ကားများတွင် ကြံများတင်ဆောင်၍ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း စက်ရုံသို့ ပို့ဆောင်ရောင်းချရာ၌ တိုးဂိတ်က တန်ပိုတင် ဆောင်ခွင့်မပြုသည့်အတွက် ကြံများကို ပြန်ချရခြင်း၊ ထော်လာဂျီယာဉ်များဖြင့် ပြန်ကဲ့ရခြင်းတို့ကြောင့် အလုပ်သမားစရိတ်နှင့် ယာဉ်အပိုငှားရမ်းခများ ထပ်မံကုန်ကျမှုများ ရှိနေကြောင်း မြို့လုမြို့နှင့် ဆွာမြို့ဝန်းကျင်မှ တောင်သူများက ပြောသည်။

"၂၀၁၁-၂၀၁၂ ခုနှစ်ကနေ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ကြံတောင်သူတွေကို တန်ပို တင်ဆောင်ခွင့်ပြုခဲ့တဲ့အပြင် အပြင်ပတ်လမ်းကနေ ပုံမှန်တန်ကြေးပေးပြီး ဖြတ်သန်းခွင့်ပြုခဲ့လို့ ကျွန်တော်တို့တောင်သူတွေ အဆင်ပြေကြပါတယ်၊ ဒီနှစ်ကြံရာသီကျမှ တန်ပိုဖြတ်သန်းခွင့်မပြုတော့ဘူး၊ အပြင်ပတ်လမ်းကလည်း သွားခွင့်မရတော့လို့ အကုန်အကျတွေ ပိုများကုန်တယ်၊ သုံးလဆိုတဲ့ ကြံရာသီကာလမှာ ကြံတောင်သူတွေအတွက် ချွင်းချက်အနေနဲ့ ခွင့်ပြုပေးသင့်ပါတယ်"ဟု ဆပ်သေကျေးရွာနေ ကြံစိုက် တောင်သူ ဦးတင်မောင်စိုးက လက်ရှိကြုံတွေ့နေရသည့် အခက်အခဲကို ပြောသည်။

ကြံတောင်သူများ ကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကို လမ်းဦးစီးဌာနနှင့် ညှိနိုင်းသည့်အခါ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနအထိ တင်ပြထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။ သကြားစက်ရုံများအနေဖြင့် တောင်သူများထံမှ ကြံများဝယ်ယူကြရာတွင် ဈေးနှုန်းအမျိုးမျိုးဖြင့် ဝယ်ယူလျက်ရှိရာ ဈေးအမြင့်ဆုံးပေးဝယ်သည့် ရေတာရှည် အမှတ်(၆)သကြားစက်ရုံသို့သာ တောင်သူများက ရောင်းချလိုခြင်းဖြစ်ပြီး စက်ရုံသို့ ကြံများကို ကားဖြင့်ပို့ဆောင်ရာတွင် အဆိုပါ အခက်အခဲကို ကြုံတွေ့နေရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြောင်းမြမြို့၌ ပြည်တော်အေးစေတီတော် ရွှေထီးတော် စိန်ဖူးတော် တင်လှူပူဇော်

**မြောင်းမြ ဒီဇင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် ဗောဓိပင်ဘုရားဝင်းအတွင်း တည်ထားသည့် ပြည်တော်အေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထီးတော်တင်ပွဲတွင် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ပြီး အလှူရှင်မိသားစုကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးတို့က စိန်ဖူးတော်ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး အလှူရှင် ဦးဝင်းမောင်ဦးက ငှက်မြတ်နားတော်ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင်များနှင့် ပြည်သူများက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊အရံစေတီ ထီးတော်တို့ကို ဒေဝါဝင်း၊ ရာဇာဝင်း ခြံရံ၍ ပင့်ဆောင်ပြီး စေတီတော်သို့ တင်လှူပူဇော်ခဲ့ကြသည်။

ပြည်တော်အေးစေတီတော်ကို ပြည်သူများ အေးချမ်းသာယာစေကြောင်း ရည်ရွယ်၍ အိမ်မဲမြို့နယ် တကောကျေးရွာမှ တကောဆရာတော်ကြီး ဦးဆောင်၍ မြောင်းမြမြို့ စံပြမုန့်တိုက်မိသားစုနှင့် မောင်နှမများ၏ လှူဒါန်းမှုဖြင့် တည်ထားခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့် ၂၃ တောင်ရှိ ပြည်တော်အေးစေတီတော်နှင့် အရံစေတီများကို တစ်လအတွင်း တည်ထားခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# သန်လျင် လူထုစုပေါင်းစက်ဘီးစီးပွဲတွင် နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၁၁**
သန်လျင် စက်ဘီးချစ်သူများ THANLYIN Cycling Club က ကြီးမှူး၍ Bicycle Network Myanmar နှင့် BATTLE စက်ဘီးအဖွဲ့တို့ ပူးပေါင်းပြီး လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၉ ရက်က သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း ငြိမ်းချမ်းရေးကွင်းမှ စတင်ကာ အင်အား ၃၀၀ ကျော် ပါဝင်၍ သန်လျင်မြို့နယ်မှ ကျောက်တန်းမြို့နယ်ဘက်သို့ စုပေါင်း စက်ဘီးစီးနင်းခဲ့ကြောင်း သိရသည်။



လူထုစုပေါင်း စက်ဘီးစီးနင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် စက်ဘီးချစ်သူ ဝါသနာတူ ပရဟိတအသင်းအဖွဲ့များအပြင် Bicycle Network Myanmar နှင့် BATTLE စက်ဘီးအဖွဲ့များ ကျောင်းသားလူငယ် အမျိုးသမီးများ သာမက နိုင်ငံခြားသားများပါ ပါဝင်ကာ သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ငြိမ်းချမ်းရေးကွင်းမှစ၍ ကျိုက်ခေါက်ဘုရားလမ်းမှ ကျောက်တန်းမြို့နယ်သို့ လှည့်လည်ပြီး သန်လျင်မြို့ ကျိုက်ခေါက်ဘုရား ကြာကန်ဓမ္မဗိမာန်အထိ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

ထို့နောက် သန်လျင် စက်ဘီးချစ်သူများအတွက် Bicycle Network Myanmar နှင့် ပူးပေါင်း၍ BATTLE စက်ဘီးများ မိတ်ဆက်ခြင်းနှင့် BATTLE စက်ဘီးများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချခြင်း အခမ်းအနားကိုလည်း သန်လျင်မြို့ ကျိုက်ခေါက်ဘုရားရှေ့ရှိ ကြာကန်ဓမ္မဗိမာန်၌ ဆက်လက်ကျင်းပခဲ့သည်။

**သက်ခိုင်(သန်လျင်)**

# စွန့်ဦးတီထွင်စီးပွားရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု မြှင့်တင်ရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၁**
မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ အာရှ စွန့်ဦးတီထွင်စီးပွားရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ယက်(မြန်မာ)(Enterpreneurship Development Network Asia-EDNA Myanmar)က ဦးဆောင်၍ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနား "Enterprise Development Day"ကို ဒီဇင်ဘာ ၉ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပအိုင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်၊ EDNA(Myanmar)ထူထောင်သူ ဒေါ်ကြည်ကြည်ငြိမ်းနှင့် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဖူးရှင်းဘရားသားစ်ကုမ္ပဏီ ရော်ဘာအဝယ်ဒိုင်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးသူရက ရော်ဘာလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးအတိုင်ပင်ခံပညာရှင် ဦးကိုကိုလွင်က မှိုနည်းပညာပေး အတွေ့အကြုံများကိုလည်းကောင်း၊ ပန်းနုစားသောက်ဆိုင်လုပ်ငန်းများမှ ဒေါ်လှလှဆွေက တန်ဖိုးရှိသော လုပ်ငန်းအတွေ့အကြုံများကိုလည်းကောင်း ဆွေးနွေးမှုဝေခဲ့သည်။ အဆိုပါ အခမ်းအနားတွင် EDNA သင်တန်းသူ သင်တန်းသားများ၏ လုပ်ငန်းများမှ ဖွင့်လှစ်သော အရောင်းပြခန်းများလည်း ပါဝင်ပြသခဲ့သည်။

EDNA(Myanmar)သည် Swiss Agency for Development and Cooperation(SDC)နှင့် Swiss Contant တို့၏ ငွေကြေးပံ့ပိုးမှုဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း၌ စွန့်ဦးစီးပွားစွမ်းဆောင်မှု ပညာရေး သင်တန်းများ ဖွင့်လှစ်ပြီး သင်တန်းပြီးဆုံးသူများနှင့် စီးပွားရေးလုပ်ဆောင်ရန် ဆန္ဒရှိသော ဒေသခံများ၏ လုပ်ငန်းဖွံ့ဖြိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

EDNA(Myanmar)သည် ပညာရေးအဖွဲ့အစည်းဖြစ်သလို ဒေသအတွင်း လူမှုရေးမြှင့်တင်ရေးအတွက် ဝန်ဆောင်မှုပေးနေသော လူမှုစီးပွားရေးလုပ်ငန်းလည်းဖြစ်ပြီး EDNA(Myanmar)၏ အခြားစီးပွားရေး လုပ်ငန်းများကို www.ednamyanmar.com နှင့် www.ednamm.com ဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဆလုံလူမျိုးများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာရေး အလုပ်ရုံဆွေးနွေး

**ကော့သောင်း ဒီဇင်ဘာ ၁၁**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတောင်ဘက်စွန်း ပင်လယ်ကျွန်းများအတွင်း နေထိုင်ကျက်စားသည့် ဆလုံလူမျိုးများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်က ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့စည်းများ၊ ဒေသတွင်း ပင်လယ်ကျွန်းများတွင် နေထိုင်သည့် ဆလုံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဆလုံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဆလုံတိုင်းရင်းသားများဖြင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဧည့်သည်တော်များသည် အလုပ်ရုံဆွေးနွေးပွဲခန်းမ ပြတိုက်ငယ်အတွင်း ကော့သောင်းခရိုင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခင်းကျင်းပြသထားသည့် ဆလုံတိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းများ၊ ရိုးရာဓလေ့မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး ဦးညီအေးက ဆလုံကျေးရွာများတွင် ခရီးသွားလုပ်ငန်းဖော်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆလုံလူမျိုးများ၏ လူနေမှုဓလေ့များကို



အချိန်ယူလေ့လာ သုတေသနပြုထားသည့် မနုဿဗေဒပညာရှင် ဒေါက်တာ Jacquces Ivenoff၊ Mr.Mazime Boutry နှင့် Miss.Fabienne Galangau တို့က မြန်မာနိုင်ငံ မြိတ်ကျွန်းစုများအတွင်းရှိ ဆလုံ(ခ)မော်ကင်း တိုင်းရင်းသားများနှင့်ပတ်သက်၍ လေ့လာသုတေသနပြုချက်များကို မှတ်တမ်းအထောက် အထားများ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ရှင်းလင်းခဲ့သည်။

မြန်မာနိုင်ငံတောင်ဘက်စွန်း မြိတ်ကျွန်းစုများဖြစ်သည့် မြိတ်၊ ကော့သောင်း ၊ ဘုတ်ပြင်းမြို့နယ်များအတွင်းရှိ ရှားပါးလူသားမျိုးနွယ်စုများဖြစ်သည့် ဆလုံလူမျိုးများ၏ အခက်အခဲများ၊ လိုအပ်ချက်များ၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများ ရှင်သန်ဖွံ့ဖြိုးလာရေး၊ မူးယစ်ဆေးဝါးနှင့်အရက်သောက်သုံးမှု လျော့နည်းလာရေး၊ ဆလုံမျိုးဆက်များ ဆက်လက်တည်တံ့စေရေး၊ ပညာသင်ကြားခွင့်နှင့် ရိုးရာဓလေ့များ မပပျောက် မတိမ်ကောစေရေး၊ ဆလုံလူမျိုးများနှင့်ပတ်သက်၍ ကမ္ဘာ့အရပ်ရပ်မှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှု ပိုမိုဖြစ်ပေါ်လာကာ ခရီးသွားလုပ်ငန်း ပိုမို ဖွံ့ဖြိုးလာရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနေမှုနှင့်အတူ ဆလုံလူမျိုးများ လူနေမှုဘဝ အကျပ်အတည်းများ မဖြစ်ပေါ်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနနှင့် UMTA တို့က ဦးဆောင်ကာ နိုင်ငံခြားသုတေသနပညာရှင်များ၊ ဒေသခံများ၊ ဆလုံတိုင်းရင်းသားများ ပါဝင်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့တွင်းလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ မြို့မဆိပ်ကမ်းတံတား မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆိပ်ခံတံတားတွင်ထားရှိမည့် X-Ray အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

## ခေတ်မီမော်တာအထည်ချုပ် သင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူး၍ နယ်စပ်ဒေသကျေးလက်မြို့ပြနေ တိုင်းရင်းသူအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဖွင့်လှစ်သင်ကြားပေးခဲ့သည့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ် ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုအကျိုးစီးပွားမြင့်မားလာစေရေးအတွက် ဖြည့်ဆည်းပေးရမည့် ဦးစားပေးလုပ်ငန်းလိုအပ်ချက်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော နယ်စပ်ဒေသကျေးလက်မြို့ပြနေ တိုင်းရင်းသူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုဆိုလျှင် (၁၈)ကြိမ်မြောက် ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ၊ ကျေးလက်နှင့် မြို့ပြများရှိ တိုင်းရင်းသူ အမျိုးသမီးငယ်များကို အိမ်တွင်းမှုပညာရပ်များ တတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (၄၃)ကျောင်း ဖွင့်လှစ်ပြီး အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၇၅၃၅၃ ဦးအနက်၊ ၂၁၄၅ ဦးကို ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၄ ရုံ၌ ၂၀၉၈ ဦး ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ပြောကြား ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးခဲ့ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အလုပ်သမားအသိအမှတ်ပြုကတ်ပြားများကို သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ကာ အထည်ချုပ်စက်ရုံများက သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ပေးခဲ့သည့် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၁၈)မှ သင်တန်းဆင်းတိုင်းရင်းသူ ၁၀၀ အား နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ သင်တန်းကာလ သုံးပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး၊ သင်တန်းဆင်းတိုင်းရင်းသူ ၉၈ ဦးအား အထည်ချုပ် စက်ရုံ သုံးရုံသို့ စနစ်တကျခွဲဝေ၍ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗထူး**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုပြုလုပ်

**ဘားအံ ဒီဇင်ဘာ ၁၁**

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများက ကြီးမှူး၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ပြုလုပ်လျက်ရှိရာ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဒီဇင်ဘာ ၉ ရက်က လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

ဇွဲကပင်ခန်းမ၌ ပြုလုပ်သည့် လှုပ်ရှားမှု အခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားပြီး အမျိုးသမီးအဖွဲ့များ ကွန်ရက် မွန်ကရင်အဖွဲ့မှ အတွင်းရေးမှူး ဒေါ်နန်းတင်ဇာဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ဖဲကြိုးဖြူလှုပ်ရှားမှု ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းကာ ကျားမရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေရေးရာနှင့် ကျားမရေးရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်းတို့ကို ဒေါ်လှမျိုးဆုနှင့် ဒေါက်တာဖြိုးသီဟတို့က အသိပညာပေး ဟောပြောခဲ့ကြသည်။

ပြည်နယ်အတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဖဲကြိုးဖြူလှုပ်ရှားမှု ဆောင်ရွက်သည့် ၁၆ ရက်တာ ကာလအတွင်း ပြည်နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများ၌ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ကာ အမျိုးသမီးများအား အိမ်တွင်းအကြမ်းဖက်မှုအကြောင်း၊ လူအခွင့်အရေးဆိုင်ရာများ၊ ကျားမရေးရာအကြမ်းဖက်မှုလျှော့ချရေး စသည်တို့ကို ဆွေးနွေးသင်ကြား အသိပညာပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## လမ်းနယ်ပေါ်တွင်ရောင်းချသော ဆိုင်ခန်းများကို လိုက်လံရှင်းလင်းသိမ်းဆည်း

**မြဝတီ ဒီဇင်ဘာ ၁၁**



ကရင်ပြည်နယ် မြဝတီမြို့ပေါ်တွင် ကားလမ်းမကြီးများပေါ်နှင့် လူသွားပလက်ဖောင်း နယ်နိမိတ်များအပေါ်အထိ ကျော်လွန်၍ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေသူများအား ဒေသဆိုင်ရာ အာဏာပိုင်များ၊ စည်ပင်ကော်မတီမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များဖြင့် ဒီဇင်ဘာ ၉ ရက်က လိုက်လံရှင်းလင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မြဝတီမြို့နယ် စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက "ရဲတပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်စည်ပင်ကော်မတီဝင်တွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေ အဖွဲ့စုံပူးပေါင်းပြီး လမ်းနယ်နမိတ်ကို ကျော်ပြီး ရောင်းချနေတဲ့ ဈေးဆိုင်တွေကို ရှင်းလင်းဖယ်ရှားတာဖြစ်ပါတယ်၊ ဒီလိုရှင်းလင်းဖယ်ရှားဖို့အတွက် ပြီးခဲ့တဲ့အပတ်ကတည်းက စာတွေဖြန့်ဝေ ပေးပို့ထားပြီးဖြစ်ပါတယ်၊ လမ်းပေါ်အထိ ကျူးကျော်ပြီး ဆိုင်တွေဖွင့်ထားသလို အဖီတွေထိုးထားကြတော့ လမ်းတွေကျဉ်းပြီး ယာဉ်ကြောကျပ်မှုတွေဖြစ်တယ်၊ ယာဉ်တိုက်မှုတွေလည်းဖြစ်တယ်၊ ကားပါကင်ဆိုရင် ကားရပ်နားစရာနေရာတောင် မရှိပါဘူး၊ ကားလာရပ်ရင်တောင်မှ ဈေးသည်ကမောင်းထုတ်လို့ ခဏခဏ ရန်ဖြစ်ကြထိုးကြ ဖြစ်တယ်၊ နောက်ပြီး မြို့အင်္ဂါရပ်နဲ့လည်း မညီဘူး၊ ဒါကြောင့် မြို့သာယာလှပရေးနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုတွေ အဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်နဲ့ မြို့နယ်က အကြီးအကဲတွေ လမ်းညွှန်မှုနဲ့အတူ အခုလိုဆောင်ရွက်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြဝတီမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး အိမ်နီးချင်းထိုင်းနိုင်ငံ မဲဆောက်မြို့နှင့်လည်း ညီအစ်မမြို့တော်များဖြစ်ကာ နိုင်ငံခြားသား ဧည့်သည်များလည်း စဉ်ဆက်မပြတ် ဝင်ထွက်နေကြသဖြင့် လူနှင့်ယာဉ်သွားလာမှုမှာ တစ်ရက်ထက်တစ်ရက် ပိုများလာလျက်ရှိသည်။ လမ်းများပေါ်တွင် ကျူးကျော်နေသော ဈေးဆိုင်များကြောင့် မကြာခဏ ယာဉ်ကြောကြပ်တည်းမှုများဖြစ်ခြင်း၊ ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ယခုလို ရှင်းလင်းခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကာ နောက်ပိုင်းတွင် ရှောင်တခင်စစ်ဆေးမှုများကိုလည်း အလျဉ်းသင့်သလို ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာမှုမရှိသူများကို တည်ဆဲဥပဒေများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးပေါင်းရှင်းလင်းသည့် အဖွဲ့တွင် ပါဝင်သော ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း ဖြည့်စွက်ပြောကြားခဲ့သည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## မိုးညှင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြော



**မိုးညှင်း ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာမှ ပြည်သူများအား ပွင့်လင်းရာသီ မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို မိုးညှင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာဇရပ်၌ ဒီဇင်ဘာ ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုလို ပွင့်လင်းရာသီမှာ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်နည်းတွေကို ပြုလုပ်ထားရပါမယ်၊ ကျေးလက်ဒေသမှာ မီးလောင်မှုတွေ အများဆုံးက လောင်စာကို ထင်းသုံးစွဲတဲ့အတွက်ဖြစ်တာပါ၊ အခုချိန်မှာအိမ်တိုင်းနီးပါးက လျှပ်စစ်မီးသုံးစွဲလာတာကြောင့် လျှပ်စစ်မီးသုံးတဲ့နေရာမှာ ဆွေးမြေ့ဟောင်းနွမ်းတဲ့ မီးကြိုးတွေကို မသုံးစွဲဘဲ လျှပ်စစ်မီးကို စနစ်တကျ သတိဝီရိယဖြင့် သုံးစွဲဖို့လည်း လိုအပ်ပါတယ်"ဟု မိုးညှင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟိန်းမင်းထိုက်က ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ဒေသခံပြည်သူများအား လက်တွေ့မီးငြိမ်းသတ်နည်းများကို မီးသတ်ဝန်ထမ်းများက သရုပ်ပြခဲ့ကြကာ ဒေသခံပြည်သူများကိုယ်တိုင် လက်တွေ့ မီးငြိမ်းသတ်မှုများကိုလည်း လေ့ကျင့်စေခဲ့ကြောင်း သိရသည်။

**(ဝ၆၇)**

## အလေးချိန်ခွင် အခြင်အတွယ် အတိုင်းအတာများ စံနှုန်းကိုက်ညီမှုရှိမရှိ ကွင်းဆင်းစစ်ဆေး

**ပေါက် ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့ပေါ်ရှိ မြို့မဈေးမှ ဆိုင်များ၊ ပွဲရုံများနှင့် အိမ်ဆိုင်များတွင် ကုန်ပစ္စည်းများ ဝယ်ယူရောင်းချရာ၌ အသုံးပြုလျက်ရှိသော အလေးချိန်ခွင်၊ အခြင်အတွယ်၊ ကတ္တား၊ တင်းတောင်း၊ ပြည်တောင်းများ၊ ပေတံ၊ ကိုက်တံများ စသည်တို့ကို သတ်မှတ်စံနှုန်းများနှင့်အညီ ပုံမှန်စံကိုက် သုံးစွဲမှုရှိစေရန်အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာ ၉ ရက်တွင် လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယခုလို ကွင်းဆင်းစစ်ဆေးရခြင်းမှာ ဝယ်ယူစားသုံးသူရော ရောင်းချသူရော အားလုံးမျှမျှတတ၊ မှန်မှန်ကန်ကန် ဝယ်ယူရောင်းချနိုင်ရန်နှင့် ပုံမှန်စံကိုက် အလေးချိန်၊ အခြင်အတွယ်၊ အတိုင်းအတာများဖြင့် မှန်ကန်စွာ ရောင်းဝယ်ဖောက်ကားစေရန်ဖြစ်ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဈေးကော်မတီဝင်များ ပူးပေါင်း၍ မြို့မဈေးမှ ဆိုင်များကိုလည်းကောင်း၊ စည်ပင်သာယာရေးကော်မတီဝင်များ ပူးပေါင်း၍ ပွဲရုံများနှင့် အိမ်ဆိုင်များကိုလည်းကောင်း လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ဝေန်ရေကာတာ ပြုပြင်ခြင်းလုပ်ငန်းများ စတင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ ဝေန်ရေကာတာ အဆင့်မြှင့်တင်ပြင်ဆင်မှုလုပ်ငန်းများကို လက်ရှိ မြစ်ရေကျဆင်းနေချိန် ပွင့်လင်းရာသီအတွင်း အချိန်မီ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၉ ရက်က ငါးသိုင်းချောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးဝင်းမော်၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ၊ ရေကာတာပြင်ဆင်ခြင်းလုပ်ငန်းတွင် စိတ်ပါဝင်စားသည့်ပြည်သူများ တက်ရောက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးအတွင်းရှိ ဝေန်ရေကာတာတစ်လျှောက်လုံးနှင့် မြို့နယ်အတွင်းမှ ဝေန်ရေကာတာ ပြုပြင်ရေးလုပ်ငန်းများအတွက် လွှတ်တော်တွင် တင်ပြဆောင်ရွက်ခဲ့မှုနှင့် ဒေသခံပြည်သူများ နှစ်စဉ်ကြုံတွေ့ရင်ဆိုင်နေကြရသည့် ရေဘေးအတွက် ကြိုတင်ကာကွယ်ရေး အထောက်အကူပြုနိုင်ခြေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးအရာရှိက ဝေန်ရေကာတာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ အစည်းအဝေး တက်ရောက်သူများက ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

ငါးသိုင်းချောင်းမြို့၌ ဝေန်ရေကာတာ တည်ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်ပြီး မြေသားတာတမံများဖြစ်သည့်အလျောက် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းမှုများရှိလာ၍ ဝေန်ရေကာတာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဆိုပြုတင်ပြခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြုပြင်ရန် နိုင်ငံတော်မှ ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့အတွင်း ဝေန်ရေကာတာ တည်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည်နှင့်အညီ ရေကာတာဧရိယာအတွင်း အဆောက်အအုံ ၄၇၇ လုံးခန့် ရှိနေခဲ့၍ ရေကာတာပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပါက ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆောက်အအုံ ၁၁၂ လုံးမျှလောက်သာ ထိခိုက်မှုရှိနိုင်သည်အထိ လျှော့ချနိုင်ပြီး တာတမံကြံ့ခိုင်မှုကိုလည်း ကောင်းမွန်လာစေမည့် စီမံဆောင်ရွက်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒေသခံပြည်သူလူထုနှင့် ဒုတိယအကြိမ်ထပ်မံတွေ့ဆုံ ဆွေးနွေးရန်လည်း အစီအစဉ်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးအရာရှိက ဝေန်ရေကာတာဧရိယာ အလျား ၁၅ မိုင် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေခွင့်ပြုချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့ပြင် ၁၃ ဒသမ ၅ မိုင်ကို မြေသားအဆင့်မြှင့်တင် ပြင်ဆင်ခြင်းနှင့် မြို့တွင်း ၁ ဒသမ ၄ မိုင်ကို မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်း တာအောက်ခြေ၌ တာပေါင်အုတ်ကွန်ကရစ်ညှပ်နှင့် တာရိုးမြေသား ထည့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရေကာတာပြုပြင်မှုများ ဆောင်ရွက်ရာတွင် မြို့တွင်းရှိ ရေကာတာဧရိယာအတွင်းမှ အဆောက်အအုံများ ထိခိုက်မှုအနည်းနိုင်ဆုံးနှင့် ရေကာတာကြံ့ခိုင်မှု အကောင်းမွန်ဆုံးဖြစ်အောင် ဒီဇိုင်းဌာနပညာရှင်များဖြင့် စီမံတွက်ချက် ဆောင်ရွက်ခဲ့ရာ ယခင်လျာထားစီမံတွက်ချက်မှုများထက် ပိုကောင်းပြီး ၁၆ ပေခန့် ထိခိုက်မှု သက်သာ လျော့နည်းသော အစီအစဉ်ဒီဇိုင်းကို ရရှိခဲ့ကြောင်း၊ ရေကာတာပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးဆုံးပါက မြို့နယ်တစ်ခုလုံး အတိုင်းအတာဖြင့် ရေဘေးကာကွယ်ရေးဧရိယာ ဧက ၂၁၀၀၀၀ ကျော်၌ ပြည်သူလူထုအနေဖြင့် ပိုမိုစိတ်ချလုံခြုံရသော အကျိုးပြုကာကွယ်မှုကို ရရှိခံစားရမည်ဖြစ်ကြောင်းလည်း ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# CCTV များ တပ်ဆင်၊ မှတ်တမ်းတင်၊ စစ်ဆေးခြင်းများ ပိုမိုစနစ်တကျရှိရေး ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လုံခြုံရေးထိန်းသိမ်းမှုဆိုင်ရာများတွင် အထောက်အကူပြုနိုင်ရေးအတွက် CCTV များ တပ်ဆင်မှု၊ မှတ်တမ်းတင်မှုစနစ်၊ စစ်ဆေးခြင်းစနစ်များကို ပိုမိုစနစ်တကျရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၏ ပြောကြားချက်အရ သိရသည်။



**ဖြေကြား**

ဒီဇင်ဘာ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး၌ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် အကြောင်းကိစ္စတစ်စုံတစ်ရာ ဖြစ်ပေါ်လာ၍ ရန်ကုန်မြို့အလုံလမ်း Control Center ရှိ CCTV မှတ်တမ်းများကို သက်သေအဖြစ်တင်ပြရန် လိုအပ်လာသည့်အခါ ကူးယူသုံးစွဲခွင့် ရှိ မရှိ သိရှိလိုကြောင်း မေးခွန်းကို ဝန်ကြီးက ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လုံခြုံရေးထိန်းသိမ်းမှုတွင် အထောက်အကူပြုနိုင်ရေးအတွက် CCTV ကင်မရာများမှ စောင့်ကြည့်မှတ်တမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ထိန်းသိမ်းထားရှိရကြောင်း၊ ယခုအခါတွင် CCTV များ တပ်ဆင်မှု၊ မှတ်တမ်းတင်မှုစနစ်၊ စစ်ဆေးခြင်းစနစ်များ ပိုမိုစနစ်တကျရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တရပ်အား ပြီးပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် ကူးယူသုံးစွဲမှုနှင့်ပတ်သက်၍ တည်ဆဲဥပဒေများ၊ လုပ်ငန်းလိုအပ်ချက်များ၊ CCTV မှတ်တမ်းများကို သက်သေအဖြစ်တင်ပြမည့် အကြောင်းအရာများ ညီညွတ်ခြင်း ရှိ မရှိ စသည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းပြီးမှသာ CCTV မှတ်တမ်း ကူးယူသုံးစွဲခွင့်ကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တောင်းခံသင့်**

ယာဉ်ပိုင်ရှင်များအနေဖြင့် CCTV မှတ်တမ်းများကို တောင်းခံသည့်အခါတွင် အဆိုပါမှတ်တမ်းများကို ကြည့်ရှုခွင့်ရှိသည်မှာ သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့အစရှိသော အာဏာပိုင်အဖွဲ့အစည်းများကသာ ကြည့်ရှုခွင့်ရှိသည့်အတွက် အဆိုပါ သက်ဆိုင်ရာ အဖွဲ့အစည်းများမှတဆင့်သာ တောင်းခံသင့်ပါကြောင်းလည်း ဝန်ကြီးက ဖြေကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင်ပါဝင်သော ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရရှိထားပြီး ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဖိုင်ဘာကေဘယ်လ်တပ်ဆင်ခြင်း၊ ဝိုင်ဖိုင်လုပ်ငန်းဆောင်ရွက်ခြင်း စသော လိုင်စင်ရရှိထားသူများအနေဖြင့် လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် YCDC၊ YESC အစရှိသော အဖွဲ့အစည်းများတွင် တရားဝင်မှတ်ပုံတင်ပြုလုပ်ပြီး တရားဝင်ခွင့်ပြုချက်များကို ထပ်မံတောင်းခံပြီးမှ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သော်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရရှိထားသော လိုင်စင်တစ်ခုတည်းဖြင့် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ ဆောင်ရွက်နေသောကြောင့် YCDC လမ်းတံတားဌာနက ကြေညာချက်များထုတ်ပြန်၍ ဆက်သွယ်ဆောင်ရွက်ကြရန် အကြောင်းကြားထားကြောင်းလည်း ဝန်ကြီးက ဆက်လက်ဖြေကြားသည်။

**အရေးယူသွားမည်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ YCDC၊ YESC တို့၏ ခွင့်ပြုချက်မရှိသေးဘဲ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူများအား အရေးယူပါက ထိုသူများထံမှ ဝန်ဆောင်မှုရယူသုံးစွဲလျက်ရှိသော ပြည်သူလူထု၏ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စများတွင် အခက်အခဲများ တွေ့ရမည်ဖြစ်သောကြောင့် အချိန်တစ်ခုပေးပြီး အကြောင်းကြား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအချိန်သတ်မှတ်ချက်ကျော်လွန်၍ ဆက်သွယ်ခြင်းမရှိ၊ မှတ်ပုံတင်ခြင်းမရှိသောသူများကိုမူ အရေးယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

ထိုနေ့ လွှတ်တော်အစည်းအဝေးတွင် မြောက်ဥက္ကလာ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းမကြီးတွင် ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်းကိုလည်း မေးမြန်းခဲ့ပြီး ဝန်ကြီးက မေဓာဝီလမ်းမ၌ ယခင်က ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲခဲ့သော်လည်း လမ်းပျက်စီးမှုနှင့် ယာဉ်သွားလာရန် အခက်အခဲများကြောင့် ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့ရကြောင်း၊ ယခုအခါ အဆိုပါလမ်းမကို တိုးချဲ့ပြင်ဆင်လျက် ရှိသော်လည်း မေဓာဝီဈေးနှင့် လမ်းမပေါ်တွင် ဈေးဆိုင်များ နေရာယူထားမှုကြောင့် ခရီးသည်တင်ယာဉ်ကြီးများ သွားလာမှုအတွက် အခက်အခဲရှိပါကြောင်း၊ လက်ရှိအချိန်တွင် မေဓာဝီလမ်းနှင့် ဆက်စပ်လျက်ရှိသော သုဓမ္မာလမ်းနှင့် ခေမာသီလမ်းမများပေါ်တွင် YBS ယာဉ်လိုင်းများ ဖြတ်သန်းပြေးဆွဲပေးလျက်ရှိကြောင်း၊ မေဓာဝီလမ်းပြုပြင်မှုများ ပြီးဆုံးပါက ခရီးသည်များ၏ သွားလာမှု အခက်အခဲ လိုအပ်ချက်နှင့် ယာဉ်များပြေးဆွဲနိုင်မည့် အခြေအနေကို လေ့လာ၍ ခရီးသည်တင် ယာဉ်လိုင်းများ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## ပြည်သူလူထုအခြေပြု၍ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးမည့်အစီအစဉ် ရှင်းလင်းဆွေးနွေး

**မိုးနဲ ဒီဇင်ဘာ ၁၁**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်း ဒုတိယအကြိမ်အဖြစ် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ မိုးနဲမြို့နယ်အတွင်း ဆေးထိုးပေးမည့်အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မိုးနဲမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်က ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်သည့် အသိပညာပေးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းပြီး ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကျောင်းအခြေပြု၍ ပထမအကြိမ် ဆောင်ရွက်ပေးခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးခြင်းကို ဒီဇင်ဘာ ၁၁ ရက်တွင် ပေါ့မိုင်း ရပ်ကွက်ရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း၌ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ဆေးထိုးပေးရာတွင် အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များနှင့် ကျောင်းမနေသော အသက် ၁၅ နှစ်အောက် ကလေးငယ်များအား ထိုးပေး သွားမည်ဖြစ်သလို ပထမအကြိမ် ကျောင်းအခြေပြု ကာကွယ်ဆေးထိုး ပေးစဉ်က ကျန်ရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ပင်းတယနှင့်ရွာငံဒေသသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များပိုမိုလာရောက်လျက်ရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ဒေသများမှ အထင်ကရနေရာများသို့ ဒီဇင်ဘာလဆန်းပိုင်းတွင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ခရီးသွားရာသီဖြစ်တာကြောင့် အခု ဒီဇင်ဘာလဆန်းပိုင်းမှာ ပင်းတယမြို့နယ်နဲ့ ရွာငံမြို့နယ်ဒေသများအတွင်းက အထင်ကရနေရာများကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ ယခင်လတွေထက် ပိုမိုဝင်ရောက်လည်ပတ်လာကြပါတယ်၊ ပင်းတယမြို့နယ်အတွင်း ပင်းတယ လှိုဏ်ဂူဘုရားများ၊ ပုန်းတလုတ်ကန်နဲ့ အခုတလော နာမည်ကြီးလာတဲ့ မြင်းမူးကျေးရွာအနီးက မြင်းမူးကုန်းစိုက်ခင်းအလှ နေရာတွေကို လာရောက်လည်ပတ်ကြတယ်၊ ရွာငံမြို့နယ်အတွင်းက ပြဒါးလင်းဂူ၊ ကမ်းပါးနီဂူ၊ လင်းဝေးဂူများကို ပြည်ပခရီးသွားဧည့်သည်တွေက ပိုစိတ်ဝင်စားပြီး ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကိုလည်း လေ့လာတာမျိုးတွေရှိတယ်၊ ရွာငံမြို့နယ်အတွင်းမှာ ပြည်တွင်းဘုရားဖူး ဧည့်သည်တွေ နဲ့ ပြည်ပခရီးသွားဧည့်သည်တွေ အများစုလာရောက်လည်ပတ်လေ့လာတဲ့နေရာက မိန်းမရဲသခင်မတောင်၊ မြသပိတ်ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်နေရာတွေဖြစ်ပါတယ်"ဟု ရွာငံမြို့နယ် ပဲရင်းတောင်ကျေးရွာမှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့အတွင်းမှ အထင်ကရနေရာများအပြင် ကလော၊ တောင်ကြီး၊ အင်းလေး၊ ဟိုပုံးဒေသများရှိ ရေတံခွန်များ၊ ရေပူစမ်းများ၊ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီတော်များ၊ လိမ္မော်၊ ကော်ဖီ၊ ပန်းမုန်လာ၊ ပန်းနှမ်းစိုက်ခင်းများနှင့် ဒေသခံတိုင်းရင်းသားများ၏ နေထိုင်မှုဓလေ့များကိုလည်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များက ယခုလဆန်းပိုင်းတွင် ပိုမိုလာရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ သုံးလပတ်ညီလာခံ ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ ဒုတိယသုံးလပတ် ညီလာခံကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ ဟုတ်တက်မင်္ဂလာခန်းမဆောင်၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပသည်။

ညီလာခံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဆာဂါ(ရ်)(ခ)ဦးမောင်ဝင်းနှင့် အဖွဲ့ချုပ်ဝင်များ၊ တာချီလိတ်မြို့အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ၃၆ ခုမှ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ခွဲများ၏ ကိုယ်စားလှယ်များ တက်ရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ် အတွင်းရေးမှူးက မြန်မာပြည်ဖွား ဂေါ်ရခါးလူမျိုးများ၏ သမိုင်းအကျဉ်းနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က အခမ်းအနားကျင်းပနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက် စကားပြောကြားကာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ သုံးလပတ်ညီလာခံများကို ယခင်က ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနားနှင့် မိုးကုတ်မြို့များတွင် ကျင်းပခဲ့ကာ ယခုတစ်ကြိမ်တွင် တာချီလိတ်မြို့၌ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ညီလာခံတွင် ဂေါ်ရခါးလူမျိုးတို့၏ လူမှုရေးဆိုင်ရာများ၊ စာပေယဉ်ကျေးမှုဆိုင်ရာများ၊ ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာများ၊ သုံးလပတ်အတွင်း အဖွဲ့ချုပ်နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဝန်းသို ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ဝန်းသိုမြို့နယ်လုံးဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးကျော်မင်းအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သန်းက မူးယစ်ဆေးဝါး အမျိုးအစားများနှင့် အန္တရာယ်ရှိပုံများအကြောင်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းရေးအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အသိပညာပေးမေးခွန်းများ မေးမြန်းခဲ့ရာ ပြန်လည်ဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူများကို ဆုများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ဆုချီးမြှင့်ပွဲသို့ ဌာနဆိုင်ရာ ၃၀၊ NGO ၅၀၊ MANA အဖွဲ့မှ ၂၅ ဦး၊ ပြည်သူ ၂၀၀၊ ဆရာ ဆရာမ ၂၅ နှင့် ကျောင်းသား ကျောင်းသူ ၁၅၀၀ စုစုပေါင်း အင်အား ၁၈၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**မြို့နယ် (မြန်/ဆက်)**

# ရွှေနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ချင်းတွင်းမြစ်ရေအရည်အသွေးကို ထိခိုက်စေ

**စစ်ကိုင်း ဒီဇင်ဘာ ၁၁**

ချင်းတွင်းမြစ်အထက်ပိုင်းတွင်ရှိသည့် ရွှေ၊ ကျောက်စိမ်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ကာ မြစ်ရေတွင် ပြဒါး၊ ကြေးနီနှင့် အာဆင်းနစ်ကဲ့သို့သော သတ္တုများ ပါဝင်မှုများကြောင့် လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပြီး ချင်းတွင်းမြစ်ဝှမ်းဒေသ ဂေဟစနစ်ဝန်ဆောင်မှုများကို ထိခိုက်စေသလို အထူးသဖြင့် ချင်းတွင်းမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော ဥရုချောင်းကို ဆိုးရွားစွာ ထိခိုက်စေကြောင်း ဒီဇင်ဘာ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးတွင်ပြုလုပ်သော အစည်းအဝေး၌ SEI မှ တာဝန်ရှိသူ၏ ရှင်းပြချက်အရ သိရသည်။



မုံရွာမြို့အနီးမှ ချင်းတွင်းမြစ်ကြောင်း တစ်နေရာ

Stockholm Environment Institute Asia Center(SEI-A) onf Myanmar Environment Institute (MEI)နှင့် ပူးတွဲ၍ ၂၀၁၅ ခုနှစ်မှ စတင်ကာ ချင်းတွင်းမြစ်ဝှမ်း တစ်လျှောက် သတ်မှတ်နေရာများတွင် ရေအရည်အသွေး စစ်ဆေးစမ်းသပ်ခြင်း သုတေသနများ ပြုလုပ်ခဲ့ပြီးနောက် မြစ်ဝှမ်းဒေသ အကဲဖြတ်ခြင်းဆိုင်ရာ သုတေသနများအတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များထံမှ အကြံဉာဏ်တောင်းခံသည့် အစည်းအဝေးတွင် သုတေသနပြုမှုများကို SEI မှ Dr-Chayanis Krittasudthacheewa က ရှင်းပြရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရေထုညစ်ညမ်းတဲ့ ပမာဏနဲ့ အဓိကအကြောင်း အရင်းတွေကို အကဲဖြတ်စစ်ဆေးဖို့ စနစ်တကျနဲ့ သင့်တော်တဲ့ နည်းလမ်းတွေကို မြစ်ဝှမ်းဒေသမှာ မတွေ့ရပါဘူး၊ အဲဒါကြောင့် မြစ်ဝှမ်းဒေသ အရည်အသွေး ကျဆင်းလာရတာနဲ့ ဒေသခံတို့ရဲ့ ကျန်းမာရေးဘေးကင်းလုံခြုံရေးတွေအတွက် ထိထိရောက်ရောက် သတင်းထုတ်ပြန်ဖို့ ခက်ခဲလုပါတယ်၊ ထိရောက်တဲ့ ရေအရည်အသွေးကို စစ်ဆေးနိုင်ဖို့ အဓိကအခက်အခဲအကြောင်းရင်းက အစိုးရဆိုင်ရာအဖွဲ့အစည်းအသီးသီးက ကျွမ်းကျင်ပညာရှင်တွေနဲ့ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှုမရှိတာနဲ့ ဗဟုသုတနှီးနှောဖလှယ်တာတွေ အားနည်းတာကြောင့် ဖြစ်တယ်လို့ တွေ့ရပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အစည်းအဝေးတွင် ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်း (RBO) ဖွဲ့စည်းပုံ လက်ရှိအခြေအနေနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရေအရည်အသွေးဇီဝမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ရေရှားပါးမှု စီမံဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မြစ်ဝှမ်းဒေသရှိ အကဲဖြတ်ဆောင်ရွက်နေသော သုတေသနလုပ်ငန်းများ၏ ရလဒ်အဖြေများကိုလည်းကောင်း ဆက်လက်ရှင်းပြခဲ့သည်။

ထို့အပြင် ချင်းတွင်းမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်း (RBO)၏ ဖွဲ့စည်းတည်ရှိပုံနှင့် ဆောင်ရွက်ချက်များ၊ မြစ်ဝှမ်းဒေသရှိ အကဲဖြတ်သုတေသနလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီမှုများကို အစည်းအဝေးတွင် တောင်းခံခဲ့ကြသည်။

ချင်းတွင်းမြစ်သည် လူနှင့်ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် အရေးပါပြီး သောက်သုံးရေအတွက်လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် ရေရရှိရန်အတွက်လည်းကောင်း၊ ဒေသခံတို့၏ ငါးဖမ်းလုပ်ငန်းများအတွက်လည်းကောင်း အဓိကထောက်ပံ့ပေးနေသော မြစ်ဖြစ်သည်။ မြေအသုံးချမှုများဖြစ်သော သစ်တောပြုန်းတီးခြင်း မြေဆီလွှာပိုမိုတိုက်စားလာခြင်း၊ နုန်းအနည်အနှစ်များ ပို့ချလာခြင်းနှင့် ရေနောက်ကျိခြင်းတို့ကြောင့် မြစ်ရေအရည်အသွေး ပိုမိုကျဆင်း လာရခြင်းဖြစ်ကြောင်း SEI ၏ တွေ့ရှိချက်တွင် ဖော်ပြထားသည်။

"ချင်းတွင်းမြစ် အထက်ပိုင်းမှာရှိတဲ့ ရွှေ၊ ကျောက်စိမ်းနဲ့ ကြေးနီလို သတ္တုတူးဖော်ရေးလုပ်ငန်းတွေကြောင့် ရေထုညစ်ညမ်းတာတွေ ဖြစ်ပေါ်လာရတယ်ဆိုတာ အားလုံးအသိပါ၊ လူနေထူထပ်တဲ့ ဒေသတွေမှာ စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ ရေအရည်အသွေး စမ်းသပ်စစ်ဆေးတာတွေ လုပ်တဲ့နေရာမှာ ပျော်ဝင်လွယ်တဲ့ အောက်ဆီဂျင်နည်းလာပြီး မြစ်တစ်လျှောက် ဇီဝဒြပ်ပါဝင်နှုန်းများလာတာကိုတွေ့ရပါတယ်"ဟု MEI မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန(DWIR) နှင့် MEI တို့မှ ဝန်ထမ်းများအား ရေအရည်အသွေးနမူနာ ကောက်ယူခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း အတတ်ပညာနည်းပညာများကို ထိုင်းနိုင်ငံရှိ Pollution Control Department (PCD) နှင့်ပူးပေါင်းပြီး အလုပ်ရုံ ဆွေးနွေးပွဲများ လေ့လာရေးခရီးစဉ်များနှင့် ကွင်းဆင်းလေ့လာခြင်းများမှ တစ်ဆင့်မျှဝေပို့ချပေးခဲ့ကြောင်း သိရသည်။

ရေအရည်အသွေး စစ်ဆေးစမ်းသပ်ရန်အတွက် ချင်းတွင်းမြစ်၏အထက်ပိုင်း အလယ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် တည်ရှိသော နေရာစုစုပေါင်း ၁၇ နေရာတို့ကို ရွေးချယ်ခဲ့ပြီး အဆိုပါ ရွေးချယ်ထားသောနေရာများသည် လူသားတို့၏ လုပ်ဆောင်မှုများ မဆင်ခြင်မှုများကြောင့် ရေအရည်အသွေးထိခိုက်ကျဆင်းနေသော နေရာများတွင် စမ်းသပ်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နေရာရွေးချယ် စမ်းသပ်စစ်ဆေးရာတွင် ဟုမ္မလင်း၊ ကလေးဝ၊ ကနီနှင့် မုံရွာမြို့နယ်တို့နှင့် အနီးတစ်ဝိုက်တွင် ရေအပူချိန်၊ လေအပူချိန် ပျော်ဝင်လွယ်သည့် အောက်ဆီဂျင်များကို စစ်ဆေးတိုင်းတာခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် စုစုပေါင်း ပျော်ဝင်လွယ်သည့်အစိုင်အခဲများ အာဆင်းနစ်၊ ဆိုင်ရာနိုက်၊ ခဲ၊ ပြဒါး၊ ကြေးနီ၊ သံ စသည်တို့ ပါဝင်မှုရှိမရှိ တိုင်းတာစစ်ဆေးသလို ဗက်တီးရီးယားနှင့် ခဲ၊ ပြဒါးကဲ့သို့သော ဟဲဗီးသတ္တုများ ပါဝင်မှုကိုလည်း အလွယ်တကူသယ်နိုင်သည့် ကိရိယာဖြင့် စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ငှက်ကြီးတောင်အင်းအား ဈေးပြိုင်စနစ်ဖြင့် လုပ်ပိုင်ခွင့်ပြုပါက အခွန်ငွေများပိုမိုရရှိနိုင်



**ရေတာရှည် ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စုအတွင်းရှိ ငှက်ကြီးတောင်အင်းကို ယခင်က ကြေးတိုင်စနစ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထားရယူပြီး လုပ်ကိုင်ရသည့် အင်းတစ်ခုဖြစ်သည်။

အဆိုပါစနစ်ဖြင့် တစ်ဦးတစ်ယောက်ကို လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သည့်အခါ အခွန်အခကောက်ခံမှုတွင် အားနည်းစေခြင်းနှင့် အခြားသော လုပ်ငန်းလုပ်ကိုင်လိုသူများအနေဖြင့်လုပ်ကိုင်၍ မရရှိတော့သည့်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေ ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ကြေးတိုင်စနစ်အစား ဈေးပြိုင်စနစ်ဆောင်ရွက်ခဲ့ပြီး သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည့် နည်းတူ ယခုနှစ်တွင်လည်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပေးရန် ဒေသခံက လိုလားနေကြခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ပလက်ဝမြို့နယ်၌ ဒိုင်လောင်ချောင်းနှင့် ရန်လောင်ချောင်းကူးတံတားနှစ်စင်း တည်ဆောက်မည်

**ပလက်ဝ ဒီဇင်ဘာ ၁၁**

ပလက်ဝမြို့နယ် အရှေ့ဘက်ခြမ်း အထက်လေးမြို့ဒေသသည် ဖွံ့ဖြိုးမှုနောက်ကျပြီး သွားလာရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်သည်။ အဆိုပါဒေသသို့ ပလက်ဝမြို့မှ သွားရောက်မည်ဆိုလျှင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ကိုဖြတ်၍ မြောက်ဦးမြို့သို့ ကားလမ်းတစ်မျိုး၊ မြောက်ဦးမြို့နယ်၊ ဆင်အိုးကျေးရွာဆိပ်ကမ်းမှ လေးမြို့မြစ်အတိုင်း ဆန်တက်ပြီး ပုံဒေါဆိပ်ကမ်းသို့ ရေလမ်းတစ်သွယ်၊ ပုံဒေါဆိပ်ကမ်းမှ တောတောင်ကို ကျော်ဖြတ်၍ ခြေကျင်တစ်ဖုံ၊ ခရီးလမ်းတို့ဖြင့် သွားလာနေရသည့် မြို့နယ်အတွင်းမှ ကျေးရွာများပင် ဖြစ်သည်။

ယခုအခါ ပလက်ဝ-မတူပီမြို့နယ်ချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီးပြီးဖြစ်ကာ လမ်းပိုင်းတစ်ခုလုံးကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်နေဆဲဖြစ်သည်။ ဤလမ်းများပေါ်တွင် ဒိုင်လောင်ချောင်းနှင့် ရန်လောင်ချောင်းကူးတံတားနှစ်စင်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ တိုင်းတာမှုလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒိုင်လောင်ချောင်းကူးတံတားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး ပလက်ဝ-ဆမီး-မတူပီ၊ ကားလမ်းပေါ်ရှိ အပ်စကျေးရွာအုပ်စု၊ တပ်ချောင်းကျေးရွာအနီးတည်ဆောက်ခြင်းဖြစ်သည်။ ရန်လောင်ချောင်းတံတားမှာ ဆိုင်ကယ်ကူးကြိုး တံတားဖြစ်ပြီး ထိန်းခေါင်ကျေးရွာမှ ချိုင်းစနူး၊ မှုန်းတနုံး၊ ထိုးနူး၊ မောစုန်းကြီး၊ အလယ်ဒိန်ကင်း၊ ကိုဖေကြီး၊ ကိုဖေချေ၊ ကျေးရွာများသို့ ဆက်သွယ်သွားလာမည့် လမ်းပေါ်တွင် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

# အချိန်အခါမဲ့မိုးကြောင့် ပြင်ဦးလွင် စတော်ဘယ်ရီစိုက်တောင်သူတို့ စိုးရိမ်နေဟုဆို

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၁**

ပြင်ဦးလွင်မြို့၌ အချိန်အခါမဲ့မိုးရွာသွန်းနေမှုကြောင့် စတော်ဘယ်ရီစိုက်ပျိုးသူတောင်သူတို့ အခင်းပျက်စီးသွားမည့်အရေးကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

"စတော်ဘယ်ရီပင်တွေကို အောက်တိုဘာလဆန်းမှာ စတင်စိုက်ပျိုးရပြီး ဒီဇင်ဘာလမှာ အသီးစတင်ထွက်ရှိလေ့ရှိပါတယ်၊ အခုအသီးစထွက်နေပြီး ဈေးကောင်းရနေချိန်မှာ မိုးရွာသွန်းမှုကြောင့်စိုက်ခင်းတွေပျက်စီးသွားမှာကို စိုးရိမ်နေရတယ်၊ စတော်ဘယ်ရီရဲ့ပင်ကို သဘာဝကမိုးကြောက်တဲ့အပင်မျိုးဖြစ်နေလို့ အသီးသီးချိန်မှာ မိုးမိရင်အသီးကြွေ၊ အသီးပုပ်ပြီးအခင်းလိုက်ပျက်တတ်ပါတယ်" ဟု စတော်ဘယ်ရီစိုက်ခင်းရှင်တစ်ဦးက ပြောသည်။

ယခုအခါ ပြင်ဦးလွင်ဒေသထွက်ပေါ်ဦးပေါ်ဖျား စတော်ဘယ်ရီများကို ထည့်သွင်းရောင်းချလျက်ရှိသော ခြင်းအရွယ်အစားပေါ်မူတည် ပြီး ငွေကျပ် ၈၀၀၊ ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ အထိ ရောင်းချလျက်ရှိနေကြောင်း စတော်ဘယ်ရီစိုက်တောင်သူများမှာ ဒီဇင်ဘာလ၌ ကျင်းပမည့် ပန်းပွဲတော်လာသည့်ဧည့်သည်များကို အဓိကထား ရောင်းချရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြင်ဦးလွင်ဒေသတွင် စတော်ဘယ်ရီရာသီ၌ နှစ်စဉ်မိုးရွာသွန်းလေ့ ရှိသော်လည်း မနှစ်ကမိုးရွာသွန်းမှုမှာ ရာသီကုန်ချိန်ဖြစ်သဖြင့် စတော်ဘယ်ရီစိုက်တောင်သူတို့ နစ်နာဆုံးရှုံးမှုပြောပလောက်အောင် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းသိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# ရွှေကျင်ချောင်းကူးတံတားသစ် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရွှေကျင်မြို့နယ်၌ စတင်တည်ဆောက်



ရွှေကျင်ချောင်းကူးတံတားသစ် ဒီဇိုင်းပုံစံကို တွေ့ရစဉ်။

**ရွှေကျင် ဒီဇင်ဘာ ၁၁**

ရွှေကျင်ချောင်းကူးတံတားသစ်သည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-ရွှေကျင်- စစ်တောင်း-မုပ္ပလင်လမ်းပေါ်တွင်တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉)က ရွှေကျင်ချောင်းကို ဖြတ်၍ တည်ဆောက်နေသော တံတားကြီးတစ်စင်းဖြစ်သည်။

တံတားအရှည်မှာ ၅၁၂ ဒသမ ၀၆ မီတာရှည်လျားပြီး ယာဉ်သွားလမ်း ၇ ဒသမ ၃၂ မီတာရှိကာ လူသွားလမ်းတစ်ဖက်လျှင် ၀ ဒသမ ၉၁ မီတာစီ ရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်တွင် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ RC ကွန်ကရစ် PR တိုင်ကမ်းကပ်ခုံဖြစ်သည်။ အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ ၁၈ ဒသမ ၂၉ မီတာ ရှစ်ခန်း၊ ၃၀ ဒသမ ၄၈မီတာ PC ရက်မ ၁၂ ခန်းနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လက်ရန်းဖြစ်သည်။

ရွှေကျင်ချောင်းကူးတံတားသစ်သည် ရေလမ်းကင်းလွတ်အကျယ် ၂၄ ဒသမ ၉၉ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၀ ဒသမ ၉၁ မီတာဖြစ်ကာ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း၏ တန် ၆၀ ဖြစ်သည်။

ယင်းတံတားသစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားတစ်စင်းလုံး၏ ခန့်မှန်းစီမံကိန်း ကုန်ကျတန်ဖိုးငွေကျပ်သန်း ၇၀၀၀ ဖြစ်သည်။

ထိုတံတားသစ်စီမံကိန်းကို ပြီးခဲ့သည့် ဒီဇင်ဘာလပထမပတ်က စတင်၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် မတ်လကုန်ပြီးစီးရန် ရည်မှန်းတည်ဆောက် လျက်ရှိသည်။

ယခုအခါ ရွှေကျင်ချောင်းကူးတံတားသစ်လုပ်ငန်းခွင်၌ ရေလယ်တိုင် P-6 နှင့် P-7 တို့တွင် Bored Pile တူးမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိနေပြီဖြစ်သည်။

အဆိုပါတံတားသစ်ကြီးကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉) ပဲခူးမြို့မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်မျိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလှညွန့်တို့က ဦးစီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# ရပ်/ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်ရေး ဥပဒေ ရှင်းလင်း

**ကြံခင်း ဒီဇင်ဘာ ၁၁**

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ကြံခင်းမြို့နယ် ရောဦးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဇော်က ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေ ကို Projector ဖြင့် ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များအား မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကြံခင်းမြို့နယ်၏ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၃၅ အုပ်စု၌ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုကြီးကြပ်ရေးအဖွဲ့များက ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **ဒွေးမင်း**

# လေထီးမယ် ဒေါ်မြရီ နှစ် (၁၀၀)ပြည့် အခမ်းအနား ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၁၁**

ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်ရှိ ရတနာသိမ်ကျောင်းတိုက်သဗ္ဗသုခမွှောရုံ၌ ဒီဇင်ဘာ ၉ ရက်က လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယအဆင့်ချီးမြှင့်ခြင်းခံခဲ့ရသော လေထီးမယ် ဒေါ်မြရီ၏ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာညီပုလေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးသံမဏိ၊ ပြင်ဦးလွင် ခရိုင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟနှင့် စာရေးဆရာကြည်ကိုလွင်တို့က လေထီးမယ်ဒေါ်မြရီနှင့် ပတ်သက်သည့်ဂုဏ်ပြုစကားများ ပြောကြားကာ ကဗျာဆရာမင်းလူနွယ် (လယ်တွင်း-၉)က အမေ့မြေ ရာပြည့် အထိမ်းအမှတ်ဂုဏ်ပြုကဗျာဖြင့် ရွတ်ဆိုဂုဏ်ပြုသည်။

လေထီးမယ်ဒေါ်မြရီသည် ၁၉၁၈ ခုနှစ် ဧပြီ ၁၁ ကြာသပတေးနေ့တွင် အဖ ဦးစံသိန်း၊ အမိဒေါ်ဖုံတို့မှ ကျောက်ဆည်မြို့တန်းရပ်တွင် မွေးဖွားခဲ့ပြီး ငယ်စဉ်က မူလတန်းကျောင်း ဆရာမလုပ်ခဲ့ကာ ၁၉၄၂ ခုနှစ်တွင် လွတ်လပ်ရေးကြိုးပမ်းမှုများတွင် ပါဝင်ကူညီတိုက်ပွဲများ ဝင်ရောက်ခဲ့၍ ၁၉၄၃ ခုနှစ်တွင် သခင်တင်ရွှေနှင့် လက်ထပ်ခဲ့သည်။ လေထီးသင်တန်းတက်ရန် ရခိုင်ရိုးမကို ခြေကျင်ဖြတ်သန်းသွားခဲ့သည့် စွမ်းရည်ပြည့်ဝသော အမျိုးသမီးတစ်ဦးလည်းဖြစ်ပြီး နိုင်ငံတော်မှ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယအဆင့်ချီးမြှင့်ခြင်းခံခဲ့ရကာ လွတ်လပ်ရေးရပြီးခေတ်တွင် မူလတန်းကျောင်းဆရာမအလုပ်ကို သက်ပြည့် အငြိမ်းစားရသည်အထိ နိုင်ငံ့တာဝန်များထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်ညနေ ၄ နာရီ ၃၅ မိနစ်တွင် ကွယ်လွန်သွားခဲ့ကာ သားတစ်ယောက်၊ သမီး နှစ်ယောက် ထွန်းကားခဲ့ကြောင်းလည်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# လက်ပံတန်းဈေးကြီးတွင် ပျံကျဈေးရုံ(အသစ်) ဆောက်လုပ်

**လက်ပံတန်း ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့၏ခွင့်ပြုငွေကျပ် ၁၄ ဒသမ ၄၆ သန်းဖြင့် ပျံကျဈေးရုံ(အသစ်) တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို နိုဝင်ဘာလနောက်ဆုံးပတ်က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးခိုင်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့မှ လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စန်းဦးက ရှင်းလင်းတင်ပြသည်။

အဆိုပါ ပျံကျဈေးရုံ(အသစ်) တည်ဆောက်နေစဉ် ကာလအတွင်း မူလရွှေ့ပြောင်းရန်ရှိသည့် ပျံကျဈေးသည်များနေရာတွင် အသစ်တည်ဆောက်နေသည့်နေရာမှ ဈေးသည်များအား (ယာယီ)ရွှေ့ပြောင်းနေရာချထားပြီး ပျံကျဈေးသည်များကို သတ်မှတ်ကာလအတွင်း အချိန်မီရွှေ့ပြောင်းနိုင်ရေးအတွက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဆင့်**


## မဟာစည်သာသနာ့ရိပ်သာ၊ ဖြူးမြို့၊ ဓမ္မပူဇာအထူးတရားပွဲ

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိစံလွန်တော်မူခဲ့ရာ (၈)နှစ်ပြည့်အထိမ်းအမှတ် ကုသိုလ်တော်ပွဲကြီးနှင့်ဓမ္မပူဇာအထူးတရားပွဲကြီးကို ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ကြီးအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်၍ တရားအလှူတော်ပေးလှူပြီးလျှင် ကုသိုလ်တော်အစုစုများကို ရေစက်သွန်းချပေးဝေမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့ ကြွရောက်၍တရားတော်အလှူခံနိုင်ပါရန်နှင့် မိမိတို့တတ်စွမ်းသမျှ ဓမ္မပူဇာအလှူတော်များ ပါဝင်လှူဒါန်းနိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၁၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၂၅၀၂၁၄၉၇၇၊
၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၃၆၉၉၆၇၉၊ ၀၉-၇၉၆၈၂၃၃၄၄

*** ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက်၊ (၁၃-၁၂-၂၀၁၇) ဗုဒ္ဓဟူးနေ့
ရွှေစင်တိပိဋကရေ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ
တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကရွှေပါရမီကျောင်းတိုက်။
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

*** ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁)ရက်၊ (၁၄-၁၂-၂၀၁၇) ကြာသပတေးနေ့
ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊
မဟာစည်သာသနာ့ရိပ်သာ ဖြူးမြို့။

*** ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၂)ရက်၊ (၁၅-၁၂-၂၀၁၇) သောကြာနေ့
သစ္စာရွှေစည်ဆရာတော် အရှင်ဥတ္တမ
သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။

*** ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၃)ရက်၊ (၁၆-၁၂-၂၀၁၇) စနေနေ့
သီတဂူကြယ်တစ်ပွင့်ဆရာတော် ဘဒ္ဒန္တပညာနန္ဒ
သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊
ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

*** ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄)ရက်၊ (၁၇-၁၂-၂၀၁၇) တနင်္ဂနွေနေ့
သာမဏေကျော်ဆရာတော် ဒေါက်တာအရှင်ဝိစက္ခဏာအလင်္ကာရာဘိဝံသ
နိုင်ငံတော်သံဃမဟာနာယက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
မဟာဂန္ထဝါစကပဏ္ဍိတ၊ (သ·စ·သ·အ) ဓမ္မာစရိယ၊ သာသနာလင်္ကာရအကျော်၊
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့။

*** ၁၃၇၉ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်၊ (၁၈-၁၂-၂၀၁၇) တနင်္လာနေ့
စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအာဘိဇာတာဘိဝံသ
တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဘွဲ့တော်ပေါင်း (၄၇)ဘွဲ့ရ
ပိဋကတ်သုံးပုံဆောင်၊ ဒွါဒသမဆရာတော်



## ကြေညာချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လျှောက်လွှာခေါ်ယူထားသော ဓာတ်ခွဲကျွမ်းကျင် ၂၊ ဓာတ်ခွဲကျွမ်းကျင် ၃၊ ဓာတ်ခွဲကျွမ်းကျင် ၄၊ ဓာတ်ခွဲအကူရာထူးများအတွက် ရေးဖြေစာမေးပွဲကို ၁၆-၁၂-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀နာရီမှ ၁၁နာရီအထိလည်းကောင်း၊ အငယ်တန်းစာရေးနှင့်ရုံးအကူရာထူးများအတွက် ရေးဖြေစာမေးပွဲကို ၁၇-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ၁၁နာရီအထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်၍ စာမေးပွဲဖြေဆိုခွင့်ကတ်များကို နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ ဓာတ်ခွဲကျွမ်းကျင်နှင့် ဓာတ်ခွဲအကူရာထူးများအတွက် ၁၄-၁၂-၂၀၁၇ရက်နှင့် အငယ်တန်းစာရေးနှင့် ရုံးအကူရာထူးများအတွက် ၁၅-၁၂-၂၀၁၇ရက်များတွက် နိုင်ငံသားစိစစ်ရေးကတ် ပြပြီး ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် လျှောက်လွှာပိတ်ရက်တွင် အသက် (၁၈)နှစ်မပြည့်သူများ အသက်(၃၀)နှစ်ထက်ကျော်လွန်သူများ၊ သတ်မှတ် ထားသောအရည်အချင်းနှင့်ကိုက်ညီမှုမရှိသူများကို ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါကြောင်းနှင့် နှုတ်ဖြေ ဖြေဆိုရမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ လူနေရပ်ကွက် အမှတ်-၂၊ မြေကွက်အမှတ်-၆၄၇၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ (အလျား ၂၀ပေ×အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ သဒ္ဒါရုံ(၄)လမ်း၊ အမှတ်(၆၄၇/က)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးအောင် ၁၂/သကတ(နိုင်)၀၂၁၄၄၇ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **LL.B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁ ၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7601 Toyota Ipsum ACM 21S/W (4x2)R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင် ၁၂/ဥကတ(နိုင်)၀၁၇၃၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/9612 Toyota Corolla Filder S/W (4x2)R NZE12 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ကိုလတ်၁၂/ဗဟန(နိုင်)၀၁၆၉၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် -၃၆/ကျို၊မြေကွက်အမှတ်-၇၀/၃၂၊အကျယ်အဝန်း အလျား×အနံ(၃၅×၁၀၀)ပေရှိမြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာ အမှတ် -၇၀/K-2၊ငွေဝတ်မှုန်ရိပ်သာလမ်းသွယ်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သောမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်(၂)ထပ်ပျဉ်ထောင်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဦးတင်မောင်အေး(၅/မရန(နိုင်)၀၁၁၃၁၄)မှ ဝန်ခံပြောဆိုပြီးရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစိတ်တပိုင်းအဖြစ် စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီးအရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရီစလင်း(စဉ်-၉၆၈၅)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၀/၁၂၂)၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့တိုင်းဒေသကြီး။
ဖုန်း - ၀၉၅၀၉၃၁၁၅

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်၊
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 | (am) | 23.Dec |
| Sec(C) | Sat | 11-3 | (pm) | 30.Dec |
| Sec(D) | Sun | 11-3 | (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 | (pm) | 1. Jan |
| Sec(F) | Fri | 12-4 | (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 | (pm) | 8. Jan |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 | (pm) | 16.Dec |
| Sec(B) | Wed to Sun | 6- 8 | (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 | (am) | 1.Jan |

တန်းခွဲသစ်စမည်
ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်





## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၉၆၄ Yamaha DT 125 R ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးထက်အောင်လင်း ၉/ပကခ(နိုင်)၀၁၀၅၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/7221 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6131 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁/သမိုင်း၊ မြေကွက်အမှတ် ၂/ဃ-၁/၄-ခ၊ မြေကွက်တည်နေရာအမှတ်-၂-စီ-၂၊ ကမ္ဘာအေးစေတီလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ကေသီရှိန်)အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉)၊ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်ကေသီရှိန် ၁၂/ကမရ(နိုင်)၀၂၇၅၂၆ ကိုယ်တိုင်မှ အမည်ပေါက်သည့် အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ်-၃၁၈၅/၁၉၉၆ (၁၃-၁၁-၁၉၉၆)မိတ္တူမှန် တင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ပော်ကုန်းကုန်းပေါ်ရပ်၊ ဦးပိုင်အမှတ်(၆၈-ခ)၊ ဧရိယာ ၀ဒသမ ၀၅၉ မြေကွက်သည် ဦးညွှန့်မောင်(ခ)ဦးဘရှား အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးညွှန့်မောင်(ခ)ဦးဘရှားမှ ဦးစိုးဝင်း ၉/ပဘန(နိုင်)၀၇၈၆၂၄သို့ ၂-၂-၂၀၁၁ရက်တွင် အဆိုပါဧရိယာ ၀ဒသမ ၀၅၉ဧက၏ တစ်ဝက်ဖြစ်သော အရှေ့အနောက် ပေ(၅၀×၅၀) တောင်မြောက်(၂၂×၁၈)ပေအား အရပ်စာချုပ်ချုပ်၍ အပြီးအပိုင်ရောင်းချပြီး နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်အား ကံသာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လက်မှတ်ရေးထိုးချုပ်ဆိုပြီး ယနေ့တိုင် နေထိုင်လာခဲ့ပါသည်။ ဦးစိုးဝင်းက မြေကွက်ကို ၄င်းတစ်ဦးတည်း အကျိုးခံစားကြောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တရားရုံး၌ ကျမ်းကျိန်လွှာပြုလုပ်ပြီးဖြစ်ပါသည်။ မြေငှားခွဲစိတ်ဂရန်ရရှိရေး သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဦးစိုးဝင်း ၉/ပဘန(နိုင်)၀၇၈၆၂၄၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်စုစုထွေး(ခ)ဒေါ်နုနု | ဒေါ်မြမျိုးသွယ် |
|---|---|
| (LL.B, C.B.L) | (LL.B.,C.B.L) |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |
| စဉ်-၉၈၂၂ | စဉ်-၁၃၆၃၆ |

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ဆန်တန်းလမ်း၊ အကွက်အမှတ် ၇/ခ၊ စက်ကွင်း၊ ဦးပိုင်အမှတ် ၄၂၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၄ဧကရှိ မြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ (၁-က)တွင် အခွန်အမှုတွဲအမှတ် (V) ၂၁၈/၁၉၄၉-၁၉၅၀ အရ ဦးအောင်သန်းအမည်ဖြင့် နှစ် ၃၀ အငှားဂရန် ရရှိထားပြီး ၄င်းအမည်ဖြင့်ရရှိခဲ့သည့် ဂရန်စာချုပ်ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၃၃၀/၂၀၁၆အရ ကျမ်းကျိန်ဆိုထားကြောင်း၊ မိဘများဖြစ်သည့် ဦးအောင်သန်းနှင့် ဒေါ်တင်ကြည်တို့သည် အသီးသီးကွယ်လွန်ခဲ့ပြီး ၄င်းတို့တွင် အမွေစား အမွေခံအဖြစ် သားသမီးများဖြစ်ကြသော (၁) ဦးအောင်မြိုင်၊ (၂) ဒေါ်စန်းစန်းမြင့်၊ (၃) ဦးဖေမြင့်၊ (၄) ဒေါ်တင်တင်အေးတို့ ကျန်ရှိကြောင်း၊ သားဖြစ်သူ ဦးအောင်မြိုင်နှင့် ဦးဖေမြင့်တို့သည်လည်း ကွယ်လွန်ခဲ့သဖြင့် ၄င်းတို့ပိုင်ဆိုင်သော အမွေစုကို ဦးအောင်မြိုင်၏ဇနီး ဒေါ်စိန်ညွှန့်၊ ဦးဖေမြင့်၏ဇနီး ဒေါ်သန်းသန်းရွှေနှင့် ဦးအောင်သန်း၊ ဒေါ်တင်ကြည်တို့၏သမီး ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်တင်တင်အေးတို့မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၅/၂၀၀၀ အရ ကျမ်းကျိန်ဆိုပြီး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၄/၂၀၀၀ အရ တရားဝင်ပိုင်ဆိုင်လာ၍ ဒေါ်တင်တင်အေးနှင့် ဒေါ်စိန်ညွှန့်တို့မှ ၄င်းတို့ပိုင်ဆိုင်သောအမွေစုကို ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်သန်းသန်းရွှေတို့အား အပြီးအပိုင်စွန့်လွှတ်ပေးသည့် စာချုပ်အမှတ် ၁၂/၂၀၀၀အရလည်းကောင်း၊ ဒေါ်သန်းသန်းရွှေမှလည်း ၄င်းပိုင်ဆိုင်သောအမွေစုကို ဒေါ်စန်းစန်းမြင့်အား စာချုပ်အမှတ် ၂၆၁/၂၀၁၅အရလည်းကောင်း အပြီးအပိုင် စွန့်လွှတ်ပေးကမ်းခဲ့သဖြင့် ဒေါ်စန်းစန်းမြင့်တစ်ဦးတည်းမှ တရားဝင်ပိုင်ဆိုင်လာ၍ ၄င်းပိုင်ဆိုင်သောအိမ်နှင့်မြေကို ဦးသန်းစိုးနှင့် နန်းမငယ်တို့မှ အပြီးအပိုင် အရောင်းအဝယ်စာချုပ် ၃၂၆/၂၀၁၆ အရ ဝယ်ယူခဲ့သဖြင့် ဦးသန်းစိုးနှင့် နန်းမငယ်တို့မှ တရားဝင်ပိုင်ဆိုင်လာ၍ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/3283 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)ရှိ ဦးပိုင်(၂၀၅၆)၊ ဧရိယာ ၀ဒသမ ၀၉၆ဧက၊ မြေပေးမိန့်အမှတ်-၂၀၅၆/၂၀၀၃၊ ဦးရန်စီနိမ်(ခ) ဦးအောင်သိန်း အမည်ပေါက်မြေကွက်နှင့် ဦးပိုင်(၂၀၅၇)၊ ဧရိယာ ၀ဒသမ ၀၉၆ဧက၊ မြေပေးမိန့်အမှတ်-၂၀၅၇/၂၀၀၃၊ ဦးရဲလွင်အမည်ပေါက် မြေကွက်တို့အား ဒေါ်မြဝင်း ၉/သစန(နိုင်)၀၄၈၈၅၁ မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၊ လားရှိုးမြို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၆ VI/၂၀၁၅ နှင့် ၁၅၄၀ VI/၂၀၁၅ တို့ဖြင့် အသီးသီးဝယ်ယူပိုင်ဆိုင်ပြီးဖြစ်သဖြင့် အသစ်လျှောက်မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လားရှိုးမြို့သို့ ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၆)၊ ဦးပိုင်အမှတ် ၉၊ ၄ကြွဲနှင့် ခိုင်ရွှေဝါ၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဦးတင်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးတင်ဝင်း ၇/လပတ(နိုင်) ၀၀၈၂၀၆ မှ မြေချထားမိန့်၊ တရားရုံးကျိမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ ၁၈၊ (၄၆/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ် (၁/က)၊ ဧရိယာ (၀ဒသမ၂၂၀)ဧကရှိ မြေကွက်အား ဦးဘိုနီ(ခ)ဦးချစ်ဆွေ ၁၃/လရန (နိုင်)၀၃၅၂၇၉မှ မြေငှားလိုင်စင်/ဂရန် အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၅၃၅၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းနွယ် ၁၀/မလမ(နိုင်)၁၃၅၃၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/ 3219 TNissan AD V Y 12 S/W ယာဉ်လက်ဝယ်ရှိသူ Sea Cross Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**


အခ်ိဳပတီစာေပ (ၿမိဳ႕မေစ်း - ဆိုင္သစ္)
ရ-၁၀/၁၁ မြို့မဈေးအရှေ့ဘက်တန်း ကားဝန်းနှင့် မျက်နှာချင်းဆိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
Ph: 09-400379988, 09-797229988, 09 954588488
အခ်ိဳပတီစာေပ (သေျပကုန္း)
ပ/၁၆၈၊ သပြေကုန်းဈေးအနောက်ဘက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
Ph: 067-8108077, 09-790145700
အခ်ိဳပတီစာေပ ႏွင့္ စာေရးကိရိယာ ဆိုင္သစ္ဖြင့္ပြဲႏွင့္ အေရာင္းပြဲေတာ္
(၁၅-၁၂-၂၀၁၇ မှ ၂၄-၁၂-၂၀၁၇ ထိ) ၁၀% လျှော့ဈေးနှင့် Member Card လက်ဆောင်များကို မြို့မဈေးနှင့် သပြေကုန်းဈေး (၂)ဆိုင်စလုံးတွင် ရရှိခံစားနိုင်ပါသည်။



အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့




ဆရာမြင့်၏ စကြာမင်း အမှတ်တံဆိပ်
သမြားနီ အသည်းဆေး
သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 013845(1020)
ISO 9001:2015 BUREAU VERITAS Certification UKAS
ပင်ရင်း - စကြာမင်း တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၁၉။
စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ် (စ/ ၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄။


## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဦးစည်သူစိုး | ပုသိမ် | အမှတ် (၁၂) | ၆၅·က | ၁၆၈/၁၁၆၈/၂၁၆၈/၃၊ ၁၆၉/၁၁၇၀/၂၁၇၀/၃၊ ၁၇၀/၄၁၇၁၁၇၂၁၇၃/၁ ၁၈၁/၃ | ၄၅·၈၉ | စက်မှုစီးပွား မြေငှားဂရန်အသစ် |
| ၂ | ဦးစည်သူအေးဝင်း | ငွေဆောင် | အမှတ်(၁) | ၁၉၈၆ | ၃/၄ | ၀·၀၃၇ | မြေငှားဂရန်အသစ် |
| ၃ | ဦးသန်းရီ | ပုသိမ် | အမှတ်(၁၃) | ၅၂ | F-၂၄၃ | ၀·၀၅၅ | မြေငှားဂရန်အသစ် |
| ၄ | ဒေါ်ခင်မေနု | ပုသိမ် | အမှတ်(၁၃) | ၅၂ | F-၂၇၃ | ၀·၀၅၅ | မြေငှားဂရန်အသစ် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၂၆၀)၊ သမိန်ဗရမ်းလမ်း၊ ၅၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးကျော်မိုးလှိုင် ၇/သကန(နိုင်)၀၉၇၆၃၃ ဗမာ/ဗုဒ္ဓဘာသာကိုးကွယ်သူနှင့် ရွှေဝါလမ်းသွယ်(၂)၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်နေ ဒေါ်အေးသိမ့်သိမ့်ဆန်း ၁၂/သလန(နိုင်)၁၁၈၆၉၉ ကရင်လူမျိုး/ဗုဒ္ဓဘာသာကိုးကွယ်သူတို့သည် ယနေ့မှစ၍ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မိုးလှိုင်**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

### ကိုရဲအောင်ကိုကို(ခ)ကိုနောင် ၁၃/လရန(နိုင်)၁၂၄၂၅၃ နှင့် အများသိရှိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ မန္တလေးလမ်းနေ ဦးတိုးမြင့်အောင်၏သား ကိုရဲအောင်ကိုကို(ခ)ကိုနောင်သည် ကျွန်မ မမေဇွန်မြင့် ၁၃/လရန(နိုင်)၁၀၅၆၉၃ နှင့် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ကျွန်မ၏ ခင်ပွန်းဖြစ်သူ ကိုနောင်သည် ၃၁-၁-၂၀၁၆ ရက်မှစ၍ ယနေ့သတင်းစာပါ ကြော်ငြာသည့်ရက်ထိတိုင် မယားဖြစ်သူ ကျွန်မ မမေဇွန်မြင့်အပေါ် ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ဆက်သွယ်ခြင်းစသည့် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလုပ်ဆောင်ခဲ့သည်များ မရှိခဲ့သည့်အပြင် လုံးဝအဆက်အသွယ်ပြုလုပ်ခြင်းများလည်း မရှိခဲ့ပါ။ ကျွန်မအနေဖြင့်လည်း စွန့်ပစ်ခြင်းခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ၏ခင်ပွန်းဖြစ်သူ ကိုနောင်နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကို ကျွန်မ မမေဇွန်မြင့်မှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် ကျွန်မ၏ခင်ပွန်းဖြစ်သူ ကိုနောင်မှလည်း ကျွန်မအပေါ် ဂုဏ်သိက္ခာကျဆင်းစေသော စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူ၊ အပြောအဆိုများ၊ အင်တာနက်စာမျက်နှာများတွင် မဟုတ်မမှန် ပြောဆိုခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါကလည်း တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မမေဇွန်မြင့်**
**၁၃/လရန(နိုင်)၁၀၅၆၉၃**

### ကန်ထရိုက်တာ-ဒေါ်တင်သန်း(AKB-၁၉၅၃၃၀)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေ ဦးအောင်ဇော်သိန်း ၇/ပမန(နိုင်)၁၁၇၂၈၅ပိုင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၁)ရှိ (၂၇×၃၅)ပေရှိ မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ သုံးထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် ၇-၆-၂၀၁၄ရက်တွင် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုခဲ့သော်လည်း အထက်ပါမြေကွက်ပေါ်တွင် ၁-၁-၂၀၁၆ရက်ထိ ကန်ထရိုက်တာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား တစ်စုံတစ်ရာမှ ဆောင်ရွက်ခြင်းမရှိသေး၍ ၁-၁-၂၀၁၆ရက်တွင် ကန်ထရိုက်တာနှင့် ကျွန်ုပ်မိတ်ဆွေတို့ ထပ်မံညှိနှိုင်း၍ ကန်ထရိုက်တိုက်ဆောက်လုပ်မည့်သက်တမ်းအား ၁-၁-၂၀၁၆မှ ၃၁-၁၂-၂၀၁၆ရက်အထိ တစ်နှစ်တိတိ ထပ်မံတိုးမြှင့်ပေးခဲ့သော်လည်း ယင်းသို့ ထပ်မံတိုးမြှင့်ပေးသည့်ကာလထက် ထပ်မံ၍ တစ်နှစ်ကျော်လွန်သည့်တိုင်အောင် ကန်ထရိုက်တာဒေါ်တင်သန်းမှာ အထက်ဖော်ပြပါ မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမှပြီးပြတ်အောင် လုပ်ကိုင်ခဲ့ခြင်းမရှိသေးပါသဖြင့် ဤစာချုပ် အပိုဒ် ၇ပါအတိုင်း ကန်ထရိုက်တာ ဒေါ်တင်သန်းမှာ လိုက်နာရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇-၆-၂၀၁၄ရက်စွဲပါ မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော စာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ မြေကွက်သည် ကန်ထရိုက်တာ ဒေါ်တင်သန်းနှင့် မည်သို့မျှ ပတ်သက်သက်ဆိုင်မှုမရှိတော့ပါကြောင်း၊ ဒေါ်တင်သန်းအား လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်အားရုပ်သိမ်းကြောင်း၊ ကန်ထရိုက်တာ ရောင်းချသော တိုက်ခန်းများနှင့်စပ်လျဉ်း၍ ကန်ထရိုက်တာနှင့်သာ ဖြေရှင်းရန် မြေရှင်နှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာဦး (LL.B)**
**WIPO.DL.101(Switzerland)**
**(စဉ်-၉၆၃၃)**

**ဒေါ်ဖြူဖြူအောင် (LL.B)**
**(စဉ်-၈၉၇၆)**

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅၊ ၀၉-၇၉၉၅၆၄၀၉၁**

## မသက်ဆိုင်တော့ပါကြောင်း ဒေါ်ဆန်းဝင်းအေးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၇/လေးလွှာနေ ဦးမင်းအောင် ၁၄/ရကန(နိုင်)၁၂၅၆၅၅၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းအောင်နှင့် ဒေါ်ဆန်းဝင်းအေး ၉/နထက(နိုင်)၁၀၈၀၅၆ တို့သည် ၁၆-၁၂-၂၀၁၂ရက်တွင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် လင့်ဝတ္တရားနှင့်အညီ လုပ်ကိုင်ကျွေးမွေးခဲ့သော်လည်း ဒေါ်ဆန်းဝင်းအေးသည် ကျွန်ုပ်၏မိတ်ဆွေ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် လွန်ခဲ့သော (၂)နှစ်ကျော်ခန့်မှစ၍ အတူပေါင်းသင်းနေထိုင်ခြင်းအလျှင်းမရှိတော့ပါ။ ကျွန်ုပ်၏ မိတ်ဆွေမှ ၂-၁၂-၂၀၁၇ ရက်တွင် မောင်နှမများနှင့်အတူ ဒေါ်ဆန်းဝင်းအေးနေထိုင်ရာ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ စိန်ပန်းကန်ကျေးရွာသို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ရှေ့မှောက်၌ပင် ဇနီးအဖြစ်မသက်ဆိုင်တော့ကြောင်း အသိပေးအပ်ခဲ့ပြီးဖြစ်ပါ၍ လင်ခန်းမယားခန်းပြတ်စဲပြီးဇနီးအဖြစ်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဆန်းဝင်းအေးအနေဖြင့် နောက်နောင်တွင် ဦးမင်းအောင်နှင့် ပတ်သက်သည့်ကိစ္စရပ်များအား ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းအလျှင်းမပြုရန်နှင့်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဆန်းဝင်းအေးနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဝင်းဝင်းသန့် LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၀)**
**ဖုန်း-၀၉-၄၂၀၂၃၄၂၃၃**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7625 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/4979 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၃၄၉၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ၂၀-၁၀-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၁-၁၀-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စွမ်းထက်ရည်ကုမ္ပဏီလီမိတက်၏ တရားလွှတ်တော်ရှေ့နေ ဦးနေလ၏ ကြော်ငြာအပေါ်ရှင်းလင်းဖြေကြားခြင်း

ကြော်ငြာအပိုဒ်(၁)ပါစွမ်းထက်ရည်ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၇၂/၆၇၅(ခ)၊ ချောဆီကွင်း၊ ဦးပိုင် ၅/၁၊ ၇၊ ၉၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄/ ၂၅၊ ဧရိယာ ၆၀ဒသမ၈၈ဧကရှိ မြေအား ၎င်း၏လုပ်ငန်းလုပ်ကိုင်ရန်ပြည်ထဲရေးဝန်ကြီးဌာနထံမှ နှစ် ၃၀ စက်မှု/စီးပွား မြေဂရန် (မြေ) ရရှိခဲ့သည်ဆိုခြင်းကို ကျွန်ုပ်၏အမှုသည်က မသိရှိသဖြင့် ဖြေကြားရန်မလိုအပ်ပါ။

ကြော်ငြာအပိုဒ်(၂)ပါ စွမ်းထက်ရည်ကုမ္ပဏီလီမိတက်က မြေကိုဆိပ်ခံတံတား (Jetty) တည်ဆောက်ရန်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခဲ့သည်ဆိုခြင်းမှာ မမှန်ကန်ပါ။

ကြော်ငြာအပိုဒ်(၃)ပါ ကျွန်ုပ်၏အမှုသည်က MIC ခွင့်ပြုမိန့်ပါရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသတွင် ရန်ကုန်မြစ်ကမ်းဘက်မပါဘဲ၊ ဓာတ်ငွေ့ရည်ဆိပ်ကမ်းလုပ်ပိုင်ခွင့်ကို လျှောက်ထားရယူခဲ့သည်ဆိုခြင်းမှာမမှန်ကန်ပါ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခွင့်ပြုနိုင်ကြောင်း သဘောထားမှတ်ချက်ပြန်ကြားချက်အရ MIC က ခွင့်ပြုမိန့်ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ကြော်ငြာအပိုဒ်(၃)ပါ ကျွန်ုပ်၏အမှုသည်ကစွမ်းထက်ရည်ကုမ္ပဏီလီမိတက်၏ မြေကွက်ကိုရရှိရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့သည်ဆိုခြင်းမှာ မမှန်သကဲ့သို့ တိုင်တန်းခြင်း၊ ပိတ်ပင်ခြင်းများကိုလည်း လုံးဝမလုပ်ခဲ့ပါ။ ကျွန်ုပ်၏အမှုသည်အား စွမ်းထက်ရည် ကုမ္ပဏီလီမိတက်ကသာ တိုင်တန်းသဖြင့် ကျွန်ုပ်၏အမှုသည်က ဖြေရှင်းခဲ့ပါသည်။ ၎င်းအပြင်-ဒရုံး (Drone)ဖြင့် မြေတိုင်းခြင်းမှာ ကျွန်ုပ်၏အမှုသည်ကပြုလုပ်ခြင်း မဟုတ်ဘဲ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကသာ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကြော်ငြာနောက်ဆုံးအပိုဒ်သည် ကျွန်ုပ်၏အမှုသည်အပေါ် မမှန်မကန်ဖော်ပြစွပ်စွဲခြင်းသာဖြစ်ပါသည်။ စွမ်းထက်ရည်ကုမ္ပဏီလီမိတက က လုပ်ကိုင်လျက်ရှိသော လုပ်ငန်းကိုမည်သည့်အခါကမျှ အနှောင့်အယှက်မပေးခဲ့ဖူးပါ။ ယင်းသို့နှောင့်ယှက်ရန်လည်း မည်သည့်အကြောင်းမျှလည်းမရှိပါ။

ထို့ကြောင့်သတင်းစာကြော်ငြာပါ တောင်းဆိုထားသော နစ်နာကြေးဆိုသည့်ငွေကျပ်သိန်းပေါင်း ၁၀၀၀၀၀(တစ်သိန်း)ကို ပေးလျော်ရန်အကြောင်းမရှိပါ။

သို့ရာတွင် စွမ်းထက်ရည်ကုမ္ပဏီလီမိတက်၏ မမှန်မကန်ကြော်ငြာခြင်းကြောင့် ကျွန်ုပ်၏အမှုသည်၏ကောင်းသတင်းနာမည်ကိတ္တိကျော်ဇောမှု (Good Reputation)ကိုထိခိုက်နေပါသဖြင့် ဤကြော်ငြာချက်ပါရှိသောရက်မှ သုံးရက်အတွင်း ကျွန်ုပ်၏အမှုသည်အားလျော်ကြေးငွေကျပ် သိန်းပေါင်း ၂၀၀၀၀၀(နှစ်သိန်း)ကို ပေးလျော်ရန် တောင်းဆိုလိုက်သည်။

မလိုက်နာဘဲ ပျက်ကွက်ပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်လိမ့်မည်ဟု စေတနာကောင်းဖြင့်သိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းစိန် B.Sc.,R.A.,C.P.A.,R.L**
**တရားလွှတ်တော်ရှေ့နေ (၁၆၉၉)**
**အမှတ် ၁၈၉-၁၉၅၊ ခုနစ်လွှာ၊ ပန်းဆိုးတန်း Office Tower၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၂၇၃၊ ၃၉၁၅၂၈**

## ၅-၁၂-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ကိုကျော်မင်းထွန်း ၉/တသန(နိုင်)၁၀၈၃၅၇ (ဘ) ဦးသန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေများ၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

၅-၁၂-၂၀၁၇ ရက် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော နှစ်ဦးသဘောတူ အကြင်လင်မယားပစ္စည်းခွဲဝေခြင်းစာချုပ်ကို ချုပ်ဆိုခဲ့ရခြင်းမှာ မမိုးပပမျိုးတွင် အရေးကြီးကိစ္စသုံးရန် ငွေသိန်း ၇၀ လိုနေသည်ကို ကိုကျော်မင်းထွန်းမှ သိရှိပြီး ငွေသိန်း ၇၀ကို ပေးအပ်မည့် လက်ထက်ပွားပစ္စည်းများ၊ ငွေများ ထပ်မံတောင်းဆိုခြင်းမပြုရန် အကျပ်ကိုင်၍ တောင်းဆိုကာ လက်မှတ်ရေးထိုးစေခိုင်း၍ လက်မှတ်ရေးထိုးပေးရခြင်းဖြစ်ပါသည်။

လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများအား ခွဲဝေရခြင်းမရှိသေးပါ။ အဆိုပါ လက်ထက်ပွားပစ္စည်းများဖြစ်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများမှာ

(၁) အခန်း ၁၀၂၊ တိုက် ၃၄၊ ပထမထပ်၊ စံပါယ်လမ်း၊ (၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းတစ်ခန်း

(၂) အမှတ် ၅၆၃၊ ငဝန်မြစ်လမ်း၊ (၉၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Ever Best ရေသန့်စက်ရုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၃) 6N-8124 အဖြူရောင်ယာဉ်တစ်စီး

(၄) တောင်သာမြို့နယ်၊ ချောင်းပေါက်ကျေးရွာနှင့် ရသစ်ကျေးရွာကြားရှိ ယာမြေအလျား ပေ၂၀၀× အနံပေ၈၀၊ အလျားပေ ၁၀၀ × အနံပေ ၆၀ မြေကွက်တို့အား ခွဲဝေခြင်းမပြုလုပ်ရသေးကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကိုကျော်မင်းထွန်းအနေဖြင့် မမိုးပပမျိုးနှင့် လက်ထက်ပွားပစ္စည်းများဖြစ်သော အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို မမိုးပပမျိုး၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အငှားချထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း ကိုကျော်မင်းထွန်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**မမိုးပပမျိုး ၁၂/သလန(နိုင်)၀၉၀၈၂၉ (ဘ) ဦးအေးသိန်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောလင်းကျော် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၆)**
**ဖုန်း-၀၉-၇၇၆၀၉၀၃၅၂**

**ဒေါ်ချို့နွယ်စိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၂)**
**ဖုန်း-၀၉-၄၂၁၁၂၅၉၀၃**

**ဒေါ်ဝင်းဝင်းအေး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၇၀၁၁)**
**ဖုန်း-၀၉-၇၉၈၄၂၈၄၃၉**
**အမှတ် ၄၉၃၊ မြေညီထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/6255 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၃၈၄၁ Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Dote Htawaddy Princess Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၃၅၈၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၅၆၇၀၃ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9015 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8195 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၇၀၉၄ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုးနိုင် ၅/မရန(နိုင်)၀၇၈၈၈၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
# ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်
**(B.A, B.L)**
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**တရားရုံးချုပ်တရားသူကြီး(ငြိမ်း)**

သူငယ်ချင်း ဦးသုရိန်စောထွတ်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ထိုင်းနိုင်ငံ)၏ဖခင်ဖြစ်သူ တရားရုံးချုပ် တရားသူကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်သည် ၉-၁၂-၂၀၁၇ ရက် (စနေနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန (၂၀၁၀) အပတ်စဉ်မှ သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင် (B.A, B.L)
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**တရားရုံးချုပ်တရားသူကြီး(ငြိမ်း)**
**အသက်(၇၈)နှစ်**

ဦးသုရိန်စောထွတ်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖခင် ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်သည် ၉-၁၂-၂၀၁၇ရက်(စနေနေ့)နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင် (B.A, B.L)
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**တရားရုံးချုပ်တရားသူကြီး(ငြိမ်း)**
**အသက်(၇၈)နှစ်**

တရားရုံးချုပ်တရားသူကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်သည် ၉-၁၂-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊**
**တရားသူကြီးများနှင့် တရားရေးအရာရှိများ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးကျော် အသက်(၈၅)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ တရားရုံးချုပ်ငွေစာရင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၁၃၁ (က)နေ (ဦးဘိုးချစ်-ဒေါ်ရွှေသင်)တို့၏သား၊ (ဦးငွေခိုင်-ဒေါ်မြကြည်)တို့၏ သားသမက်၊ ဒေါ်မေခင်၏ခင်ပွန်း၊ (ဦးအေးမောင်-ဒေါ်အေးဘုံ)၊ (ဦးကိုကြီး-ဒေါ်ကြည်)တို့၏မောင်၊ (ဦးခင်အောင်)-ဒေါ်ခင်ညွန့်၊ ဒေါ်ဝင်းစိန်(ပါမောက္ခ၊ ငြိမ်း)တို့၏အစ်ကို၊ ဦးဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ရီရီ(ရှေ့နေချုပ်ရုံး၊ ငြိမ်း)၊ ဦးဇော်မင်း(လသာမြို့နယ်တရားရုံး)၊ ဦးတင့်သိန်း-ဒေါ်ယဉ်ယဉ်စန်း၊ (ဦးရဲနိုင်ထွန်း)-ဒေါ်ညိုညိုစန်း၊ ဦးသိန်းထိုက်-ဒေါ်သီတာ(အနောက်ပိုင်းခရိုင် တရားရုံး)၊ (ဦးအေးထွန်းဦး)-ဒေါ်နီလာ၊ ဦးဝင်းနိုင်(Win Naing Electronic)-ဒေါ်ခင်မေဝင်း၊ ဦးသန်းထွေး(M.O.B)-ဒေါ်စန္ဒာစိုး(M.E.B)တို့၏ဖခင်၊မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၁-၁၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးကျော် အသက်(၈၅)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)၊ တရားရုံးချုပ်ငွေစာရင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၁၃၁ (က)နေ (ဦးဘိုးချစ်-ဒေါ်ရွှေသင်)တို့၏သား၊ (ဦးငွေခိုင်-ဒေါ်မြကြည်)တို့၏ သားသမက်၊ ဒေါ်မေခင်၏ခင်ပွန်း၊ ကိုချစ်မောင်မောင်(ကျောက်တံတားမြို့မ ရဲစခန်း)-မခိုင်ဇာဇာဝင်း(ကျောက်တံတားမြို့နယ်တရားရုံး)၊ ကိုမျိုးမြင့်ဦး-မခိုင် ဇင်ဇင်လတ်(Earth Trading Co., Ltd)၊ ကိုလွင်ဝေထွန်း(နိုင်ငံခြားရေးဝန်ကြီး ဌာန)-မထက်ထက်နိုင်(မြန်မာ့အာမခံ)၊မနှင်းအိဝင်း(Golden Arrow Electronic)၊ ကိုကောင်းမြတ်ဟန်(ထွေ/အုပ်)-မခိုင်ယဉ်ယဉ်သက်(M.E.B)၊ကိုမျိုးသက်နိုင်-မယဉ်ယဉ်လှိုင်၊ ကိုရဲလွင်ဝင်း၊ မခင်မေသက်နိုင်(တွဲဖက်မနတ၊ စမ်းချောင်းမြို့ နယ်တရားရုံး)၊ ကိုအောင်ပြည့်ထူး(B.E MP)၊ မမြသက်နှစ်၊ ကိုကျော်သက်နိုင် (BE Civil)၊မထက်ထက်ထွန်းဦး(3rd year IR)၊မချောစုသွယ်(2nd year Law)၊ မောင်ကျော်စည်ခန့်(1st year Eng)၊ မစုဆင့်ဇော်(1st year Law)၊ မစုမြတ်နိုးစံ တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၂-၂၀၁၇ရက်(တနင်္လာ နေ့) ညနေ ၄း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးတေဇထွန်း
**အသက်(၅၃)နှစ်**

A1 Garment Co.,Ltd. Director,A1 Capital Co., Ltd. Director, Terabit Wave Co., Ltd. Director, Yadanarbon Fibre Co.,Ltd. Director,. Com & Com Co., Ltd.Director, YOFC-Yadanarbon Fiber Co.,Ltd. Director GNI Myanmar Co., Ltd. Director ဖြစ်သူ ဦးတေဇထွန်း အသက်(၅၃)နှစ်သည် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A1 Group of Company**
**နေပြည်တော်**

---

## ဦးမောင်စ (ထားဝယ်မြို့)
**(ရွှေကျွန်းမဏ္ဍိုင်)**
**ဆန်ရောင်းဝယ်ရေး**
**အသက်(၈၅)နှစ်**

ထားဝယ်မြို့၊ ကရပ်ပြင်(မြောက်ရပ်)၊ အာဇာနည်လမ်း၊ အမှတ် ၈၅၆နေ ဒေါ်တင်စိန်(ရွှေကျွန်းမဏ္ဍိုင်)ဆန်ရောင်းဝယ်ရေး၏ခင်ပွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးအောင်မြင့်-ဒေါ်စုစုလွင်၊ ဦးကျော်ကျော်-ဒေါ်ချိုချိုလွင်၊ ဦးမင်းလွင်ဦး-ဒေါ်ချိုချိုစန်း၊ ဒေါ်အေးအေးလွင်၊ ဒုဗိုလ်မှူးကြီးနန္ဒလင်း(ငြိမ်း) - ဒေါ်သီတာလွင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍၁၄-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြစိန် (ထားဝယ်)
**ကုန်သွယ်/လယ်ယာ**
**ဘဏ္ဍာရေးဌာန(ငြိမ်း)**
**အသက်(၇၅)နှစ်**

ထားဝယ်မြို့နေ (ဦးထွန်းအေး-ဒေါ်အေးသင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကိုကို)-ဒေါ်အေးပိုတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေတွင်းလမ်း၊ အမှတ် ၂၇နေ ဦးဘွန်စိန် (ကုန်သွယ်/လယ်ယာ၊ ဘဏ္ဍာရေးဌာန၊ငြိမ်း)၏ဇနီး၊ ဒေါ်သီဂီဦး (မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဝင်းနိုင်ဦး (Alpine ရေသန့်)-ဒေါ်အိအိခင် (Alpine ရေသန့်)၊ ဦးအောင်အောင်ဟိန်း - ဒေါ်စန္ဒာမိုးတို့၏မိခင်၊ မဆုစန္ဒာတင်၊ မောင်လျှမ်းထက်ကျော်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းလှ
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၃လမ်း၊ အမှတ် ၁၁နေ(ဦးအောင်ကြည်-ဒေါ်သန်းမေ)တို့၏သမီး၊ ဦးစစ်စံ၏ဇနီး၊ ဦးအောင်လင်းလင်းလတ်-ဒေါ်နေခြည်ဝင်းလဲ့ရည်၊ ဗိုလ်မှူးစိုးသူထွန်း-ဒေါ်တင်မြမြမိုးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ တံတိုင်း ဒါယိကာမကြီး**
## ဒေါ်နု
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက် ၄၊ အခန်း ၂၄နေ (ဦးကြွယ)၏ဇနီး၊ (ဒေါ်တင်တင်ဦး)၊ ဒေါ်သန်းငွေ၊ (ဦးဇော်ဝင်း)-ဒေါ်ခင် သန်းအေး၊ ဦးဖိုးထောင်-ဒေါ်စန်းစန်းရီ၊ (ဦးကျော်ဝင်း)၊ ဒေါ်လှိုင်လှိုင်တင်၊ ဒေါ်ခင်ထွေးရီတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏အဘွား သည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်နီနီ
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ဇောတိကလမ်း၊အမှတ် ၇၆၂နေ (ဦးဖူးညို-ဒေါ်ငွေရီ)တို့၏သမီး၊ (ဦးဘသက်-ဒေါ်ကီကီ)တို့၏ချွေးမ၊ (ဗိုလ်ကြီးလှဘော်)၏ဇနီး၊ (ဒေါ်ခင်ခင်သန်း)၊ ဒေါ်ခင်ခင်နု(ခ) Margarete Hla Baw (ILO) (ငြိမ်း)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)-ဒုဗိုလ်မှူးကြီးဒေါ်ခင်စန်းစန်း (ငြိမ်း)၊ ဦးမောင်မောင်စိုး(သစ်တောဦးစီး၊ ငြိမ်း)-ဒေါ်ငွေငွေရီ(အမက-၂၈၊ တာမွေ)၊ ဒေါ်သန်းသန်းဝင်း(အလက-၄၊ သင်္ဃန်းကျွန်း)၊ ဒေါ်သော်တာလှဘော်၊ ဗိုလ်မှူးကြီးခင်ဇော်-ဒေါ်လဲ့လဲ့တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၃ယောက် တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင့်တင့်
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ (ဦးဘသောင်း-ဒေါ်စုစု)တို့၏သမီး၊ (ဒေါ်မြမြ)၏ညီမ၊ (ဒေါ်ဆင့်ဆင့်)၊ (ဗိုလ်ကြီးတင်အောင်ကျော်)၊ (ဒေါ်သန်းသန်းမြင့်)၊ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)တို့၏အစ်မ၊ ဦးကျော်ဇင်ဝင်း-ဒေါ်နွယ်နွယ်စိုး၊ ဦးဇော်မြင့်ဝင်း-ဒေါက်တာအေးစန္ဒာဝင်း၊ ဦးဇော်မင်း-ဒေါ်ရင်မေဝင်းတို့၏ ကြီးတော်၊မမေနွယ်ဝင်း၊မောင်အောင်မြတ်ဝင်း၊မောင်ဝေယံရဲဝင်း၊မပြုံးသန်းဝင်း၊ မောင်ဟိန်းဇော်မင်း၊ မောင်အောင်ဇော်မင်းတို့၏အဘွားသည် ၁၁-၁၂-၂၀၁၇ ရက် နံနက် ၆း၄၅ နာရီတွင် ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉ A/၁၇) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးကြင်စိန်(ငြိမ်း)
**တပ်မတော်(လေ)**
**လေ ၁၃၈၅**
**ဒုညွှန်မှူး(ငြိမ်း)၊ မြန်မာ့ကျောက်မျက်လုပ်ငန်း**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၇လမ်း၊ အမှတ်(၇၄/ A-1)နေ [ဒေါ်ညွန့်ဝင်းမြင့်(ထ/၂၊ လှိုင်-ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြင်စိန်(ငြိမ်း)သည် ၁၀-၁၂-၂၀၁၇ရက် နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးသန်းထွန်း
**(သံဖြူဇရပ်မြို့၊ ကျုံကဒတ်ကျေးရွာ)**
**အသက်(၇၃)နှစ်**

မချောစုမြ (နိုင်ငံခြားရေးဝန်ကြီးဌာန) - ကိုအောင်သူရထွန်းတို့၏ဖခင် ဦးသန်းထွန်းသည် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီ တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Batch 90 (1998) မှ သူငယ်ချင်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဘုန်းမြင့်နိုင် အသက်(၇၂)နှစ်
**ဦးစီးအရာရှိ၊ ကညန(ငြိမ်း)**

ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၈၆×၈၇လမ်းကြား၊ ဒီဘိုးလမ်းနေ ဒေါ်တင်တင်လှ၏ချစ်လှစွာသောခင်ပွန်း ဦးဘုန်းမြင့်နိုင်(ဦးစီးအရာရှိ၊ ကညန-ငြိမ်း) အသက်(၇၂)နှစ်သည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အငြိမ်းစားဝန်ထမ်းများ လူမှုစောင့်ရှောက်ရေးအဖွဲ့**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဆွေဆွေလွင်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်ချစ်ညွန့်)တို့၏သမီး၊ (ဦးအုန်းသွင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက် အထက်လမ်း၊ အမှတ် ၃၆၅နေ ဦးမင်းကြည်(က·စ·လ၊ ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဦးကျော်သူရ(ဦးစီး၊ ဆည်မြောင်း)-ဒေါ်မိုးမိုးသန္တာ၊ ဦးမင်းရဲထွဋ်(ခေတ္တ-စင်ကာပူ)-ဒေါ်တင်အေးချမ်းမိုး၊ ဦးအောင်ကိုကို-ဒေါ်သီတာမင်းကြည်(ပန်းဘဲ တန်း၊ စည်ပင်)တို့၏ချစ်လှစွာသောမိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက် ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဝါသုဒေဝ မဟာထေရ်
**ရွှေကျင်နိကာယရတ္တညူမဟာနာယက**
**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါ**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ သပြေကုန်းရွာ၊ ဓမ္မိကာရာမ၊ သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက်၊ မဟာခေမိကာရာမပရိယတ္တိစာသင်တိုက်၊ သာကေတမြို့ နယ်၊ ရှုခင်းသာရပ်ကွက်၊ ရေတံခါးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ သပြေကန်သဒ္ဒါကြီး နိသျှသစ်ကျမ်းပြု (ဘဒ္ဒန္တဥက္ကံသ) ပထမသပြေကန်ဆရာတော်ကြီး၏ ပစ္ဆိမသာဝက၊ လဇ္ဇီပေသလ၊ ဝိနယဂရုက၊ သာသနဒီဃဒဿီ၊ သက်တော်ရှည်သပြေကုန်းဆရာတော် ဘဒ္ဒန္တ ဝါသုဒေဝ အရှင်မြတ်ကြီးသည် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁ရက်) ၁၈-၁၂-၂၀၁၇ရက်(တနင်္လာနေ့)တွင်ရန်ကုန်မြို့၊သန်လျင် မြို့နယ်၊ သပြေကုန်းရွာ၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်ပါမည်။ အကြိုညချမ်း ဓမ္မပူဇာအဖြစ်ဖြင့် (၁၃၇၉ခုနှစ် နတ်တော်လပြည့် ကျော် ၁၂ရက်) ၁၅-၁၂-၂၀၁၇ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အဝေရာ ရာမ ရန်ကင်းကျောင်းတိုက်၊ပဓာနနာယက၊ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ အင်္ဂုတ္တရ နိကာယပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက၊ ရွှေကျင် နိကာယ ဗဟိုဌာနအကျိုးတော်ဆောင်၊ ဘဒ္ဒန္တဩဒါတာသိရီဘိဝံသ(၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) ၁၆-၁၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ပဓာနနာယက၊အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တခေမာစာရ အရှင်မြတ်များက တရားတော်များဖြင့် ပူဇော်မည်ဖြစ် ပါ၍ ကြွရောက်ပူဇော်နိုင်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနပူဇော်ရေးကော်မတီ

---

## ဒေါ်မသိန်းစိန် (စစ်တွေ)
**အသက်(၈၉)နှစ်**

မြောက်ဦးမြို့နယ်၊ မြောင်းဘွေကျေးရွာနေ(ဦးချက်ဖား-ဒေါ်စောယဉ်)တို့၏ သမီး၊ (ဦးအောင်ကျော်စိန်) ဌာနခွဲစာရေးကြီး၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန(စစ်တွေ) ၏ဇနီး၊ ဒေါ်ခင်ခင်နွဲ့(အထပြ၊ အထက-၁၊ စစ်တွေ၊ ငြိမ်း)၊ ဦးစန်းဝင်း-ဒေါ် မြမြသန်း၊ ဒေါ်သဇင်နွယ်(လက်ထောက်ကြီးကြပ်၊ စစ်တွေမြို့နယ် ပညာရေးမှူး ရုံး)၊ ဦးချစ်ကိုကို (C/E, Woqod Marine) - ဒေါ်အေးအေးခိုင် (ကထိက၊ IMCEITS သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသန ဌာန)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘောင်ရှင်သည် ၁၁-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် တိုက် ၃၊ အခန်း ၃၀၅၊ ၁၅၄လမ်း၊ တာမွေကြီး(က+ခ) ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးအောင်တင်(မြိတ်) အသက်(၈၇)နှစ်
**အသင်းဝင်အမှတ်(၅၁၂)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဘာဂီအိမ်ရာ၊ စိန်စီလမ်း၊ အမှတ် ၅၀နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်းသည် ၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဗိုလ်ကြီးကျော်သောင်း (ငြိမ်း)
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**ကြည်း-၁၉၂၃၈**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်အမာရီ၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးကျော်စိုးမိုး-ဒေါ်မိုးကျော်သောင်း၊ ဦးစိုးကျော်သောင်းတို့၏ဖခင် သည် ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၂-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင် (ခန္တီး)
**အသက်(၆၃)နှစ်**

မန္တလေးမြို့၊ နဝရတ်ရိပ်သာ၊ ၆၈×၆၉လမ်းကြား၊ ၃၄လမ်း၊ အမှတ် GH.8 နေ ဦးစစ်ကျော်၏ဇနီး၊ ဗိုလ်မှူးအောင်မျိုးကျော်(ငြိမ်း)-ဒေါက်တာ ဒေါ်ခင်သီတာစိုး၊ ဒေါက်တာဒေါ်ခင်စန္ဒာစိုး၊ ဦးကျော်ကျော်စိုး(Singapore)-ဒေါ်အေးအိကို (Singapore)တို့၏ ချစ်လှစွာသောမိခင်၊ ဒီဃာဝုကျော်စိုး (Singapore)၏ဘွားဘွားသည် ၁၀-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၈း၅၀နာရီ တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)သစ်တောရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၈၃၉ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမင်းအောင်(ခ)တန်စိပန်
**(ပုသိမ်မြို့)**
**အသက်(၇၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ(ဦးရွှေတောင်-ဒေါ်လောင်မေ)တို့၏ သား၊ (ဦးပျော့-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့ နယ်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေး ဟောင်းရှေ့၊ အမှတ် 488 (4A) နေ ဒေါ်မြင့်ရီ၏ခင်ပွန်း၊ မခိုင်ဇာမင်းအောင်၊ မောင်ဇာနည်မင်းအောင် - မပွင့်ဖြူအေး တို့၏ဖခင်သည် ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဆွေဆွေလွင်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ [ဦးထွန်းလွင်(အငြိမ်းစား အစိုးရလွှတ်တော်ရှေ့နေ - ဒေါ်ချစ်ညွန့် (အထက-၂၊ ဒဂုံ၊ ငြိမ်း)]တို့၏သမီး၊ ဒေါ်သန်းသန်းညွန့်၊(ဒေါ်အေးအေးလွင်)၊ ဒေါ်ညွန့်ညွန့်သင်၊ ဒေါ်အေးအေးနွဲ့၊ ဦးဇော်လွင်၊ ဦးခင်မောင်ဦး၊ ဒေါ်သိန်း သိန်းလွင်၊ ဦးပေါ်ထွန်း၊ ဦးဇော်ဝင်း၊ ဦးဘမော်တို့၏ညီမ၊ ဒေါ်သန်းသန်းလွင်၊ (ဦးချိုကြီး)၊ ဒေါ်မာလာလွင်တို့၏အစ်မ သည် ၁၀-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၂-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။ (အမှတ် ၃၆၅၊ ဗိုလ် ဆွန်ပက်လမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



# မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ လက်ဆောင်ယူကျေးရွာနှင့် ပုဏ္ဏားခြံကျေးရွာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ဇန်နဝါရီလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရ၏ အရေးပေါ် ရန်ပုံငွေမှ ငွေကျပ်သန်း ၁၅၀၀၀ သုံးစွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

"ဒီရွာနှစ်ရွာမှာ ကမ်းပြိုတာက နှစ်စဉ်ဖြစ်နေတယ်၊ ပြီးခဲ့တဲ့ နိုဝင်ဘာလကလည်း လက်ဆောင်ယူကျေးရွာရဲ့ကမ်းခြေဘက်ကို ရေကြောင်းပြောင်းစီးဆင်းလာပြီး ရေဦးထိုးတိုက်စားလို့ ထပ်ပြီး ကမ်းပြိုတာတွေဖြစ်ခဲ့တယ်၊ ဒါကြောင့် အရေးပေါ်ကာကွယ်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ ဆောင်ရွက်သွားမယ် " ဟု ၎င်းက ပြောသည်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တိုက်ရိုက်ကာကွယ်ရေးနှင့် သွယ်ဝိုက်ကာကွယ်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူထားပြီး ကာကွယ်ရေးဆောင်ရွက်မည့် အင်ဂျင်နီယာဒီဇိုင်းများ ရေးဆွဲတွက်ချက်လျက်ရှိကြောင်း ၎င်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်သန်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဦးဆောင်ဂိုးများ မထိန်းနိုင်၍ မြန်မာအသင်း ဥဇဘက်ကစ္စတန်နှင့်သရေကျ

**ဗန်ကောက် ဒီဇင်ဘာ ၁၁**

၂၀၁၇ M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဘူရီရမ်ခရိုင်ရှိ i-Mobile ကွင်း၌ ကျင်းပရာ မြန်မာယူ-၂၃ အသင်းနှင့် ဥဇဘက်ကစ္စတန်ယူ-၂၃ အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာယူ-၂၃ အသင်းအနေဖြင့် အနိုင်ရသင့်သည့် ပွဲဖြစ်သော်လည်း နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ပွဲပြီးခါနီးမိနစ်ပိုင်းအလိုတွင် နှစ်ဂိုးပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃အသင်းသည် ပထမပွဲတွင် ဗီယက်နမ်ကို ဂိုးပြတ်ရှုံးထား၍ ယခုပွဲတွင် ကြိုးစားကစားခဲ့သလို ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုးများ မထိန်းနိုင်၍ နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။ နှစ်ပွဲကစား တစ်မှတ်သာရသည့် မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးအနည်းငယ်သာရှိတော့သည်။

မြန်မာအသင်းသည် ပွဲဦးထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး တိုက်စစ်တွင် သန်းပိုင်ကို ပြန်လည်အသုံးပြုကာ မောင်မောင်လွင်နှင့် တွဲပေးခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲထက်ပိုကောင်းသည့် ခြေစွမ်းပြသနိုင်ခဲ့ပြီး ဥဇဘက်ကစ္စတန်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၁၄ မိနစ်တွင် တိုက်စစ်မှူး သန်းပိုင် အပိုင်ကန်ခွင့်ရခဲ့သော်လည်း ဂိုးသမားတည့်တည့်ကန်မိ၍ နစ်နာခဲ့ရသည်။ ၁၇ မိနစ်တွင် မြန်မာအသင်းအဖွင့်ဂိုးရခဲ့ပြီး ကွင်းလယ်လူ လွင်မိုးအောင် ဖန်တီးပေးသော ဘောလုံးကို အသင်းခေါင်းဆောင် စည်သူအောင်က

*စာမျက်နှာ ၁၃ ကော်လံ ၄* ❍

# MNL ကလပ် မကွေးအသင်းနှင့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ယနေ့ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်ရောက်ရှိနေသည့် ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် ခြေစမ်းပွဲ ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် MNL ကလပ် မကွေးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် မြန်မာနိုင်ငံတွင် ခြေစမ်းပွဲ သုံးပွဲလာရောက်ကစားခြင်းဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် MNL ကလပ် ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် လိဂ်ပြိုင်ပွဲများတွင် စတုတ္ထအဆင့်ရှိ လိဂ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အပျော်တမ်းအသင်းများ ယှဉ်ပြိုင်နေသည့် လိဂ်ပြိုင်ပွဲလည်းဖြစ်သည်။ ယနေ့လာရောက် ယှဉ်ပြိုင်ရာတွင် ကစားသမား ၂၀ လိုက်ပါလာပြီး ကလပ်အသင်းများမှ ခြေစွမ်းပြ

*စာမျက်နှာ ၁၃ ကော်လံ ၆* ❄



ဒီဇင်ဘာ ၉ ရက်က ဇွဲကပင်နှင့် ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်း ခြေစမ်းပွဲကစားစဉ်။ ဓာတ်ပုံ-စိုးညွှန့်




